ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့။ Sunday, 23 April 2017 (၈၉၀၃)

# ဈေးငွေရရှိနိုင်မှုအခွင့်အလမ်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးအပြင် ဘဏ်စရိတ်များ၊ အခွန်အခများ၊ လုပ်ထုံးလုပ်နည်းတင်းကျပ်မှုများ ဖြေလျှော့ပေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၂၂**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို နိုင်ငံတကာအဖွဲ့အစည်းများက ပိုမိုသိရှိပူးပေါင်းကူညီလာကြရန်နှင့် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များကို ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်၏ မဏ္ဍိုင် (၅)ရပ်ပါ လုပ်ငန်းစီမံချက်များအကြောင်း ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ၂၀၁၇ ခုနှစ် ဧပြီ ၅ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပုဂ္ဂလိကပိုင်းမှပါဝင်ရမည့် အပိုင်းကဏ္ဍနှင့် အလျှုရှင်များ ပါဝင်ကူညီနိုင်မည့် နယ်ပယ်များကိုလည်း ညှိနှိုင်းဖော်ထုတ်ခဲ့ကြကြောင်း။

## ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့်လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိရာ ယခုဆိုလျှင် ပဉ္စမအကြိမ်အထိ ဆောင်ရွက်ခဲ့။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့်လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကြားနာဖြေရှင်းပေးလျက်ရှိရာ ယခုဆိုလျှင် ပဉ္စမအကြိမ်အထိ ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက အကြံပြုတင်ပြချက် ၈၃ ချက် တင်ပြခဲ့ကြကြောင်း၊ ယင်းတင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန ၁၇ ခု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမ်စတာဒမ်မြို့ရှိ ရေအရင်းအမြစ် စီမံခန့်ခွဲမှုစင်တာသို့ သွားရောက် ကြည့်ရှုလေ့လာ

စာမျက်နှာ » ၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျာမနီနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာ

စာမျက်နှာ » ၈

လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မယ်စဲ့မြို့ ထွေ/အုပ် ဝန်ထမ်းအိမ်ရာ အမိုးလန်ပျက်စီး

စာမျက်နှာ » ၁၂

ပထမအမျိုးသားအာမခံ
FNI
FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE
www.fnipublic.com
သောကကင်းဝေးစိတ်အေးစေနိုင် FNI
မော်တော်ယာဉ် အာမခံ
မီး အာမခံ
မြေငလျင် အာမခံ
လေမုန်တိုင်း အာမခံ
ရေကြီးရေလျှံ အာမခံ
ဖောက်ထွင်းခိုးယူမှု အာမခံ
ခရီးသွား အာမခံ
ကျန်းမာရေး အာမခံ
ကုန်စည်သယ်ယူပို့ဆောင်မှု အာမခံ
နှင့်
အခြားအာမခံများ
လျော်ကြေးနှင့် Survey ဝန်ဆောင်မှုများကို (၂၄)နာရီဝန်ဆောင်မှုပေးနေပါသည်။
ရန်ကုန်(ရုံးချုပ်) 01-8610661~5
ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163~4
မန္တလေး 02-2844525, 09-423687900
မော်လမြိုင် 057-26538, 09-442258990~1
မုံရွာ 071-26281, 09-442258992~3
ပြည် 053-24220, 09-442258994~5

ကြေးမုံ

# သစ်တောသစ်ပင် ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံတွင် ရှေးအတိတ်ကာလက သဘာဝပေါက်ပင်များ ထူထဲစွာ ပေါက်ရောက်ပေလိမ့်မည်။ ရှေးရှေးကာလများကလည်း လူဦးရေနည်းပါး သေးသောကြောင့် သစ်တောသစ်ပင်များမှာ ထူထပ်ဆဲဖြစ်ပြီး မိုးများ သောဒေသများတွင် နေပြောက်မထိုးသည့် သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်လျက်ရှိရာ ရာသီဥတု သမမျှတကာ နေထိုင်ချင်စရာကောင်းသည့် နိုင်ငံဖြစ်ခဲ့သည်။

တစ်စတစ်စလူဦးရေထူထပ်များပြားလာပြီး လူတို့ သစ်တောသစ်ပင်တို့ကို မဆင်မခြင်ခုတ်ထွင်လာမှုကြောင့် သစ်တောသစ်ပင်များလျော့နည်းလာကာ ရာသီဥတုဖောက်ပြန်သည့် အကျိုးဆက်ကို လူအများဆိုးရွားစွာ ခံစားလာကြရသည်။ မျက်မှောက်ကာလ ရေကြီးရေလျှံ၊ မိုးများ၊ မိုးခေါင်ခြင်းတို့မှာ သစ်တောပြုန်းတီးလာခြင်း၏ အကျိုးဆက်များပင်ဖြစ်သည်။

၁၉၁၈ ခုနှစ်က တိုင်းတာခဲ့သောစာရင်းအရ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ၆၈ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိ၍ သစ်တောဧရိယာ ၂၀ ရာခိုင်နှုန်း လျော့ကျသွားသည်။ နှစ်ပေါင်း ၈၀ ကာလအတွင်း ၂၀ ရာခိုင်နှုန်းလျော့ကျခြင်း အကျိုးရလဒ်သည် နိုင်ငံအတွက် ထိခိုက်မှုများစွာ ဖြစ်ပေသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့အစည်း၏ ငါးနှစ်တစ်ကြိမ် လေ့လာဆန်းစစ်မှုများအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ ၂၀၀၀ ပြည့်နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းနှင့် ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိသည်ကို ကြည့်မည်ဆိုလျှင် သစ်တောများ တစ်စတစ်စ လုံးပါးပါးသွားသည်ကို တွေ့ရသည်။

တန်ဖိုးကြီးမားသော သစ်တောသစ်ပင်များကို အဘယ်ကြောင့် အဆင်ခြင်ကင်းမဲ့စွာဖြင့် ခုတ်ထွင်ခဲ့ပါသနည်း။ အဖြေမှာ မိမိတို့၏ အကျိုးစီးပွား တစ်ခုတည်းအတွက်သာဖြစ်သည်။ သစ်တောများကို ခုတ်ထွင်ခဲ့ကြသူများနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့်သူများတွင် တာဝန်ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ လူတစ်စု၏ အကျိုးကိုသာ ကြည့်သောကြောင့် လူအများစုမှာ ဆိုးကျိုးများကိုခံစားကြရသည်။

ယနေ့သစ်တောများအား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြန်လည်ပြုစုပျိုးထောင်ကြရန် ကြိုးပမ်းနေကြသည်။ သစ်တောပြုန်းတီးခြင်း၏ ဆိုးကျိုးများကို သိရှိကြသော်လည်း တရားမဝင်ခုတ်လှဲမှုများမှာ နေ့စဉ်ရှိနေဆဲဖြစ်သည်။ နိုင်ငံတစ်ဝန်း ကျယ်ပြန့်သောမြေအနေအထားများကြောင့် ရှာဖွေဖမ်းဆီးမှုတွင် အခက်အခဲများရှိတန်ကောင်းသည်။ သို့သော် အများပြည်သူအကျိုးအတွက် မျက်ခြည်မပြတ် တားဆီးကြရမည်ဖြစ်သည်။

အဖွဲ့အစည်းများအားနှင့် ထိန်းသိမ်းကာကွယ်ရန် လုံလောက်မှု မရှိနိုင်ချေ။ နယ်မြေဒေသတိုင်းတွင် ပြည်သူများရှိသဖြင့် ပြည်သူ့အားကို ရယူကြရမည်။ ပြည်သူတို့အား သစ်တောသစ်ပင်များနှင့်ပတ်သက်၍ အသိပညာပေးစည်းရုံးကြရမည်။ ပြည်သူများ၏ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးမှုများဖြင့် သစ်တောပြုန်းတီးမှု လျော့နည်းကျဆင်းရေး၊ သစ်တောသစ်ပင်များအား ပြန်လည်ပြုစုပျိုးထောင်ရေးတို့ကို နိုးကြားသောအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် သစ်တောစိုက်ခင်းများ ပြန်လည်ပျိုးထောင်စိုက်ပျိုးခြင်းကို လွန်ခဲ့သည့် ဆယ်နှစ်ခန့်ကာလကတည်းက ဆောင်ရွက်ခဲ့ကြသော်လည်း အကန့်အသတ်များရှိနေဆဲဖြစ်၍ အောင်မြင်ဖြစ်ထွန်းမှုနည်းပါးနေသေးသည်။ နိုင်ငံတော်အင်အားဖြင့် ဆောင်ရွက်နိုင်ရန် ခက်ခဲသဖြင့် ပုဂ္ဂလိကသစ်တောပျိုးထောင်စိုက်ပျိုးခြင်းတို့ကို အားယူရမည်ဖြစ်သည်။

သစ်တောသည် ရွှေကဲ့သို့ အဖိုးတန်သည်။ မြန်မာနိုင်ငံအနေဖြင့် သစ်ကြောင့်ပင် စစ်ဖြစ်ခဲ့ကာ တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရသည်။ သစ်တောပြုန်းတီးသောကြောင့် ရာသီဥတုဖောက်ပြန်ခြင်းဒဏ်ကို ခံစားနေကြရသည်။ ယခုသစ်တောများကို စနစ်တကျထိန်းသိမ်းကာကွယ်မည်။ စနစ်တကျစိုက်ပျိုးမည်ဆိုလျှင် နောင်နှစ်ပေါင်း ၂၀၊ ၃၀ ကြာလျှင် သစ်တောဧရိယာများ တစ်စတစ်စ ပြန်လည်တိုးတက်လာပြီး ဥတုရာသီကို ပြန်လည်ထိန်းညှိနိုင်မည် ဖြစ်သည်။ ။

# ကမ္ဘာ့စာအုပ်များနေ့ အထိမ်းအမှတ်အစီအစဉ်များ ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် ကျင်းပမည်

**ရန်ကုန် မေ ၂၂**

"ကမ္ဘာ့စာအုပ်များနေ့" အထိမ်းအမှတ် အစီအစဉ်များကို ဗြိတိသျှကောင်စီ စာကြည့်တိုက်၌ မေ ၂၅ ရက်(အင်္ဂါနေ့)တွင် ကျင်းပမည်ဖြစ်၍ တက်ရောက်လိုသူများ မေ ၂၄ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်သည်။

အဆိုပါအစီအစဉ်များတွင် ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြခြင်းနှင့် စာပေဟောပြောပွဲတို့ ပါဝင်မည်ဖြစ်ပြီး စာပေကို နှစ်သက်မြတ်နိုးသူများအားလုံး (အသင်းဝင်မဟုတ်သူများအပါအဝင် မည်သူမဆို)အတူတကွ ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ထားသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီမှ စတင်ကာ အသက် ငါးနှစ်မှ (၁၀)နှစ်အထိ ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်ရန်ပုံများကို စာကြည့်တိုက်မှ ပြင်ဆင်ထားပေးမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကလေးများအနေဖြင့် မိမိနှစ်သက်ရာ ရောင်စုံခဲတံများလည်း ယူဆောင်လာနိုင်ပြီး ပြိုင်ပွဲဝင်ကလေးများကို အသက်အလိုက် အဖွဲ့သုံးဖွဲ့ခွဲ၍ ယှဉ်ပြိုင်စေမည်ဖြစ်၍ တစ်ဖွဲ့ချင်းစီမှ အကောင်းဆုံး ဆေးခြယ်နိုင်သူငါးဦးကို ရွေးချယ်၍ ဆုများချီးမြှင့်သွားမည်။ အကောင်းဆုံးလက်ရာများကို ဗြိတိသျှကောင်စီ ကလေးစာကြည့်တိုက်တွင် ပြသထားမည်။

မွန်းလွဲ ၂ နာရီတွင် အသက် ငါးနှစ်မှ (၁၀)နှစ်အရွယ် ကလေးများအတွက် ပုံပြင်ဖတ်ပြမည့် အစီအစဉ်တွင် ဗြိတိသျှကောင်စီမှ ပုံပြောကောင်းသည့်ဆရာမ Eliza က စိတ်ဝင်စားဖွယ်ရာပုံပြင်များကို ဖတ်ပြသွားမည်။ ထို့နောက် ကလေးများကို လက်ဆောင်များပေးမည်ဖြစ်ကြောင်း သိရသည်။

ညနေ ၅ နာရီတွင် အသင်းဝင်များနှင့် စာပေကို ချစ်မြတ်နိုးသူများ အားလုံးအတွက် စာပေဟောပြောပွဲ ကျင်းပမည်ဖြစ်ရာ ဆရာမ "မသီတာ(စမ်းချောင်း)"က "လွတ်လပ်ဖို့ စာဖတ်ကြစို့"ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသွားမည်။ ဟောပြောပွဲအပြီးတွင် ဆရာမနှင့် သိလိုသည်များကို ဆွေးနွေးနိုင်မည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် မေ ၂၄ ရက် နောက်ဆုံးထား၍ ဖုန်း-၂၅၄၆၅၈၊ ၂၅၆၂၉၀ လိုင်းခွဲအမှတ် ၃၃၁၆ နှင့် အီးမေးလ် library.enquiries@mm.britishcouncil.org သို့ စာရင်းပေးနိုင်ကြောင်း သိရသည်။

**(ဖိုးသန့်)**

# ချင်းပြည်နယ်လွှတ်တော်ရုံး ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေး တင်ဒါစိစစ်ရွေးချယ်

**ဟားခါး မေ ၂၂**

ချင်းပြည်နယ်လွှတ်တော်ရုံး၊ ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေး တင်ဒါစိစစ်ရွေးချယ်ခြင်း အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်တွင်းကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တာဝန်ခံများတက်ရောက်ကြပြီး တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါဆောက်လုပ်ရေးတင်ဒါ စိစစ်ရွေးချယ်ခြင်းကို မေ ၂၁ ရက်မှ ၂၂ ရက်အထိ ချင်းပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်၌ ခရိုင်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း ဖွင့်လှစ်

**လယ်ဝေး မေ ၂၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့ အထက(၁)ရွှေရတုခန်းမ၌ မေ ၂၀ ရက် နံနက် ၉ နာရီက ခရိုင်အခြေပြု မူလတန်းဆရာအတတ်ပညာ သင်တန်းဖွင့်ပွဲကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးတင်ထွန်းနှင့် ဦးအေးမောင်စိန် (လယ်ဝေးမြို့နယ်တာဝန်ခံ)တို့ တက်ရောက် အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၀ ရက်မှ မေ ၂၀ ရက်ထိ တစ်လကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြ ၁၉ ဦးက ဘာသာရပ် ၁၃ မျိုးကို သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းသို့ လယ်ဝေးမြို့၊ ပျဉ်းမနားမြို့နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ ဆရာ ဆရာမ ၁၅၀ တက်ရောက်လျက်ရှိသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ ဒက္ခိဏခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(လယ်ဝေး)**




# ကျောက်တော်မြို့နယ်တွင် လျှပ်စစ်မီးပိုမိုရရှိစေရန် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိ

**ကျောက်တော် မေ ၂၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာနှင့် ရွာမပြင်ကျေးရွာများသို့ ၂၄ နာရီ လျှပ်စစ်မီးရရှိစေရန် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က လျာထားခွင့်ပြုထားပြီးဖြစ်ကြောင်း ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်းထံမှ မေ ၂၁ ရက်က သိရသည်။

ထို့အပြင် မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်းနှင့် လျှပ်စစ်ဝန်ထမ်းများကလည်း ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ကျေးရွာနေပြည်သူများ လျှပ်စစ်မီးအမြန်ရရှိနိုင်ရန် အိမ်သုံးလျှပ်စစ်မီတာအိုးများကို နေ့ချင်းပြီး သွားရောက်တပ်ဆင်ပေးလျက်ရှိနေပြီး လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်ရေးအတွက် လူထုပညာပေး ဟောပြောပွဲပြုလုပ်ပေးခြင်း၊ လျှပ်စစ်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**(၅၂၂)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# ပြည်သူနှင့်အတူ

❖ **ရှေ့ဖုံးမှ**

လုပ်ငန်းကော်မတီများမှ ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

လုပ်ငန်းရှင်များ၏ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ထိထိရောက်ရောက်နှင့် အမြန်ဆုံးပြန်ကြားပေးရန် ပြောကြားလိုကြောင်း၊ ယခုလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက တက်တက်ကြွကြွပီပီပြင်ပြင် ဝိုင်းဝန်းဆက်လက်အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။

ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီအနေဖြင့် စီးပွားရေးနှင့် သက်ဆိုင်သည့် ဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်နိုင်ရေးနှင့် လိုအပ်သည့်စီးပွားရေးဆိုင်ရာဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရေးတို့အတွက် ဥပဒေဆိုင်ရာအကြံပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပို့ကုန်သွင်းကုန်များအား ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချပြုလုပ်ရာ၌ လုပ်ငန်းကြန့်ကြာမှုများဖြစ်ပေါ်နေကြောင်း တင်ပြလာသည့်အတွက် လုပ်ငန်းကော်မတီအနေဖြင့် ကွင်းဆင်းပြီး လတ်တလောဖြေရှင်းပေးရမည့် အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆိပ်ကမ်းများတွင် ကုန်သေတ္တာယာဉ်များ ယခင်နှစ် သင်္ကြန်ကာလကဲ့သို့ ကြပ်တည်းမှုမရှိစေရေးကို ကြိုတင်ဆောင်ရွက်ထားနိုင်ရန် တာဝန်ရှိသူများက မြန်မာ့စက်မှုဆိပ်ကမ်းတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ တွေ့ဆုံ၍ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း။

အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေဖြင့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ချိတ်ဆက်ဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအနေဖြင့် အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်တက်ရခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စများ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေရရှိနိုင်မှုအခွင့်အလမ်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးအပြင် ဘဏ်စရိတ်များ၊ အခွန်အခများ၊ လုပ်ထုံးလုပ်နည်းတင်းကျပ်မှုများ ဖြေလျှော့ပေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာအောင် တစ်ဖက်ကလိုအပ်သည့် ဥပဒေမူဘောင်နှင့် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ ပြဋ္ဌာန်းဆောင်ရွက်ပေးသကဲ့သို့ အကောင်အထည်ဖော်မည့် အင်စတီကျူးရှင်းအပိုင်းများကိုလည်း တစ်ပြိုင်နက်စုဖွဲ့ဆောင်ရွက်လျက်ရှိကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအလိုက် စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ လိုအပ်သကဲ့သို့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် တိုးတက်ကောင်းမွန်နိုင်ရေးအတွက်လည်း ဝန်ကြီးဌာနများမှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်ချက်ရှိနေသည့် အခြေအနေများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူးများက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဖြေလျှော့ဆောင်ရွက်ပေးရန် ပုဂ္ဂလိကအဖွဲ့အစည်းများ၏တင်ပြချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားရမည့် လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက မိမိတို့သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအပေါ် အောင်မြင်အောင် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယခုအစည်းအဝေးသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးဖြစ်ပြီး အစည်းအဝေးသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဟားခါးမြို့နှင့် ဖလမ်းမြို့တို့မှ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိရုံးများအား ကြည့်ရှုစစ်ဆေး

**ဖလမ်း မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အတူ မေ ၂၁ ရက် နံနက်ပိုင်းက ဟားခါးမြို့ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် မြေနေရာနှင့် မြို့တော်ခန်းမနေရာတို့အား ကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်တို့သည် နံနက် ၈ နာရီတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်လျာထားသည့် မြေနေရာကို ကြည့်ရှုပြီး ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ၌ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထုတ်လွှင့်မှုနှင့် ရေဒီယိုထုတ်လွှင့်မှုဆိုင်ရာများ၊ စာကြည့်တိုက်များဖွံ့ဖြိုးရေး၊ သတင်းစာဖြန့်ချိရေး ကိစ္စရပ်များနှင့် ချင်းပြည်နယ်အတွင်း သတင်းလွှာထုတ်ဝေနိုင်ရေးကိစ္စရပ်များ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ချင်းပြည်နယ် ဝန်ကြီးချုပ်တို့သည် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကာ ခင်းကျင်းပြသထားသော ပြခန်းငယ်၊ စာအုပ်စာပေစုဆောင်းမှုအခြေအနေ၊ ကလေးစာဖတ်ခန်းများအားကြည့်ရှုပြီး **(အပေါ်ပုံ)** ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ သားသမီးများအတွက် စာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်မင်းထန်နှင့်အတူ ဟားခါး-ဖလမ်း လမ်းပေါ်ရှိ လုံပီး/လုံရန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ဦးဥတ္တမသာရ စာကြည့်တိုက်သို့ ရောက်ရှိရာ စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်ဖွင့်လှစ်မှု အခြေအနေအားတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်သည်။

ယင်းနောက် ညနေပိုင်းတွင် ဖလမ်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ထုတ်လွှင့်မှုအခြေအနေ၊ စက်ပိုင်းဆိုင်ရာများနှင့် ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း၊ ဖာရ်ထောက်ရပ်ကွက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးသို့ သွားရောက်၍ ခရိုင်ရုံးအတွင်းရှိ ပြခန်းငယ်နှင့် ရုံးတွင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား မှာကြားကာ ဝန်ထမ်းမိသားစု သားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးညှိနှိုင်း

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် အကြိုညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၁ ရက်က သီပေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တရားဝင်နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများတက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ တက်ရောက်လာသူများက ပြည်နယ်များ၏ အခွင့်အရေး၊ ဒီမိုကရေစီစနစ်ဆိုင်ရာကိစ္စရပ်နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာစုပေါင်းအခွင့်အရေးကိစ္စရပ်များဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလူမျိုးများ ဓလေ့ထုံးတမ်းဥပဒေများ၊ တိုင်းရင်းသားလူမျိုးများ၏ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝသယံဇာတစီမံခန့်ခွဲခြင်း၊ ခွဲဝေခြင်းဆိုင်ရာ မူဝါဒ ဖက်ဒရယ်စနစ်ကိုအခြေခံသော မြေယာမူဝါဒစသည့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏

# အာဖဂန်နစ္စတန်တပ်မတော်၏ တပ်မ ၂၀၉ ကို တာလီဘန်စစ်သွေးကြွများ စီးနင်း၊ အာဖဂန်တပ်ဖွဲ့ဝင် ၁၄၀ ခန့်သေဆုံး




**ကဘူး မေ ၂၂**
အာဖဂန်နစ္စတန် တပ်မတော်ယူနီဖောင်းများဝတ်ဆင်ထားသည့် တာလီဘန်စစ်သွေးကြွများက အာဖဂန်နစ္စတန်စစ်အခြေစိုက်စခန်းတစ်ခုသို့ ဝင်ရောက်စီးနင်းကာ သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။

ထိုအကြမ်းဖက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ၁၄၀ ခန့် သေဆုံးခဲ့သည်။

အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက သေဆုံးသူ အာဖဂန်တပ်ဖွဲ့ဝင် ၁၀၀ ကျော်ရှိပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါအခြေစိုက်စခန်းရှိရာ မြို့ဖြစ်သည့် မာဇာအီရှာရစ်ဖ်မှ တာဝန်ရှိသူတစ်ဦးက ယင်းဖြစ်ရပ်ကြောင့် အနည်းဆုံးတပ်ဖွဲ့ဝင် ၁၄၀ ကျော်သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားခဲ့သည်။ အခြားတာဝန်ရှိသူများက သေဆုံးမှုနှုန်း ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်း ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆယ်စုနှစ်တစ်စုကျော်ကြာ တပ်စွဲထားသည့် တာလီဘန်စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းရန် အာဖဂန်အစိုးရနှင့် မဟာမိတ်အဖွဲ့များ၏ စစ်ဆင်ရေးဆင်နွှဲမှုများအပေါ် ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ယခုအကြမ်းဖက်မှုကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

အမေရိကန်တာဝန်ရှိသူတစ်ဦးက ယင်းဖြစ်ရပ်ကြောင့် သေဆုံးသူ အာဖဂန်တပ်ဖွဲ့ဝင် ၅၀ ကျော်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိကြောင်း ဆိုသည်။ အာဖဂန်တပ်ဖွဲ့ယူနီဖောင်းဝတ်ဆင်ထားသည့် တာလီဘန်စစ်သွေးကြွ ၁၀ ဦးခန့်က စစ်ကားများမောင်းနှင်ကာ အာဖဂန်စစ်အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့ပြီး သေနတ်များဖြင့် စစ်အခြေစိုက်စခန်းသို့ ဦးတည်ရာမဲ့ ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ထိုအချိန်တွင် အာဖဂန်တပ်ဖွဲ့ဝင်များ နေ့လယ်စာစားနေသဖြင့် အများစုမှာ လက်နက်မဲ့အနေအထားတွင် ရှိနေခဲ့သည်။

တာလီဘန်စစ်သွေးကြွများက လက်ပစ်ဗုံးများနှင့် ရိုင်ဖယ်သေနတ်များ အပါအဝင် ပေါက်ကွဲစေသည့်ပစ္စည်းများတပ်ဆင်ထားသည့် အင်္ကျီများအသုံးပြုကာ အကြမ်းဖက်လုပ်ရပ်ကို ဆင်နွှဲခဲ့ကြောင်း သိရသည်။ ထိုသို့ အကြမ်းဖက်မှုဖြစ်ပွားနေစဉ် တာလီဘန်စစ်သွေးကြွများနှင့် အာဖဂန်စစ်သားများအား ခွဲခြားသိရှိနိုင်ရန်ခက်ခဲကြောင်း မျက်မြင်သက်သေများက ဆိုသည်။ အဆိုပါအခြေစိုက်စခန်းသည် အာဖဂန်အမျိုးသားတပ်မတော်၏ တပ်မ ၂၀၉ ဖြစ်သည်။

ယခုအကြမ်းဖက်လုပ်ရပ်သည် အာဖဂန်နစ္စတန်မြောက်ပိုင်း၌ တာလီဘန်ခေါင်းဆောင်ကြီးများ သေဆုံးသွားခဲ့သည့်ဖြစ်ရပ်ကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဆင်နွှဲခြင်းဖြစ်သည်ဟု တာလီဘန်စစ်သွေးကြွအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာရှ် မူဂျာဟစ်က ၎င်းတို့အဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုတိုက်ခိုက်ခဲ့သည့် တာလီဘန်စစ်သွေးကြွများအနက် လေးဦးသည် အာဖဂန်တပ်မတော်တွင် တစ်ချိန်က တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြောင်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ သို့သော် အာဖဂန်တပ်ဖွဲ့က ယင်းပြောကြားချက်ကို အတည်ပြုခြင်းမရှိသေးပေ။

နေတိုးဦးဆောင်သည့် မဟာမိတ်အဖွဲ့ကို အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရန်နှင့် အကူအညီပေးရန် တပ်မ ၂၀၉ တွင် တပ်ဖြန့်ထားခဲ့သည်။ သို့သော် တာလီဘန်အဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုတွင် မဟာမိတ်အဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်ကူညီခဲ့ခြင်းမရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။

တပ်မ ၂၀၉ ကို ဝင်ရောက်စီးနင်းခြင်းသည် တာလီဘန်စစ်သွေးကြွအဖွဲ့၏ ရိုင်းစိုင်းမှုကို ပြသခြင်းပင်ဖြစ်ကြောင်း မဟာမိတ်အဖွဲ့တပ်မှူး အမေရိကန်ဗိုလ်ချုပ်ကြီး ဂျွန်နီခိုဆန်က အစီရင်ခံစာတစ်ရပ်တွင် ထည့်သွင်းရေးသားခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**




# အမေရိကန်နှင့် ကုလသမဂ္ဂအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် ဆွေးနွေး

**ဝါရှင်တန် မေ ၂၂**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရတ်စ်အား ဝါရှင်တန်မြို့တွင် ယနေ့တွေ့ဆုံခဲ့ကြောင်း သတင်းများအရ သိရသည်။ ခေါင်းဆောင်နှစ်ဦးသည် သမ္မတထရန့် ရာထူးတာဝန်များ စတင်ထမ်းရွက်သည့် ဇန်နဝါရီလမှစပြီး ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သည်။

ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရတ်စ်သည် အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေး အိတ်ရ်ှအာအမ်စီမာစတာနှင့်လည်း တွေ့ဆုံခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ထိုသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရတ်စ်နှင့် အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေး အိတ်ရ်ှအာအမ်စီမာစတာတို့သည် အမေရိကန်နှင့် ကုလသမဂ္ဂအဖွဲ့ ပေါင်းစည်းဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မကြာသေးမီအချိန်တွင် ထပ်မံတွေ့ဆုံကြရန် သဘောတူညီခဲ့ကြသည်။

သမ္မတဒေါ်နယ်လ်ထရန့်အနေဖြင့် မေ ၂၄ ရက်တွင် ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ သံအမတ်များနှင့် တွေ့ဆုံမည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့၏ ဘဏ္ဍာရေးအတွက် အားထားရသော မိတ်ကောင်းဖော်မွန်ဖြစ်သည်။ သို့သော် အမေရိကန်နိုင်ငံ၏ အကျပ်အတည်းများကို ဖြေရှင်းရန် ဆန္ဒရှိကြောင်းနှင့် ကုလသမဂ္ဂအဖွဲ့၏ လုပ်ဆောင်ချက်များသည် အမေရိကန်ပြည်သူတို့၏ အကျိုးစီးပွားကို ထောက်ပံ့ပေးမှုနည်းပါးကြောင်း သမ္မတထရန့်က ယခင်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ဂျာမနီနိုင်ငံသို့ တာလီဘန်စစ်သွေးကြွဟောင်းများ ဝင်လာခဲ့ဖွယ်ရှိဟု ဒါစပီဂယ်လ်မဂ္ဂဇင်းကဆို

**ဘာလင် မေ ၂၂**
လွန်ခဲ့သော နှစ်နှစ်အတွင်း ဂျာမနီနိုင်ငံအတွင်းသို့ ဒုက္ခသည်များနှင့်အတူ တာလီဘန်အကြမ်းဖက်သမားများ ရောနှောဝင်ရောက်လာသော အရိပ်အယောင်များ တွေ့ရကြောင်း ဒါစပီဂယ်လ်မဂ္ဂဇင်းက ဆိုသည်။

ဒုက္ခသည်ပုံစံဖြည့်သွင်းရာတွင် မိမိကိုယ်ကို တာလီဘန်အဖွဲ့ဝင်ဟောင်းဟု ဖြည့်သွင်းသူများကို စစ်ဆေးတွေ့ရှိခဲ့သည်ဟု ဂျာမနီဒုက္ခသည်များဆိုင်ရာရုံးမှ တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ထံ အကြောင်းကြားခဲ့သည်။ ဂျာမနီပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အာဖဂန်လူမျိုး ၇၀ ခန့်အား စစ်ဆေးမေးမြန်းနေကြောင်း၊ သို့သော် ၎င်းတို့အား တာလီဘန်အကြမ်းဖက်သမားများဟု အတည်မပြုနိုင်သေးကြောင်း ဆိုသည်။

လွန်ခဲ့သောနှစ်က ဂျာမနီနိုင်ငံတွင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သဖြင့် ဒုက္ခသည်များ လက်ခံရေးမူဝါဒကိုကိုင်စွဲထားသော ဝန်ကြီးချုပ် အိန်ဂျလာ မာကယ်လ်၏ အစိုးရအပေါ် ကန့်ကွက်မှုများ မြင့်တက်ခဲ့သည်။

လောလောဆယ်တွင်မူ အရည်အချင်းမပြည့်မီသည့် အာဖဂန်ဒုက္ခသည်များအား အခြားဥရောပနိုင်ငံများနည်းတူ ပြည်နှင်ဒဏ်ပေးလျက်ရှိကြောင်း ဝန်ကြီးချုပ် မာကယ်လ်ကဆိုသည်။

**ရိုက်တာ။**

# စီးပွားရေး အကျိုးတူပူးပေါင်းလုပ်ဆောင်ရန် ဂျပန်နိုင်ငံအား မော်စကို တိုက်တွန်း

**မော်စကို မေ ၂၂**
ယမန်နှစ်အတွင်း ဂျပန်နိုင်ငံက မော်စကိုအား တောင်းဆိုခဲ့သည့် အဓိကကဏ္ဍရှစ်ခုပါဝင်သည့် စီးပွားရေး အကျိုးတူပူးပေါင်းလုပ်ဆောင်မည့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရန် ဂျပန်နိုင်ငံအား ရုရှားစွမ်းအင်ဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသို့ ယခုရောက်ရှိနေသည့် ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန္ဒားနိုဗက်ခ်သည် ဂျပန်နှင့် ရုရှားအစိုးရတို့အနေဖြင့် စွမ်းအင်ကဏ္ဍတွင် အကျိုးတူပူးပေါင်းလုပ်ဆောင်နိုင်မည့် နည်းလမ်းကောင်းများကို ဆွေးနွေးအကြံပြုမည်ဖြစ်ကြောင်း သိရသည်။

ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန္ဒားနိုဗက်ခ်အား အင်န်အိတ်ချ်ကေသတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် နှစ်နိုင်ငံအစိုးရအနေဖြင့် အစီအစဉ်ရေးဆွဲပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်သင့်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ အစည်းအဝေးတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်မည့်ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ဖွယ်ရှိကြောင်းနှင့် ထိုမှတစ်ဆင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း ဝန်ကြီး အလက်ဇန္ဒားနိုဗက်ခ်က ဆိုသည်။

အာတိတ်သမုဒ္ဒရာဒေသတွင် သဘာဝဓာတ်ငွေ့အရည်စက်ရုံတည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး ဝန်ကြီး အလက်ဇန္ဒားနိုဗက်ခ်က ရုရှားနိုင်ငံအတိုင်းအတာဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို စက်ရုံတည်ဆောက်ရေးအတွက် အပြည့်အဝထောက်ပံ့ပေးရန်မဖြစ်နိုင်ကြောင်း ဆိုသည်။ ရုရှားနိုင်ငံအနေဖြင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံ၏အကူအညီကို တောင်းဆိုခြင်းဖြစ်သည်ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် မော်စကိုနှင့် စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန်နှင့် နှစ်နိုင်ငံအငြင်းပွားလျက်ရှိသည့် ကျွန်းလေးကျွန်း အရေးကိစ္စကိုလည်း ရလဒ်ကောင်းများ ထွက်ပေါ်စေရေး ညှိနှိုင်းဆွေးနွေးရန် ရုရှားနိုင်ငံအနေဖြင့် မျှော်လင့်ထားကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမ်စတာဒမ်မြို့ရှိ ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသို့ သွားရောက်ကြည့်ရှုလေ့လာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမ်စတာဒမ်မြို့ လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတားရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**အမ်စတာဒမ် မေ ၂၂**

နယ်သာလန်နိုင်ငံ၌ လေ့လာရေးခရီးရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက်ပိုင်းတွင် အမ်စတာဒမ်မြို့ လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတား ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အမ်စတာဒမ်မြို့ လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတားရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသို့ ရောက်ရှိကြရာ စင်တာမှ တာဝန်ရှိသူများက ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

လေလီစတတ်ဒေသရှိ ရစ်ဂျ်ဝါးတား ရေအရင်းအမြစ်စီမံခန့်ခွဲမှုစင်တာသည် နယ်သာလန်နိုင်ငံ၏ အကြီးဆုံးရေအရင်းအမြစ် စီမံခန့်ခွဲမှုသုတေသနဌာန တစ်ခုဖြစ်ပြီး ၎င်းစင်တာမှ ရေအရင်းအမြစ်စီမံခန့်ခွဲမှုကို ရေကြီးရေလျှံမှုကာကွယ်ရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သောရေလုံလောက်စွာရရှိရေးတို့အတွက် အမျိုးအစား လေးခုခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

နယ်သာလန်နိုင်ငံသည် ပင်လယ်ရေမျက်နှာပြင်အောက် ၃၀ ရာခိုင်နှုန်း နိမ့်ကျနေသည့်အတွက် ရေကြီးရေလျှံမှုအန္တရာယ်မှ ကာကွယ်ရေးအတွက် ရေအရင်းအမြစ် စီမံခန့်ခွဲမှုလုပ်ငန်းသည် အရေးကြီးသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# တာချီလိတ်၌ မြစိမ်းရောင်စီမံကိန်းဆိုင်ရာ အားနည်းချက်၊ အားသာချက် သုံးသပ်ဆွေးနွေး

**တာချီလိတ် မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြို့နယ်အတွင်း ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းဆိုင်ရာ အားနည်းချက်၊ အားသာချက် သုံးသပ်ဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၁၀ နာရီက အောင်မြတ်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ တာချီလိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တာချီလိတ်မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာ ၄၂ ရွာမှ ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးစိုင်းဆိုင်တစ်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးခွန်မြင့်သောင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကျေးရွာများအလိုက် ဆောင်ရွက်မှုများ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ တိုးပွားလာသည့် အမြတ်ငွေများအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခွဲဝေသုံးစွဲရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ စသည့် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးခဲ့ရာ ခေတ္တမြို့နယ်ဦးစီးမှူး ဦးခွန်မြင့်သောင်းက မြစိမ်းရောင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကျေးရွာများကို စီမံကိန်းလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များနှင့် ဈေးကွက်စီးပွားရေးဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၁၁၁)**

# တနသ်ာရီမြို့နယ် သဘော့လိပ်ကျေးရွာတွင် အိမ်သစ်တက်အလှူပွဲ၌ အစာအဆိပ်သင့်မှု ဖြစ်ပွား

**မြိတ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု သဘော့လိပ်ကျေးရွာ ဝဏ္ဏသီရိ ဘုန်းတော်ကြီးကျောင်း၌ မေ ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က ဒေါ်သောင်းရီ၏ အိမ်သစ်တက် အရဟ်ဆွမ်းအလှူ လှူဒါန်းပွဲတွင် ကင်းမွန်ဟင်း၊ ပုစွန်အချဉ်၊ ကြက်သား၊ အာလူး၊ ပဲသီးသနပ်၊ ငရုပ်ကောင်းဟင်းချိုတို့ကို လှူဒါန်းကျွေးမွေးခဲ့ရာမှ ဝဏ္ဏသီရိဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်၊ ရှင်သာမဏေ ခုနစ်ပါးနှင့် သဘော့လိပ်ကျေးရွာနေ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၇ ဦးတို့ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ရာ ဆေးကုသရေးအဖွဲ့များ အချိန်မီလာရောက်ကုသပေးမှုကြောင့် အခြေအနေ ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု သဘော့လိပ်ကျေးရွာ ဝဏ္ဏသီရိဘုန်းတော်ကြီးကျောင်းတွင် မေ ၂၂ ရက် နံနက် ၅ နာရီခွဲခန့်က သဘော့လိပ်ကျေးရွာနေ ဒေါ်သောင်းရီက အိမ်သစ်တက် အရဟ်ဆွမ်းအလှူပွဲတွင် ဝဏ္ဏသီရိဘုန်းတော်ကြီး ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသနှင့် ရှင်သာမဏေ ခုနစ်ပါးတို့အား အရဟ်ဆွမ်းကပ်ပြီး သဘော့လိပ်ကျေးရွာနေ အမျိုးသား၊ အမျိုးသမီး ၃၀ တို့အား ဧည့်ခံကျွေးမွေးခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် ဝမ်းများသွားပြီး အော့အန်မှုများ ဖြစ်ပွားခဲ့သဖြင့် တနင်္သာရီမြို့နယ် ကုသရေးဦးစီးဌာနမှ ဒေါက်တာလင်းထိုက် ဦးစီး ဆရာ ဆရာမ ၁၂ ဦး ပါဝင်သောအဖွဲ့နှင့် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူး ချမ်းလှိုင် ဦးစီးဆေးတပ်ဖွဲ့ဝင် ၁၁ ဦးပါဝင်သောအဖွဲ့တို့ ပူးပေါင်း၍ ဝဏ္ဏသီရိဘုန်းတော်ကြီးကျောင်းတွင် ဆေးကုသမှုများ ဆောင်ရွက်ခဲ့ရာ ရှင်သာမဏေ ရှင်ဆန္ဒ (၁၁) နှစ်နှင့် ဒေါ်မန္တဲ့ (၆၀)နှစ်တို့နှစ်ဦးမှာ အနည်းငယ် မူးဝေအော့အန်လျက်ရှိပြီး(မစိုးရိမ်ရ) ကျန်လူနာများမှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်သွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်မှုဖြစ်ပွားရာ ဝဏ္ဏသီရိဘုန်းတော်ကြီးကျောင်းသို့ တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ(ခ) ဖိုးလပြည့်၊ တနင်္သာရီမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်အောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးလွှမ်းမိုးအောင်တို့အဖွဲ့မှ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးရန်ကင်းကွာ လွန်ချမ်းသာ

# လေလှိုင်းသယံဇာတ မျှတအောင်စီမံဖို့-၄

## ဇေယျာ(မြန်မာ့အသံ)

**(ယမန်နေ့မှ အဆက်)**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို လိုအပ်သလို ပြင်ဆင်ပြီးတဲ့နောက် ရုပ်သံလွှင့်လုပ်ငန်းကို မူဝါဒကြီးကြပ်ဆောင်ရွက်မည့် အဖွဲ့အစည်းအသီးသီးကို ဖွဲ့စည်းပြီးတဲ့အခါ လိုအပ်တဲ့ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒနဲ့ လုပ်ထုံးလုပ်နည်းတွေကို သက်ဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လက်ရှိ ဥပဒေနှင့်စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ရာမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့အရ ကောင်စီဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၉၁ အရ နိုင်ငံတော်သမ္မတထံ အယူခံဝင်ခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကိုလည်းကောင်း ရေးဆွဲဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အလားတူ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အနေဖြင့်မူ ဥပဒေပုဒ်မ ၆-ခ တွင်ဖော်ပြထားသည့် လှိုင်းနှုန်းစဉ်စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်များကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၆-ခ တွင် ဖော်ပြထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် မူဝါဒရေးဆွဲချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၆-င တွင်ဖော်ပြထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုနည်းပညာနှင့် လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိရောင်းချခြင်းတို့နှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကိုလည်းကောင်း ရေးဆွဲဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။

အလားတူပဲ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီအနေဖြင့် ဥပဒေပုဒ်မ ၁၄-က တွင် ဖော်ပြထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် မူဝါဒများနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အများပြည်သူတို့၏ အကြံဉာဏ်ကိုရယူ၍ ရေးဆွဲခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ ခ၊ ဠ၊ ဍ၊ ဎ၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅ တို့တွင် ပြဋ္ဌာန်းထားတဲ့ လိုင်စင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း များနဲ့ လိုင်စင်ကြေးဆိုင်ရာ သတ်မှတ်ချက်များကို လည်းကောင်း၊ ပုဒ်မ ၁၄ ပုဒ်မခွဲ ဂ၊ ပုဒ်မ ၇၅၊ ၇၇၊ ၇၈၊ ၇၉ နှင့် ၈၀ တို့မှာ ဖော်ပြထားတဲ့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်း

> **နိုင်ငံတွင်းမှာရှိတဲ့ ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်များဟာ နိုင်ငံတွင်းရှိ ၅၂ သန်းသော နိုင်ငံသားများ အားလုံးနဲ့ဆိုင်တဲ့ အမျိုးသားရေးသယံဇာတများဖြစ်တဲ့အပြင် ရုပ်သံလွှင့်မီဒီယာရဲ့ ကြီးမားတဲ့ သြဇာသက်ရောက်မှုအတိုင်းအတာနဲ့ ကြီးမားတဲ့စီးပွားရေးဈေးကွက် အနေအထားတို့ကြောင့် ရုပ်သံလွှင့်မီဒီယာလောကတစ်ခုလုံး မှန်မှန်ကန်ကန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လိုအပ်တဲ့မူဝါဒနဲ့ လုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့်အညီ ဖော်ဆောင်ပေးနိုင်ရေး အလေးထားဆောင်ရွက်ဖို့ လိုအပ်**

ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ နှင့် တိုင်ကြားချက်များကိုလည်းကောင်း၊ ပုဒ်မ ၁၄ ပုဒ်မခွဲ ဃ၊ င၊ ပုဒ်မ ၈၁၊ ၈၆၊ ၈၇၊ ၈၈၊ ၈၉ နှင့် ၉၀ တို့မှာ ဖော်ပြထားတဲ့ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှု အစီအစဉ်များကိုလည်းကောင်း၊ ပုဒ်မ ၁၄ ပုဒ်မခွဲ ဆတွင် ဖော်ပြထားသည့် အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုများကြောင့် ပြည်သူများ၏ သဘောကျ နှစ်ခြိုက်မှုကိုရရှိထားသည့် အစီအစဉ်များနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို အသိအမှတ်ပြုခြင်းကိုလည်းကောင်း၊ ပုဒ်မ ၁၄ ပုဒ်မခွဲ ဈ မှာ ဖော်ပြထားသည့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ပုဒ်မ ၂၂ နှင့် ၂၃ တို့တွင် ဖော်ပြထားသည့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ပုဒ်မ ၂၄၊ ၂၅၊ ၂၆ တို့တွင် ဖော်ပြထားသည့် ရုံးအဖွဲ့ဖွဲ့စည်းခြင်း၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ၊ လစာစရိတ်နှင့် ခံစားခွင့်များ သတ်မှတ်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ ပုဒ်မ ၅၀၊ ၅၁နှင့် ၅၂ တို့တွင် ဖော်ပြထားသည့် မီဒီယာဈေးကွက်ရှာဖွေခြင်းနှင့် ပူးတွဲပိုင်ဆိုင်မှု ကန့်သတ်ထိန်းချုပ်ခြင်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့်လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်းကောင်း၊ ပုဒ်မ ၅၄ တွင် ဖော်ပြထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ နှစ်ချုပ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး အစီရင်ခံစာပါ အချက်အလက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၆၇ နှင့် ၆၈ တို့တွင်ဖော်ပြထားသည့် အစီအစဉ်ဆိုင်ရာ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၇၂ ပုဒ်မခွဲ ခ တွင်ဖော်ပြထားသည့် ကြော်ငြာဆိုင်ရာ သတ်မှတ်ချက်များနှင့် အများပြည်သူ အကျိုးအတွက်အသိပေး ထုတ်လွှင့်ခြင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆက်လက်ရေးဆွဲဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံလိုသူများ လေ့လာသင့်**

ဒါ့အပြင် ရုပ်သံလွှင့်လောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေတွေကို ကျင့်သုံးအကောင်အထည်ဖော်တဲ့အခါ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် အခြားဆက်စပ်ဥပဒေတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။ ဥပမာအနေနဲ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ယှဉ်ပြိုင်မှုဥပဒေဟာ ရုပ်သံလွှင့်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်မည့်သူတွေ လေ့လာသင့်တဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဒီဥပဒေဟာ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာ အမှတ် ၆၉/၂၀၁၅ အရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ စတင်အာဏာတည်နေပြီဖြစ်ပါတယ်။ ဒီဥပဒေအရ ဖွဲ့စည်းပေါ်ပေါက်လာမည့် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေထဲမှာ ရုပ်သံလွှင့်လုပ်ငန်းနယ်ပယ်အပါအဝင် စီးပွားရေးလုပ်ငန်းတွေရဲ့ ဈေးကွက်ယှဉ်ပြိုင်မှုကို မှန်ကန်မျှတစွာ ဆောင်ရွက်နိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်း ချမှတ်ခြင်းအပါအဝင် လုပ်ပိုင်ခွင့်အတော်များများကို ဖော်ပြထားပါတယ်။

အချုပ်အားဖြင့် နိုင်ငံတွင်းမှာရှိတဲ့ ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်များဟာ နိုင်ငံတွင်းရှိ ၅၂ သန်းသောနိုင်ငံသားများအားလုံးနဲ့ဆိုင်တဲ့ အမျိုးသားရေး သယံဇာတများဖြစ်တဲ့အပြင် ရုပ်သံလွှင့်မီဒီယာရဲ့ ကြီးမားတဲ့သြဇာသက်ရောက်မှုအတိုင်းအတာနဲ့ ကြီးမားတဲ့ စီးပွားရေးဈေးကွက်အနေအထားတို့ကြောင့် ရုပ်သံလွှင့်မီဒီယာလောကတစ်ခုလုံး မှန်မှန်ကန်ကန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်တဲ့ မူဝါဒနဲ့ လုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့်အညီဖော်ဆောင်ပေးနိုင်ရေး အလေးထားဆောင်ရွက်ဖို့ လိုအပ်လှပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ပင်မရေနုတ်မြောင်းများကို ကျောက်စီရေနုတ်မြောင်းများအဖြစ် ပြုပြင်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် စစ်ဆေး

**မြစ်ကြီးနား မေ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပင်မရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်မှုမရှိခြင်းတို့ကြောင့် နှစ်စဉ်မိုးရာသီတွင် မြို့ပေါ်ရပ်ကွက်အချို့၌ ရေဝင်ရောက်သဖြင့် အဆိုပါ ပင်မရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စွာစီးဆင်းနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၀၇ ဒသမ ၅၀ သန်းဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ခေမာသီရိရပ်ကွက် လမ်းသွယ်(၂)အတွင်း ရေနုတ်မြောင်း ပေ ၄၂၄၀ တွင် ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများတူးဖော်နေမှုနှင့် ကွန်ကရစ်တံတား ခြောက်စင်း ဆောက်လုပ်ရန်လျာထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မြို့သစ်ကြီးရပ်ကွက်အတွင်း ဖြတ်သန်းသော ပင်မရေနုတ်မြောင်း ပေ ၅၂၀၀ ကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေကျပ် သန်း ၅၀၇ ဒသမ ၅၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်စီရေနုတ်မြောင်း ဆောင်ရွက်နေမှုနှင့် ကွန်ကရစ်ရေကျော်တံတား ခုနစ်စင်း ဆောင်ရွက်ရန် လျာထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့ပေါ်ရပ်ကွက်များအတွင်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ရပ်ကွက်နေပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြို့၏ အဓိကပင်မရေနုတ်မြောင်းများဖြစ်သည့်အတွက် ရေစီးရေလာ အထူးကောင်းမွန်စေပြီး ရေရှည်တည်တံ့ခိုင်ခံ့စွာ ဆောက်လုပ်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့သစ်ကြီးရပ်ကွက်အတွင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ ဆောက်လုပ်ပြီးစီးသည့် တံတားအမှတ်(၂/၂၂၈)၌ ချဉ်းကပ်လမ်းဖောက်လုပ်ရာတွင် အန္တရာယ်ကင်းရှင်းပြေပြစ်ချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်သွားရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

■

# တာချီလိတ်၌ နွေရာသီအာခါစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်း

**တာချီလိတ် မေ ၂၂**

အာခါစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ ကြီးမှူးကျင်းပသည့် နွေရာသီ အာခါစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ကော်မယ်လိတ်ကျေးရွာရှိ ကျေးရွာခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ သင်တန်းသို့ ဘာသာဗေဒပညာရှင်(တိဗက်-မြန်မာမျိုးနွယ်) ဆရာဦးနိုးဝေ၊ အာခါစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် အာခါစာပေနည်းပြဆရာ ဦးအုန်းလွင်နှင့် တာချီလိတ်မြို့နယ်အတွင်းမှ အာခါတိုင်းရင်းသား သင်တန်းသား သင်တန်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် အာခါလူငယ်တာဝန်ခံ ဦးလော်ဒါးက အမှာစကားပြောပြီး ဘာသာဗေဒပညာရှင်(တိဗက်-မြန်မာမျိုးနွယ်) ဆရာ ဦးနိုးဝေက ဘာသာစကားများ ပြန့်ကျဲနေပုံ၊ ဘာသာစကား တစ်ခုနှင့်တစ်ခု ဆက်သွယ်နေပုံများ၊ မိမိတို့၏ အမျိုးဘာသာစကားကို မပျက်ယွင်းစေဘဲ အာခါစာဖြင့် ကူးလူးဆက်ဆံဆက်သွယ် အသုံးပြုနိုင်ရန်နှင့် သင်တန်းမှ နောင်အနာဂတ် အာခါလူငယ်နှင့် လူမျိုးများအတွက် စာပေနှင့် အနုပညာယဉ်ကျေးမှုပိုင်းဆိုင်ရာများ၊ အာခါတိုင်းရင်းသားဆိုင်ရာအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ မှတ်တမ်းရေးရာစာအုပ်စာတမ်းများကို ပိုမိုကျယ်ပြန့်စွာ ဖော်ထုတ်လာနိုင်စေရန် ရှင်းလင်းပြောကြားသည်။

သင်တန်းကို မေ ၁၇ ရက်မှ ၂၁ ရက်ထိ အာခါစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် အာခါစာပေနည်းပြဆရာ ဦးအုန်းလွင်က အခြေခံရေးသားနည်းနှင့် အသံထွက်မှန်ကန်မှု နည်းစနစ်များ၊ ဗျည်းနှင့် သရပေါင်းစပ်နည်း၊ ဗျည်း၊ သရများကို အသံသင်္ကေတ ငါးမျိုး(အမြင့်-အနိမ့်-အမြင့်ပြသံ-နိမ့်ပြသံ-ကြားဆွဲသံ)နှင့် ပေါင်းစပ်ခြင်းဖြင့် အဓိပ္ပာယ်အမျိုးမျိုးပြောင်းသွားပုံများ၊ အခြားသိမှတ်ဖွယ်ရာများကို ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အာခါတိုင်းရင်းသားများအများစု မှီတင်းနေထိုင်သည့် တောင်ပေါ်ဒေသ၊ ကျေးလက်ဒေသများရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ထည့်သွင်းသင်ကြားမည့် အာခါစာပေသင်ရိုးညွှန်းတမ်း ပထမတန်းစာအုပ်မှ ထုတ်နုတ်၍ ငါးရက်ကြာပို့ချခဲ့ကြောင်း သိရသည်။

(၁၁၁)

# သီပေါမြို့နယ် ဘော်ကြိုကျောင်းတိုက်မြေအတွင်း ရှေးဟောင်းပေါ်တော်မူဘုရားဆင်းတုတော်များ ရေသပ္ပာယ်ပူဇော်

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျောင်းတိုက်မြေအတွင်းမှ ၂၀၁၅ခုနှစ်က နှစ်ကြိမ်တိုင်တိုင် တူးဖော်တွေ့ရှိခဲ့ရသည့် ရှေးဟောင်းပေါ်တော်မူဘုရားဆင်းတုတော်များကို ယနေ့တွင် ရေသပ္ပာယ်ပူဇော်ခဲ့ရာ တရုတ်နယ်စပ်ဒေသအပါအဝင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ရေသပ္ပာယ်ပူဇော်ကြသည်။

အဆိုပါပေါ်တော်မူရှေးဟောင်းဘုရား ဆင်းတုတော်များအနက်မှ ၂၄၃ ဆူအား ဘော်ကြိုကျောင်းတိုက်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဒေဝိန္ဒ (MA.သီရိလင်္ကာ)၏ဩဝါဒဖြင့် ပလ္လင်တော်အသီးသီး၌ ရေးထိုးထားသည့် ခုနှစ်သက္ကရာဇ်များကို မှတ်တမ်းပြုစုစေခဲ့သည်။

ဆင်းတုတော်များ၌ရေးထိုးထားသော သက္ကရာဇ်များအရ အနည်းဆုံးနှစ်ပေါင်း ၁၅၀ နှင့် ရှေးကျသည့်လက်ရာများဖြစ်ပြီး သက္ကရာဇ်ရေးထိုးထားခြင်းမရှိသော ဆင်းတုတော်များကိုလည်း ဖူးတွေ့ရသည်။ ယခု ရှေးဟောင်းပေါ်တော်မူဆင်းတုတော်များအား ၁၃၇၉ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် အသင့်ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော ဓာတ်ပေါင်းစုဂန္ဓကုဋိတိုက်တော်သစ်ကြီးသို့ ပင့်ဆောင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်သည်။

ကဆုန်လပြည့်အကြို အဖိတ်နေ့ညတွင် ဓမ္မကထိကဆရာတော်၏ တရားပွဲကျင်းပမည်ဖြစ်ပြီး ကဆုန်လပြည့်နေ့ နံနက်ပိုင်း၌ ရှေးဟောင်းပေါ်တော်မူဘုရား ဆင်းတုတော်များ ပင့်ဆောင်ပူဇော်ပွဲအခမ်းအနားကို ရှမ်း/မြန်မာ ဘာသာရေးယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို လာရောက်ကြည်ညိုနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

**(သီပေါကိုလတ်)**






မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းသွင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မေ ၂၁ ရက် နံနက်ပိုင်းက တောင်သာမြို့နယ် မြေဖြူကုန်းကျေးရွာတွင် သောက်သုံးရေဂါလန် ၃၅၀၀၊ ရေသန့်တစ်လီတာဘူး ၁၃၃၄ ဘူးတို့ကို သွားရောက်လှူဒါန်းစဉ်။ (ရဲပြန်ကြား)

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၃-၄-၂၀၁၇(တနင်္ဂနွေနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | "သွားရောက်လေ့လာစရာ မြန်မာ့စာပေနှင့် ယဉ်ကျေးမှုများ ရှိတဲ့နေရာ" (မန္တလေး) |
| ၈း၄၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၈း၄၅ | "နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်း" |
| ၉း၁၀ | "အောင်မြင်မှုပန်းတိုင်ဆီချီတက် ပြည်သူ့အတွက်" (သဘာဝဘေးဒဏ် ရင်ဆိုင်ခံစားခဲ့ရသည့် ပြည်သူတို့ရဲ့စကားသံများ (အပိုင်း-၁)(ရန်ကုန်တိုင်းဒေသကြီး) (မွန်ပြည်နယ်) |
| ၉း၂၅ | MRTV Travelogue |
| ၉း၄၅ | ကဗျာရိပ်မြုံ"အာပြခြောက်" |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | တစ်ပတ်အတွင်း ထူးခြားသတင်း |
| ၁၁း၂၀ | "ရှေးဦးအရွယ်ကလေးငယ်များအား ရင်းနှီးမြှုပ်နှံကြစို့" |
| ၁၁း၃၀ | ထိုင်း PRT "စဝ်ထူရှန်ကျွန်းရဲ့ သဘာဝအလှများ" "Charming Sea of Satun" |
| ၁၂း၄၅ | မြန်မာဂန္ထဝင်ရုပ်ရှင် "ဗန်တိုလူလေးနှင့်သူဇာ" (ညွန့်ဝင်း၊ဒေစီကျော်ဝင်း) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး) |
| ၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (အပိုင်း-၂၁+၂၂) |
| ၅း၀၅ | "ချစ်ကြသည်ဆိုရာဝယ်" |
| ၅း၄၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကြိုးဖြင့်ချည်ထားသော ဗာရာဏသီ" |
| ၆း၂၀ | အလင်္ကာကျော်စွာရွှေပြည်အေး၏ တသသဂန္ထဝင်တေးများ (အပိုင်း-၁) |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၄၈) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရေးဆိုင်ရာစကားဝိုင်း" |
| ၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (အပိုင်း-၂၇) -ဘယ်သူတာဝန်အရှိဆုံးလဲ (မင်းမော်ကွန်း၊ ယုသန္တာတင်) (ဒါရိုက်တာ-ဝိုင်း) -အစီအစဉ်ပြီး၏ |

# သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်သည် ယနေ့နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မိုးဦးကာလတွင်ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသက်နိုင်သည် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာန၏ တပ်ဖွဲ့ဝင်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်များနှင့် မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မေ ၅ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိရန်တို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်သည် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူး ရဲကျော်စွာအောင်ကျော်ဝင်းနှင့်အတူ ကျောက်ပန်းတောင်းမြို့နယ် လက်ပံပြားကျေးရွာအနီး ကျောက်ပန်းတောင်း-မိတ္ထီလာသွားလမ်းပေါ်ရှိ သရဖူပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်သို့ သွားရောက်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုရှိ မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ လက်ပံပြားကျေးရွာ အရန်မီးသတ်တပ်ဖွဲ့စခန်း ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ပုပ္ပားကျေးရွာ ယာယီမီးသတ်တပ်ဖွဲ့စခန်းသို့ သွားရောက်၍ တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် လမ်းညွှန်မှာကြားပြီး မီးသတ်တပ်ဖွဲ့စခန်း ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





# လူ့တစ်ရပ်နီးပါးခန့်ရှိငါးကြီးတစ်ကောင် ဖမ်းမိ

**ရေစကြို မေ ၂၂**

ရေစကြိုမြို့အနီး ချင်းတွင်းမြစ်သောင်ခုံရေစပ်တွင် လူတစ်ရပ်နီးပါးခန့်ရှိ ငါးကြီးတစ်ကောင်ကို ယနေ့နံနက်က တွေ့ရှိပြီး လူသုံးယောက်ကဝါးလုံးဖြင့်ထမ်းကာ သယ်ဆောင်လာသည်ကို တွေ့ရသည်။

အဆိုပါငါးကြီးမှာ အလေးချိန် ပိဿာ ၃၀ ခန့်ရှိပြီး ငါးတုပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့သုံးယောက်က မြစ်အရှေ့ဘက်ကမ်းကို အလုပ်ကိစ္စနဲ့ သွားရင်း ဒီငါးကြီးကို သောင်ခုံရေစပ်မှာတင်နေတာ တွေ့ရတာပါ။ အသက်ကတော့ မသေသေးဘူး။ ဘက်ထရီရှော့မိပြီး အခုလိုသောင်ခုံမှာတင်နေတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့လည်း လှေပေါ်တင်ပြီး အခု ငါးဒိုင်ကို လာရောက်ရောင်းချတာပါ"ဟု အဆိုပါငါးကြီးကို တွေ့ရှိသူများက ပြောသည်။

ငါမျိုးမသုဉ်းရေးအတွက် ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်းကို ရှောင်ကြဉ်သင့်ကြောင်းနှင့် သက်ဆိုင်ရာကလည်း ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးသူများကို ထိထိရောက်ရောက်အရေးယူသင့်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျာမနီနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် မေ ၂၂**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံ တပ်မတော်စစ်ဦးစီးချုပ် General Volker Weiker ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြသည်။**(ယာပုံ)**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian-Ludwig Weber-Lortsch နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီနိုင်ငံသို့ အသွားခရီးတွင် ဩစတြီးယားနိုင်ငံသို့ အလုပ်သဘောဝင်ရောက်၍ ဩစတြီးယားနိုင်ငံ တပ်မတော် စစ်ဦးစီးချုပ်နှင့်တွေ့ဆုံပြီး စက်မှုလုပ်ငန်းများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၂၂**
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မြောင်းမြခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံးသို့ရောက်ရှိပြီး ကယ်ဆယ်ရေးပစ္စည်းများ အသင့်သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြောင်းမြမြို့နယ် ဘူဒင်းကွင်း ရေကျော်ကျေးရွာအုပ်စု ကျောက်ကမ်းပါးကျေးရွာတွင် သောက်သုံးရေသိုလှောင်ရန် မြေသားရေကန် တူးဖော်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၃၂ သိန်းကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့ လူငယ့်အားမာန်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ကာကွယ်ရေး၊အလျင်အမြန်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးတွင် ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ် ရရှိရေး ဖော်ဆောင်ရမည့်ကိစ္စရပ်များ၊ ဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနလက်အောက်ရှိ နာဂစ်အလွန်မိဘမဲ့ကလေးများအား စောင့်ရှောက်ထားသော လူငယ့်အားမာန်သင်တန်းကျောင်းတွင် ပြုစုစောင့်ရှောက်ထားသည့် သင်တန်းသားသင်တန်းသူ ၄၃ ဦးအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာ-သက်န်းကြီး-ပြင်စလူလမ်း မိုင်တိုင်(၂/၁)၌ လမ်းတာပေါင်ရွှေးမြစ်ရေတိုက်စားသဖြင့် ပျက်စီးမှုအခြေအနေကို ကြည့်ရှုပြီး တာပေါင်အား မိုးမကျမီတည်ဆောက်နိုင်ရန် ငွေကျပ် ၈၇ ဒသမ ၈ သန်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျခံသုံးစွဲရန် ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက်န်းကြီးကျေးရွာ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံအဆောက်အအုံ၌ ကျေးရွာလူထုနှင့်တွေ့ဆုံကာ မိမိတို့အနေဖြင့် ရပ်ရွာများတွင် ရပ်ရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များကို ဖော်ထုတ်ပြီး ထိရောက်သော ကြိုတင်ကာကွယ်မှုများဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်ရန် အသင့်ဖြစ်စေရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကို သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ရရှိရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်ပြီး အဆင်သင့်ဖြစ်မှုသည် လမ်းပန်းဆက်သွယ်ရေးနှင့် အဓိကသက်ဆိုင်ပါကြောင်း၊ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ သဘာဝဘေးတုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်မှသာ ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ရပ်ရွာလူထု၏ ဆွေးနွေးချက်နှင့် လိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်အတွင်း သက်န်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ဆိုလာမီးဖြည့်ဆည်းပေးနိုင်ရေး၊ ဘင်္ဂလားပင်လယ်အော်ဝင်ပေါက်ဖြစ်သည့် ဂုံညင်းတန်းကျေးရွာတွင် School Cum Shelter တစ်လုံး တည်ဆောက်ပေးနိုင်ရေးနှင့် ဇင်ရွှဲလေးကျေးရွာနှင့် သက်န်းကြီးကျေးရွာရှိ ဘက်စုံသုံးမုန်တိုင်းဒဏ်ခံအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၃)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ ပူးတွဲအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ




(၂၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ အစည်းအဝေးသို့ တက်ရောက်လာသူများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၂**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် မေ ၄ ရက်မှ ၇ ရက်အထိ ကျင်းပသော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တည်ထောင်သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ်နှင့် အာဆီယံဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ ပူးတွဲအစည်းအဝေး၊ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေး၊ (၂၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ (၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အကြီးအကဲများ ပူးတွဲအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် အာဆီယံငွေရေးကြေးရေး ပေါင်းစည်းရေးလုပ်ငန်းများ၏ အကောင်အထည်ဖော်မှု၊ တိုးတက်မှုအခြေအနေများ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) လမ်းပြမြေပုံနှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများ၊ အာဆီယံ+၃ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ ရန်ပုံငွေ (AIF) ဆိုင်ရာကိစ္စများ၊ အရှေ့တောင်အာရှဒေသ၏သဘာဝဘေးအန္တရာယ်ဒဏ်ကြောင့် ဆုံးရှုံးမှုအာမခံရန်ပုံငွေထူထောင်ရန် ကနဦးဆွေးနွေးမှုများကို ဆွေးနွေးခဲ့ကြပြီး အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

အစည်းအဝေး ကျင်းပစဉ်ကာလအတွင်း ဒုတိယဝန်ကြီးသည် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးခြားအစည်းအဝေး၊(၁၂)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲတို့သို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပြီး အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Alexander C. Feldman ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်လည်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးခြင်းနှင့် ငွေကြေးဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

## ❋ မြန်မာ့ပင်လယ်ပြင်မှ

ငါးဖမ်းခွင့်ပိတ်မည့် သုံးလအတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များကို စာရင်းရှိအစီးရေ၏ ၃၀ ရာခိုင်နှုန်းသာ ငါးဖမ်းခွင့်ပြုမည့်ကိစ္စနှင့်ပတ်သက်၍ ရေလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေသခံဦးဟန်မြင့်က "သုံးဆယ်ရာခိုင်နှုန်းသာအလုပ်ရမှာဖြစ်ပြီး ကျန်ခုနစ်ဆယ်ရာခိုင်နှုန်းသော ဒေသခံရေလုပ်သားတွေ သုံးလလောက် အလုပ်လက်မဲ့တွေ ဖြစ်သွားမယ့်အခြေအနေမျိုး ဖြစ်သွားနိုင်ပါတယ်။ စားဝတ်နေရေးကိစ္စတွေ အခက်အခဲရှိလာနိုင်သလို ကျောင်းဖွင့်ချိန်နီးလာပြီဖြစ်လို့ ကျောင်းသားရှိတဲ့လုပ်သားတွေတော့ အခက်အခဲကြုံနိုင်ပါတယ်"ဟု မီဒီယာသို့ပြောကြားခဲ့သည်။

ဒေသခံရေလုပ်ငန်းရှင် ဦးမောင်မောင်ကလည်း "လုပ်သားတွေကို ပိုက်ဆံကြိုထုတ်ပေးထားတာတွေရှိနေတော့ စက်လှေအားလုံး မထွက်ရတဲ့အတွက် ပိုင်ရှင်တွေမှာလည်းနစ်နာမှုတွေရှိပါတယ်။ ထွက်ခွင့်မရတဲ့ စက်လှေတွေမှာ အလုပ်လုပ်တဲ့လုပ်သားတွေကတော့ အလုပ်ရှားပါးမှု သုံးလလောက်ဖြစ်သွားမှာပါ"ဟု မီဒီယာသို့ပြောကြားခဲ့သည်။ ငါးသယံဇာတနှင့် ငါးမျိုးစိတ်များ ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဇွန်လမှ ဩဂုတ်လအထိ မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းခွင့်ကို သုံးလရပ်နားခဲ့ကြောင်းလည်း သိရှိရသည်။

**ကျော်သူဟိန်(ဟိုင်းကြီးကျွန်း)**

## ❋ မြန်မာ ယူ-၁၈ မှ

မြန်မာ ယူ-၁၈ အသင်းသည် ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း မိနစ် ၉၀ အတွင်းရရှိသည့် အခွင့်အရေးများ အသုံးမချနိုင်ခဲ့သလို ပင်နယ်တီကန်သွင်းရာတွင်လည်း လွဲချော်မှုများရှိခဲ့သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့သည့် ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့သော်လည်း အုပ်စုပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းသည် ပြင်ဆင်မှုများစွာပြုလုပ်ခဲ့သောကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၄၁ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ တစ်ကိုယ်တော်အစွမ်းဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၉ မိနစ်တွင် မြန်မာအသင်း ပင်နယ်တီပေးခဲ့ရသည်။ ယင်းပင်နယ်တီကို ထရန်ဗောင်သန်က သွင်းယူခဲ့သောကြောင့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်း ချေပဂိုးပြန်ရခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်း ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများ ထပ်မံရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သောကြောင့် မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျခဲ့သည်။ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းက လေးဂိုးစလုံးဂိုးဝင်ခဲ့ပြီး မြန်မာ ယူ-၁၈ အသင်းက နှစ်ဂိုးသာဝင်ပြီး ဒုတိယနှင့် တတိယဂိုးတို့ လွဲချော်ခဲ့သောကြောင့် မြန်မာအသင်း ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

## ○ မြန်မာယှဉ်ပြိုင်မှ

သိရသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသည် ၎င်းတို့အားသာသည့် အားကစားနည်းများအပါအဝင် ၄၂ မျိုး ထည့်သွင်းကျင်းပရန် စီစဉ်ခဲ့သော်လည်း အာရှအိုလံပစ်ကောင်စီက ၃၉ မျိုးဖြင့်သာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် အားကစားနည်းများမှာ ရေကူး/ ဝါတာပိုလို/ ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘေ့စ်ဘော/ Softball၊ ဘတ်စကက်ဘော၊ဘိုးလင်း၊ လက်ဝှေ့၊ Bridge၊ ကနူး/ကယက်၊ စက်ဘီး၊ မြင်းစီး၊ ဓားရေး၊ ဘောလုံး၊ ဂေါ့ဖ်၊ ကျွမ်းဘား၊ Handball၊ ဟော်ကီ၊ Jetski၊ ဂျူဒို၊ Kabidda၊ ကရာတေး၊ ဂျူဂျစ်ဆု/ ပန်ကြပ်ဆီလတ်/ ဝူရှူး၊ Modern Pentathlon၊ Paragliding၊ လှေလှော်၊ ရပ်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ Sport Climbing၊ Squash၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ နပန်း၊ ဘော်လီဘော၊ အလေးမအားကစားနည်းတို့ ပါဝင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း လက်ရှိတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသောကြောင့် ယင်းပြိုင်ပွဲပြီးဆုံးမှသာ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများကို ရွေးချယ်သွားဖွယ်ရှိနေသည်။မြန်မာအားကစားအဖွဲ့သည် ၂၀၁၄ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ၌ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၀ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုဆွတ်ခူးရရှိခဲ့သည်။ ရွှေတံဆိပ်ဆုအပါအဝင် ဆုတံဆိပ်အားလုံးကို မြန်မာပိုက်ကျော်ခြင်းအသင်းက ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈) ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၉ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၄၂၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် ၄၂၆ ခု ချီးမြှင့်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအနက် ရေကူးနှင့် ပြေးခုန်ပစ်အားကစားနည်းတို့တွင် ရွှေတံဆိပ်အရေအတွက် အများဆုံးချီးမြှင့်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-Asian Games**


# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း တရုတ်နိုင်ငံသို့ တရားဝင်ခရီးသွားရောက် နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် တရုတ်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ မေ ၁၇ ရက်မှ ၂၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်သည် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ၊ နိုင်ငံတော်လုံခြုံရေးရာဝန်ကြီး မစ္စတာ ချန်ဝမ်ချင်၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ လျိုးကျန်းမင်**(ယာပုံ)**တို့နှင့် ပေကျင်းမြို့၌ သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံအဆင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုများ၊ နှစ်နိုင်ငံနယ်စပ် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်နိုင်ငံမှ အဆိုပြုထားသည့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အစီအစဉ်နှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ကူမင်းမြို့သို့ ရောက်ရှိစဉ် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး မစ္စတာ လီရှီလင်းနှင့်လည်းကောင်း၊ ယူနန်တက္ကသိုလ်ရှိ မြန်မာ့ရေးရာလေ့လာရေးဌာနမှ ပါမောက္ခများ၊ သုတေသီများ၊ ကျောင်းသားများနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ရှိရင်းစွဲ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် ကြိုးပမ်းမှုများ၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ၊ မျက်မှောက်ခေတ်တွင်



ကြုံတွေ့နေရသည့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ချင်းပြည်နယ် မင်းတပ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာန (မင်းတပ်ခရိုင်)တို့ ပူးပေါင်းပြီး ရေရှားပါးသည့် ဘုရားစခန်းနှင့် ဝုမ်းခုမ်ကျေးရွာတို့သို့ မေ ၆ ရက်တွင်လည်းကောင်း၊ တော်ထဲင်ကျေးရွာနှင့် လုပ်တက်ကျေးရွာတို့သို့ မေ ၂၁ ရက်တွင် လည်းကောင်း သွားရောက်လှူဒါန်းကြစဉ်။**

(ခရိုင်ပြန်/ဆက်)

# မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့အသက်အိုးအိမ်လုံခြုံရေးဆောင်ရွက်

**မင်းတပ် မေ ၂၂**

ချင်းပြည်နယ် မီးသတ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမျိုးမြင့်နှင့် ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးများနှင့် တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို မင်းတပ်ခရိုင် မီးသတ်တပ်ဖွဲ့ရုံး၌ မေ ၁၉ ရက်က ကျင်းပသည်။

တွေ့ဆုံပွဲတွင် ချင်းပြည်နယ် ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမျိုးမြင့်က ပွင့်လင်းရာသီ၊ နွေရာသီရောက်လာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ကြရန်နှင့် ဖြစ်ပေါ်လာပါကလည်း ထိရောက်စွာငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ရေးတို့ကို ဆောင်ရွက်ကြရန်၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို မီးဘေးလုံခြုံအောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု အားကိုးမှုကို ဆက်လက်မြှင့်တင်ကြရန်မှာကြားသည်။

ဆက်လက်၍ ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်နယ်မီးသတ်ဦးစီးမှူးသည် မေ ၁၈ ရက်ကလည်း ကန်ပက်လက်မြို့နယ် မီးသတ်ဦးစီးဌာနရုံးသို့သွားရောက်စစ်ဆေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ယာဉ်အန္တရာယ်ကင်းဝေးရေး ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါ(တပ်စိတ်)ယာဉ်ထိန်းတာဝန်ခံ တပ်ကြပ်ကြီးဝင်းဇော်လတ်နှင့် ပူးပေါင်းအဖွဲ့တို့က မေလဆန်းမှ ယနေ့အထိမိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံ၌လည်းကောင်း၊ မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမတစ်လျှောက်တွင် ဆိုင်ကယ်၊ မော်တော်ယာဉ်၊ သုံးဘီးဆိုင်ကယ် ယာဉ်မောင်းတို့အား ယာဉ်တိုက်မှု အန္တရာယ်မဖြစ်ပွားစေရေးနှင့် ယာဉ်အန္တရာယ်ကင်းဝေးရေးတို့အတွက် ဆွေးနွေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **(စိုင်းသာလှိုင်)**



# ကျေးလက်နေပြည်သူများ စားသုံးသူအကာအကွယ်ပေးရေးနှင့် စာဖတ်ရှိန်မြင့်မားရေးပညာပေး

**ကလေး ဧပြီ ၂၂**
ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် စာဖတ်ရှိန်မြင့်မားရေးအသိပညာပေးကွင်းဆင်းဟောပြောခြင်းကို ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ကလေးမြို့နယ် ကျောင်းတိုက်စံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က အစားအစာများ စားသုံးသည့်အခါတွင် ရက်စွဲလွန်စားသောက်ကုန်များ၊ FDA မှ ခွင့်ပြုချက်မပါသောထုတ်ကုန်များ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်မပါသောစားသောက်ကုန်များ၊ စားသုံးရန်ခွင့်မပြု ဓာတုဆိုးဆေးများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်များ၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖော်ပြထားရှိခြင်းမရှိသော စားသောက်ကုန်များကို အထူးသတိပြု၍ဖတ်ရှုပြီးမှသာ သုံးစွဲသင့်၊ မသင့် ဆုံးဖြတ်တတ်ရန်လိုကြောင်း၊ မှန်ကန်သောစားသောက်ကုန်များကို ရွေးချယ်အသုံးပြု၍ နိုင်ငံ၏ကျန်းမာသန်စွမ်းသော၊ ဉာဏ်ပညာမြင့်မားပြီး အားထားရသော သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းအရာများနှင့် စားသုံးသူအသိပညာမြင့်မားတိုးတက်ရေးတို့ကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက အရက်နှင့် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းယာဝါးခြင်းတို့ကြောင့် ရရှိနိုင်သည့်ရောဂါများ၊ ဓာတုဆိုးဆေးများ၊ ပိုးသတ်ဆေးတို့၏ အန္တရာယ်များအကြောင်း၊ မြန်မာပြည်သည် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ကမ္ဘာပေါ်တွင် အဆင့်(၂) နေရာဖြစ်သွားရသည့်အတွက် ယင်းပြဿနာကို တစ်မျိုးသားလုံး လှုပ်ရှားမှုကြီးတစ်ခုအနေဖြင့် တိုက်ဖျက်ရန် စားသောက်ဆိုင်တိုင်း၊ မိသားစုတိုင်း၊ ချက်ပြုတ်ထုတ်လုပ်သူတိုင်း လိုက်နာရမည့်အချက်များစသည့် လုံခြုံစိတ်ချရသော ထုတ်ကုန်များ ရွေးချယ်သုံးစွဲစားသောက်တတ်ရန် အခြေခံအချက်အလက်အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က "ပညာရှိနဲ့ ပညာတတ်ဖြစ်ဖို့အတွက် စာများများဖတ်ရင် ဗဟုသုတများများရမယ်။ ဗဟုသုတများများရရင် အတွေးအခေါ်ရှင်သန်မယ်။ အတွေးအခေါ်ရှင်သန်ရင် ဆင်ခြင်တုံတရားရမယ်။ ဆင်ခြင်တုံတရားရရင် အမှားအမှန်ဝေဖန် ပိုင်းခြားတတ်မယ်။ အမှားအမှန်ဝေဖန်ခွဲခြားတတ်မှသာလျှင် ပညာရှိဖြစ်မယ်။ ဒါ့အပြင် လူသားသတ္တဝါအတွက် အကျိုးပြုမယ့် အသိပညာ၊ အတတ်ပညာနဲ့ အခုခေတ်တိုးတက်လာတဲ့ ခေတ်မီနည်းပညာတစ်ခုခုကို တတ်မြောက်ထားမှသာလျှင် ပညာရှိဖြစ်လာနိုင်မှာဖြစ်ပါတယ်" ဟု စာဖတ်ရှိန်မြင့်မားရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးဟောပြောပြီး ကျောင်းတိုက်စံပြကျေးရွာ သုတမင်းစာကြည့်တိုက်အတွက် အသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

# စစ်တွေမြို့၌ စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်

**စစ်တွေ ဧပြီ ၂၂**
ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ပြီး စစ်တွေမြို့ပွိုင့်ကမ်းခြေနှင့် ရှုခင်းသာလမ်းတစ်လျှောက် အမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း ပြည်သူများ လွတ်လပ်စွာ ပျော်ပါးအပန်းဖြေစားသောက်ခဲ့ကြသည့်အတွက် စွန့်ပစ်အမှိုက်များကျန်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ ၎င်းအမှိုက်များကို လျင်မြန်စွာသန့်ရှင်းရေးလုပ်မှ ကောင်းမည်ဖြစ်ကြောင်း၊ နောင်တွင်အမှိုက်များစုပုံလာပြီး မြင်မကောင်းဖြစ်လာမည်တွေ့ရ၍ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးတွင် တိုင်ပင်ဆွေးနွေးခဲ့ပါကြောင်း၊ ထို့ကြောင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား အကူအညီတောင်းပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်တွေမြို့ မြို့မိ/ဖများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နောင်တွင်လည်း ကမ်းခြေတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် တစ်လတစ်ကြိမ် သန့်ရှင်းရေး လုပ်ဆောင်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် ကမ်းခြေဈေးဆိုင်တန်းများမှလည်း အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေး ကြိုးကြပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါက်တာညွန့်ဝေက ပွိုင့်ကမ်းခြေနှင့် ရှုခင်းသာကမ်းခြေက ပြည်သူများ နေ့တိုင်းလမ်းလျှောက်အပန်းဖြေတဲ့ အလွန်သာယာလှပသောနေရာဖြစ်ကြောင်း၊ နိုင်ငံခြားသားဧည့်သည်များလည်း ကိုယ်လက်လှုပ်ရှားအပန်းဖြေ သွားလာနေကြသည်ကိုလည်း တွေ့ရပါကြောင်း၊ ကမ်းခြေ သန့်ရှင်းသာယာလှပရေး ပါဝင်သန့်ရှင်းရေးလုပ်ဆောင်ပေးရသည့်အတွက် ကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ ပြည်သူများကလည်း ကမ်းခြေသာယာလှပရေးအတွက် စည်းကမ်းတကျအမှိုက်စွန့်ရန် လိုကြောင်း ပြောကြားသည်။

ယနေ့စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စစ်တွေမြို့ မြို့မိမြို့ဖများ အင်အား ၁၀၀၀ ကျော်ခန့်တို့သည် ပွိုင့်ကမ်းခြေနှင့် ရှုခင်းသာကမ်းခြေတစ်လျှောက် စွန့်ပစ်အမှိုက်များ၊ ရောမျောကမ်းတင်အမှိုက်များအား ရှင်းလင်းဆောင်ရွက်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။
**တင်ထွန်း(ပြန်/ဆက်)**



မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမမဏ္ဍပ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်မဏ္ဍပ်တို့တွင် တတိယဆုရရှိခဲ့သော မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်္ဂလာမေယိမ်းအဖွဲ့အားဂုဏ်ပြုချီးမြှင့်ပွဲကို ဧပြီ ၂၁ ရက်ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ – ကျော်စိုးမိုး



# ပုဗ္ဗသီရိတွင် သောက်သုံးရေများဖြန့်ဝေ

**နေပြည်တော် ဧပြီ ၂၂**
နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာအုပ်စု အောင်သီရိကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေသန့် ဂါလန် ၁၀၀၀ အား ဧပြီ ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေနွယ်ကျော်ဇော်နှင့် ဝန်ထမ်းများက ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် သွားရောက်၍ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ရွှေရဲရင့်**

# မွန်စာပေသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းကစားနည်းများ ပြုလုပ်ပေး

**ပေါင် ဧပြီ ၂၂**
မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက် ထန်းတောပိုင်းတွင် မွန်စာပေနှင့်ယဉ်ကျေးမှု သင်တန်းကျောင်း၌ မွန်စာပေသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို မွန်ဘာသာ စကားအပြင် ပြင်ပအသိပညာဗဟုသုတ တိုးပွားစေရန်နှင့် မှတ်ဉာဏ်အားကောင်းလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန် မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် မန်မိုရီဂိမ်းကစားနည်းများကို မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးအေးက ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်သို့ ဝင်ထွက်သွားလာခြင်းဖြင့် စာအုပ် စာစောင်များနှင့် ရင်းနှီးပြီး စာဖတ်ချင်စိတ်များရရှိစေရန်နှင့် အတွေးအခေါ်မှန်ကန်ပြီး ဉာဏ်ရည် ဉာဏ်သွေးမြင့်မားလာစေရန်အတွက် ပြိုင်ပွဲများကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား ကလေးသူငယ်ဆိုင်ရာ စာပေရေချမ်းစင် အတွဲ(၅) အမှတ်(၂)မှ စာအုပ်ကို မိနစ် ၃၀ ခန့် ဖတ်စေပြီး မေးခွန်းများပြန်လည် မေးမြန်းခဲ့ရာ အမှတ်အများဆုံးရရှိသူ လေးဦးအား စာရေးကိရိယာလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကလေးစာဖတ်ခန်း၌ ကျောင်းသား ကျောင်းသူများ မှတ်ဉာဏ်အားကောင်းလာစေရန် ဂိမ်းကစားနည်းမျိုးစုံကို ကစားစေပြီး မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်ရှိ ပြတိုက်ငယ်တွင် ခင်းကျင်းပြသထားသော မွန်၊ ကရင်၊ ပအိုးဝ်တိုင်းရင်းသားလူမျိုးများ၏ အသုံးအဆောင်ပစ္စည်းများနှင့် ရိုးရာယဉ်ကျေးမှုပစ္စည်းများကို ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။
**ကိုဟိန်း(ပေါင်)**

# မန္တလေးမြို့တွင် မိုးအနည်းငယ်ထစ်ချုန်းရွာ၍ လေများတိုက်ခတ်

**မန္တလေး ဧပြီ ၂၂**
အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ နေ့အပူချိန်များမြင့်တက်၍ လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှစတင်ပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကျဲကျဲမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့သည်။ မိုးရွာစဉ် လေတိုက်ခတ်ခဲ့သည်။

မန္တလေးမြို့တွင် ဧပြီ ၂၁ ရက် မွန်းတည့် ၁၂ နာရီအထိ နေ့အပူချိန်မှာ ၄၀ ဒီဂရီဖာရင်ဟိုက်ရှိပြီး မိုးများရွာသွန်းပြီးနောက် ၃၅ ဒီဂရီဖာရင်ဟိုက်အထိ အပူချိန်များလျော့နည်းသွားခဲ့သည်။ မှတ်သားဖွယ်မိုးရေချိန်မှာ သုည ဒသမ ၁၁ လက်မနှင့် မိုးကုတ်မြို့တွင် သုည ဒသမ ၄၂ လက်မ ရွာသွန်းခဲ့သည်။ မိုးများရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ၃၆၀ စင်တီမီတာမှ ဧပြီ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ၄၅၃ စင်တီမီတာသို့ရောက်ရှိခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**



# အချစ်သစ်နဲ့အတူပြောင်းလဲလာခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ် ရဲ့ ဖက်ရှင်



**နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ ယခုနှစ် နှစ်စပိုင်းမှာ ချစ်သူသစ်ရရှိသွားကာ သူတို့နှစ်ဦးရဲ့ သတင်းတွေနဲ့ ဓာတ်ပုံတွေဟာ မီဒီယာတွေအကြားမှာ လတ်တလောအချိန်အထိ ရေပန်းအစားဆုံးဇာတ်လမ်းတစ်ပုဒ်ဖြစ်နေဆဲပါ။ ယခင်က ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့လက်တွဲခဲ့ဖူးတဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာတော့ အာရန်ဘီအဆိုတော်တစ်ဦးဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်နဲ့ ချစ်သူတွေအဖြစ် ပေါ်ပေါ်ထင်ထင်လက်တွဲလာခဲ့တာဖြစ်ပါတယ်။ ဒီလိုချစ်သူသစ်ရသွားတဲ့ဆယ်လီနာဂိုမက်ဇ်ကို မီဒီယာစာမျက်နှာတွေပေါ်မှာ မကြာခဏတွေ့မြင်နေရပြီး ချစ်သူသစ်ရပြီးနောက် သူ့ရဲ့ထူးခြားတဲ့အရာတစ်ခုကိုလည်း သတိထားမိလာတာဖြစ်ပါတယ်။ အဲဒါကတော့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ဝတ်စားဆင်ယင်ပုံပဲဖြစ်ပါတယ်။**

အေးပြည့်
ရေးသားသည်



ချစ်သူသမီးရည်းစားဆက်ဆံရေးတိုင်းမှာ ကိုယ့်ရဲ့ချစ်သူအကြိုက်ကို လိုက်ကာ ပြောင်းလဲဝတ်ဆင်လေ့ရှိတဲ့အတွက် ဖက်ရှင်ဒီဇိုင်းဟာလည်း ယခင်ဝတ်နေကျပုံစံတွေနဲ့ အနည်းငယ်ကွဲပြားသွားလေ့ရှိတာ သဘာဝပဲဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်နဲ့လက်တွဲနေတဲ့ချစ်သူရဲ့ စရိုက်သဘာဝနဲ့ ဝတ်စားဆင်ယင်မှုပုံစံနဲ့လိုက်ဖက်အောင်လည်း ပြောင်းလဲဝတ်ဆင်ကြလေ့ရှိတာဖြစ်ပါတယ်။ ဒီလိုချစ်သူသစ်ရပြီးတဲ့နောက် ဒီဇိုင်းပြောင်းသွားတဲ့ အမျိုးသမီးတွေထဲမှာ ဆယ်လီနာဂိုမက်ဇ်လည်း တစ်ဦးအပါအဝင်ဖြစ်တာတွေ့ရပါတယ်။

ဆယ်လီနာရဲ့ ပြောင်းလဲမှုတွေထဲမှာ အသိသာဆုံးကတော့ သူ့ရဲ့ဝတ်ဆင်ပုံတွေဟာ ယခင်က ဝတ်နေကျပုံစံတွေထက် ပိုမိုဆွဲဆောင်မှုရှိအောင် ခန္ဓာကိုယ်ကိုလှစ်ဟပြကာ ဝတ်ဆင်လာတာတွေကို တွေ့နေရတာဖြစ်ပါတယ်။ ယခင်က ဂျက်စတင်ဘီဘာနဲ့လက်တွဲနေစဉ်ကာလတွေအတွင်းမှာတော့ ဒီလိုလျှပ်ပေါ်လော်လီတဲ့ ဝတ်စားဆင်ယင်မှုတွေဝတ်ဆင်တာကို သိပ်မတွေ့ရပါဘူး။ ဂျက်စတင်ဘီဘာနဲ့လမ်းခွဲပြီးနောက်ပိုင်း ချစ်သူသစ်မရသေးမီကာလအတွင်းမှာလည်း အလားတူပဲဖြစ်ပါတယ်။ ဒါပေမယ့် သယ်ဝိခ်ကန်းနဲ့ ချစ်သူတွေဖြစ်လာပြီးတဲ့နောက်မှာတော့ ဆယ်လီနာရဲ့ ဝတ်စားဆင်ယင်ပုံဟာ သိသိသာသာလေးကိုပြောင်းလဲသွားခဲ့တာပဲဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ကတော့ အမြဲတမ်းဆံပင်အရှည်တွေကို နှစ်သက်စွာထိန်းသိမ်းခဲ့တဲ့ ဆယ်လီနာဟာ သူ့ရဲ့ဆံပင်တွေကို သယ်ဝိခ်ကန်းဒ်နဲ့လက်တွဲခဲ့ချိန်မှာတော့ ပခုံးသာသာညှပ်ပစ်ခဲ့တာဖြစ်ပါတယ်။ ဆံပင်တိုတိုလေးနဲ့ ဆယ်လီနာဟာ ပိုမိုငယ်ရွယ်သွက်လက်တဲ့ဟန်ပေါ်ကာ တစ်မူထူးခြားချစ်စရာလေးဖြစ်သွားတာတော့ အမှန်ပဲဖြစ်ပါတယ်။

နောက်ထပ်ထူးခြားတာကတော့ ဆယ်လီနာဂိုမက်ဇ်ဟာ နေကာမျက်မှန်အမျိုးမျိုးကို ဖက်ရှင်ကျကျဝတ်ဆင်လာတာကိုလည်း တွေ့ရပြန်ပါတယ်။ ချစ်သူသစ်နဲ့ ချိန်းဆိုတွေ့ဆုံတဲ့အခါတွေမှာလည်း တစ်ခါတစ်ရံ နေကာမျက်မှန်ကို ဝတ်ဆင်တာတွေ့ရပါတယ်။ သူဝတ်ဆင်ခဲ့တဲ့ မျက်မှန်တွေထဲမှာ ထူးခြားတဲ့ မျက်မှန်တစ်ခုကတော့ အနီရောင်မှန်တပ်ဆင်ထားတဲ့ မျက်မှန်လေးဖြစ်ပြီး ယင်းကို ဆယ်လီနာဂိုမက်ဇ်ဝတ်ဆင်ခဲ့တာကို တစ်ကြိမ်မက တွေ့မြင်ခဲ့ရတဲ့အတွက် သူကြိုက်နှစ်သက်တဲ့ မျက်မှန်ဖြစ်တယ်လို့ဆိုရမှာလည်း ဖြစ်ပါတယ်။

သူ့ရဲ့ဝတ်စားဆင်ယင်မှုအပိုင်းမှာ ထူးခြားတဲ့နောက်ထပ်အကြောင်းအရာတစ်ခုကတော့ ဖိနပ်ပဲဖြစ်ပါတယ်။ ဆယ်လီနာဂိုမက်ဇ်ဟာ သယ်ဝိခ်ကန်းဒ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေစတင်ပေါ်ထွက်ခဲ့ချိန်မှ လတ်တလောအချိန်အထိ မီဒီယာတွေက မှတ်တမ်းတင်နိုင်ခဲ့တဲ့ဓာတ်ပုံအတော်များများမှာတော့ ဆယ်လီနာဂိုမက်ဇ်ဟာ အဖြူရောင်အားကစားဖိနပ်အမျိုးမျိုးကို ဝတ်ဆင်လေ့ရှိတာကို တွေ့ရပါတယ်။ အခမ်းအနားတွေတက်ရောက်စဉ်နဲ့ အချို့သောချိန်းဆိုတွေ့ဆုံမှုအတွင်း ဒေါက်ဖိနပ်စီးလေ့ရှိတာမှအပ အခြားသောသာမန်အချိန်တိုင်းလိုလိုမှာ အားကစားဖိနပ်အဖြူလေးစီးလေ့ရှိတာ တွေ့ရပါတယ်။ အားကစားဖိနပ်တွေထဲမှာမှ အောက်ခံထူထူတွေပါတဲ့ဖိနပ်မျိုးမဟုတ်ဘဲ သက်သောင့်သက်သာဖြစ်စေမယ့် ဖိနပ်အပါးမျိုးကိုသာ ဝတ်ဆင်လေ့ရှိတာဖြစ်ပါတယ်။ ဒီလိုဝတ်ဆင်လေ့ရှိရာမှာတော့ နာမည်ကျော်ဖိနပ်အမှတ်တံဆိပ်တွေထဲက ရွေးချယ်ဝတ်ဆင်လေ့ရှိပေမယ့် အမှတ်တံဆိပ်တစ်ခုတည်းကို စွဲမြဲဝတ်ဆင်တာမျိုးမဟုတ်ဘဲ တံဆိပ်အမျိုးမျိုးကထုတ်လုပ်တဲ့ ပုံစံဒီဇိုင်းမတူတဲ့ ဖိနပ်တွေဖြစ်နေတာကိုလည်း တွေ့ရပါတယ်။

အဝတ်အစားမှာတော့ လက်ရှိဆယ်လီနာဂိုမက်ဇ်ဟာ ယခင်က ဆယ်လီနာဂိုမက်ဇ်ထက် ပိုမိုဆွဲဆောင်အားပြင်းတဲ့ အဝတ်တွေဝတ်လာတာကို တွေ့ရပါတယ်။ များသောအားဖြင့် အခမ်းအနားတွေတက်ရောက်ရာမှာလည်း ခန္ဓာကိုယ်အပေါ်ပိုင်းကို လှစ်ဟပြလေ့ရှိတဲ့ ဝတ်စုံတွေကို ဝတ်ဆင်လာတာတွေ့ရပါတယ်။ တစ်ခါတလေမှာ အပေါက်တွေအများကြီးဖောက်ထားကာ ကိုယ်ခန္ဓာအချိုးအဆစ်တွေကို တစ်စိတ်တစ်ပိုင်းဖော်ပြထားတဲ့ဝတ်စုံမျိုးကိုတောင် ဝတ်ဆင်တာတွေ့ရပါတယ်။ ဒီလိုဝတ်ဆင်မှုတွေဟာ ကောဇောနီပေါ် လျှောက်လှမ်းစဉ်မှာသာ ဝတ်ဆင်တာမျိုးမဟုတ်ဘဲ တစ်ခါတလေ ချစ်သူနဲ့ ချိန်းဆိုတွေ့ဆုံစဉ်မှာလည်း ဝတ်ဆင်လေ့ရှိတာတွေ့ရပါတယ်။ လက်တလော ဝတ်စားဆင်ယင်မှုပုံစံကြောင့် ဆယ်လီနာဂိုမက်ဇ်ဟာ ယခင်ကထက် ပိုမိုညှို့အားပြင်းတဲ့သူတစ်ယောက်ဖြစ်လာတာတော့ ဘယ်သူမှမငြင်းနိုင်တဲ့အရာပဲ ဖြစ်ပါတယ်။

လတ်တလောမှာ ဆယ်လီနာဂိုမက်ဇ်ဟာ ဒီလို ပေါ်ပေါ်လော်လော် အဝတ်အစားဒီဇိုင်းတွေကို ရွေးချယ်ဝတ်ဆင်တာမျိုးတွေချည်းပဲလားဆိုတော့လည်း မဟုတ်ပြန်ပါဘူး။ လက်ရှိချစ်သူ သယ်ဝိခ်ကန်းဒ်ဟာ ချစ်သူဟောင်း ဂျက်စတင်ဘီဘာထက် ရိုးရိုးရှင်းရှင်းဒီဇိုင်းတွေကို ဝတ်ဆင်တတ်တဲ့သူတစ်ဦးဖြစ်ပြီး များသောအားဖြင့် အနက်ရောင်တွေကိုသာ ရွေးချယ်ဝတ်ဆင်တာ



များပါတယ်။ ဂျင်းအကျႌနဲ့ ဘောင်းဘီရှည်ကို အမြဲလိုလိုတွဲဖက်ဝတ်ဆင်လေ့ရှိပြီး ပေါ့ပေါ့ပါးပါးဒီဇိုင်းနဲ့နေလေ့ရှိတဲ့ သယ်ဝိခ်ကန်းဒ်နဲ့ လိုက်ဖက်ညီအောင် ဆယ်လီနာဂိုမက်ဇ်ဟာလည်း ပေါ့ပါးတဲ့ဒီဇိုင်းတွေကို ပိုမိုဝတ်ဆင်လာတာတွေ့ရပါတယ်။ သိမ်မတိုလွန်း၊ မကျပ်လွန်းတဲ့ ဂါဝန်လေးတွေကို မိန်းကလေးဆန်ဆန်ဝတ်ဆင်တာမျိုးတွေကို ရှိလာပြီး အားကစားဝတ်စုံလို ဝတ်စုံတွေကို ဝတ်ဆင်တာလည်းတွေ့ရပါတယ်။ ဒီလိုဝတ်ဆင်ရာမှာလည်း နောက်ကျောဖော်ထားတာတွေ၊ ခါးအပေါ်အထိသာရှိတဲ့ အကျႌမျိုးတွေနဲ့တွဲဖက်ဝတ်ဆင်တာကိုလည်း တွေ့ပြန်ပါတယ်။ ဒါ့အပြင်သူဟာ လက်ရှိခေတ်စားနေတဲ့ ဖက်ရှင်ရေစီးကြောင်းတစ်ခုဖြစ်တဲ့ ပြီးခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်တွေအတွင်း ရေပန်းစားခဲ့တဲ့ ဒီဇိုင်းတွေကို ပြန်လည်ဝတ်ဆင်လာတာကိုလည်း တွေ့ရပါတယ်။

ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း စားသောက်ဆိုင်တစ်ခုကနေ ပြန်လည်ထွက်လာခဲ့စဉ် နှစ်ဦးသားနမ်းနေကြတဲ့ ဓာတ်ပုံတွေဟာ ဟောလိဝုဒ်မီဒီယာတွေအကြား ပျံ့နှံ့လာခဲ့ကာ အဲဒီနောက်ပိုင်းမှာ ပေါ်ပေါ်ထင်ထင်လက်တွဲလာခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် သီတင်းပတ်အနည်းငယ်အကြာမှာ ဆယ်လီနာဂိုမက်ဇ်က အဆိုပါဆက်ဆံရေးနဲ့ ပတ်သက်ပြီး သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်အထိ တရားဝင်ခေါ်ဆောင်လာခဲ့ကာ အီတလီနိုင်ငံနဲ့ ပဲရစ်မြို့တွေကိုလည်း အတူတူ အလည်အပတ်ခရီးတွေထွက်ခဲ့ကြပါတယ်။ ဒါ့အပြင် ဆယ်လီနာကလည်း ချစ်သူသစ် သယ်ဝိခ်ကန်းဒ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲကျင်းပရာ မြို့တွေဖြစ်ကြတဲ့ ဇူးရစ်နဲ့ မက်ဟန်တန်အထိပါလိုက်ပါခဲ့ကာ ချစ်သူကို အားပေးခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါကြယ်ပွင့်စုံတွဲဟာ သူတို့နှစ်ဦးရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး မီဒီယာတွေကိုတော့ လတ်တလောအချိန်အထိ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးတာကြောင့် သူတို့နှစ်ဦး မီဒီယာတွေကို ကိုယ်တိုင်ဖွင့်ဟလာမယ့်အချိန်ကိုလည်း ဟောလိဝုဒ်မီဒီယာတွေကစောင့်စားနေရင်း သူတို့ရဲ့ ကောလာဟလတွေကိုလည်း အဆက်မပြတ်စောင့်ကြည့်နေတဲ့အတွက် အဆိုပါအချစ်ဇာတ်လမ်းဟာလည်း မီဒီယာတွေအတွက် စိတ်ဝင်စားစရာဇာတ်လမ်းတစ်ပုဒ်အဖြစ် ရှိနေဆဲဖြစ်ပါတယ်။

ယခုနှစ်နှစ်စကတည်းက ချစ်သူတွေအဖြစ်လက်တွဲခဲ့ကြတဲ့ ဂီတကြယ်ပွင့်နှစ်ဦးဟာ လက်ရှိမှာတော့ ချစ်သူသက်တမ်း လေးလခန့်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီလိုအချိန်တိုလေးအတွင်းမှာတော့ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးဟာတော့ အတော်လေးခရီးရောက်ခဲ့ပြီဖြစ်ကာ နှစ်ဦးသားကလည်း တစ်ဦးကိုတစ်ဦး အချိန်ပေးကာ မကြာခဏချိန်းဆိုတွေ့ဆုံလေ့ရှိတာကြောင့် မီဒီယာစာမျက်နှာပေါ်မှာ မကြာမကြာဖော်ပြခံနေရပါတယ်။ဒါ့ကြောင့် ဒီလိုမီဒီယာတွေက ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေမှာတွေ့နေရတဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ဝတ်စားဆင်ယင်မှုအပိုင်းနဲ့ပတ်သက်ပြီးလည်း သတိပြုမိလာကြတာဖြစ်ပါတယ်။

ချစ်သူသစ်ရပြီးတဲ့နောက်မှာ ဆယ်လီနာဂိုမက်ဇ်ရဲ့ ဖက်ရှင်ပြောင်းလဲလာတာတော့အမှန်ပဲ ဖြစ်ပါတယ်။ ဆယ်လီနာရဲ့ ပြောင်းလဲမှုတွေကို လေ့လာကြည့်မယ်ဆိုပါက လက်ရှိဖက်ရှင်ရေစီးကြောင်းနဲ့အတူ လိုက်ပါပြောင်းလဲခဲ့တာတွေရှိသလို၊ ချစ်သူသစ်နဲ့ လိုက်ဖက်ညီဖို့အတွက် ဝတ်စားဆင်ယင်ပုံကို ပြောင်းလဲလိုက်တာတွေလည်းရှိပါတယ်။ အချို့သောပြောင်းလဲမှုတွေကတော့ သူ့ရဲ့အကြိုက်ပြောင်းလဲသွားလို့ ဆန္ဒအရ ပြုပြင်ခဲ့တာတွေလည်းရှိခဲ့ပါတယ်။ ချစ်သူသစ်ရပြီးတဲ့နောက်ပိုင်းမှာ ဆယ်လီနာဂိုမက်ဇ်ဟာ လူသစ်တစ်ယောက်ပြောင်းသွားသလို ပြောင်းလဲလိုက်တာမျိုးတော့မဟုတ်ပေမယ့် ယခင်ကထက် ထူးခြားပြီး သီးသန့်ဆန်တဲ့ ဖက်ရှင်မျိုးကို ဝတ်ဆင်လာတယ်လို့ဆိုရမှာပါ။ ဒါ့အပြင် ယခင်ကထက် ပိုမိုစွဲဆောင်မှုရှိတဲ့ပုံစံမျိုးတွေ ဝတ်ဆင်လာတဲ့အတွက် ဆယ်လီနာဂိုမက်ဇ်ဟာ ချစ်သူသစ် သယ်ဝိခ်ကန်းဒ်နဲ့ လက်တွဲခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ အတိုင်းအတာတစ်ခုအထိပြောင်းလဲသွားခဲ့ကာ ယခင်ကထက် ပိုမိုညှို့ချက်ပြင်းပြီး ရင့်ကျက်ကာ စတိုင်ကျလာတာကတော့ အသေအချာပဲဖြစ်ပါတယ်။





## ၁၂ ဘီး ကုန်တင်ယာဉ်ပေါ်ရှိ ဆန်အိတ်များအောက် သို့ဝှက်သယ်ဆောင်လာသည့်သစ်များ မန္တလေး- မူဆယ်လမ်းကြောင်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် မေ ၂၂**

မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်ပေါ်တွင် ဆန်အိတ်များအောက်၌ သို့ဝှက်သယ်ဆောင်လာသည့်သစ်များ မေ ၂၀ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မန္တလေး-မူဆယ်လမ်းကြောင်းပေါ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှ တရားမဝင် ကုန်သွယ်မှုများကို စစ်ဆေးလျက်ရှိရာ Mitsubishi ၁၂ ဘီးယာဉ်ပေါ်တွင် ဆန်အိတ်များအောက်၌ သို့ဝှက်သယ်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော တမလန်းသစ် ၂ ဒသမ ၈၁ တန်ခန့်နှင့် သယ်ဆောင်သည့် ယာဉ်အပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၂၂ ဒသမ ၈၁ သန်းခန့်အား တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း ကုန်သွယ်မှုလမ်းကြောင်းတွင် ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်နှင့် မြန်မာနိုင်ငံအောက်ပိုင်းကုန်သွယ်မှုလမ်းကြောင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့မှ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်မှ တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၇ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၉၅ သန်းခန့်) သိမ်းဆည်းနိုင်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မေ ၂၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉၆ စီး၊ သွင်းကုန် ၃၈၄ စီးရှိခဲ့ပြီး မြဝတီ-ရန်ကုန် လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၉၈ စီး ကုန်စည်များ သယ်ဆောင်ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။ **(၀၀၁)**

## ကျွန်းလှမြို့တွင် ပျက်စီးနေသောအားကစားရုံ ပြန်လည်တည်ဆောက်ပေးရေးမျှော်လင့်

**ကျွန်းလှ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့တွင် ပျက်စီးနေသော အားကစားရုံကို ပြန်လည်တည်ဆောက်ပေးရေး မျှော်လင့်နေကြကြောင်း သိရသည်။

အဆိုပါအားကစားရုံကို ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး လေပြင်းတိုက်ခတ်ခံရ၍ အမိုးများခဏခဏ ပြုပြင်ရကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် အမိုးများပျက်စီးနေသော်လည်း အန္တရာယ်ရှိသောကြောင့် ပြုပြင်နိုင်ခြင်းမရှိကြောင်း၊ အားကစားရုံအားဖျက်ပြီး အသစ်ပြန်လည်တည်ဆောက်ရန် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့အားကစားသမားတွေမှာ အားကစားရုံအတွင်းယခင်က ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘောကစားနည်းတွေကို လေ့ကျင့်ကစားခဲ့ကြပါတယ်။ ညဘက်ဆိုရင် လူကြီးနှင့်လူငယ်တွေ အဖွဲ့ဖွဲ့ပြီး ကြက်တောင်ရိုက်ကြပါတယ်။ အားကစားရုံကြီးပျက်စီးနေတာ ကြာတော့ အားကစားမလုပ်ရတာကြာပြီ။ ပြန်လည်တည်ဆောက်ပေးဖို့ မျှော်လင့်နေကြပါတယ်" ဟု အားကစားသမားတစ်ဦးက ပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ကျောက်ကြီးမြို့နယ် လိုင်စင်မဲ့ Battery စက်သုံးဆီအရောင်းဆိုင်များ ဖမ်းဆီးနိုင်ခြင်းမရှိသေး

**ကျောက်ကြီး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းရှိ Battery လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင်များ ဖမ်းဆီးအရေးယူ ဆောင်ရွက်မှုများ ပြုလုပ်နိုင်ခြင်းမရှိခြင်းသည် တရားဥပဒေစိုးမိုးမှုကို မျက်ကွယ်ပြုရာ ရောက်ကြောင်း ကျောက်ကြီးမြို့ လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်စွဲဖြင့် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာအမှတ် ၅/၁-၃၆/ဦး ၆ဖြင့် လိုင်စင်မဲ့စက်သုံးဆီအရောင်းဆိုင်များ အမြန်ဆုံးအရေးယူဆောင်ရွက်နိုင်ရန် ညွှန်ကြားမှု ထုတ်ပြန်ထားကြောင်း ကျောက်ကြီးမြို့ မီးသတ်ဌာနက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောက်ကြီးမြို့နယ်တွင် တရားဝင်ရောင်းချခွင့်လိုင်စင်ချပြီးသား သုံးဆိုင်သာရှိပြီး ၎င်းတို့မှာ ရွှေခရီးစက်သုံးဆီအရောင်းဆိုင်၊ ကျော်ကြားစက်သုံးဆီအရောင်းဆိုင်နှင့် ထီးဆဲ့မဲ့ယွာစက်သုံးဆီအရောင်းဆိုင်တို့ဖြစ်ကြောင်း



ကျောက်ကြီးမြို့ မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးစောနောင်က ပြောသည်။ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၃/၁၀/၂၀၁၆ ရက်စွဲပါစာ အမှတ်၈/၂၁-၁/ ဦး၆အား ရည်ညွှန်းစာဖြင့် ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်နှင့် ဖဒိုမြို့တို့တွင် လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင် ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချနေသဖြင့် အမြန်ဆုံး ဖယ်ရှားပေးရန် ဖြူးမြို့နယ် ဇေယျဝတီမြို့နေ ဦးကလူး(လှရတနာ)၏ တိုင်တန်းထားမှုကို အခြေခံကာ ထုတ်ပြန်ထားကြောင်း၊ ရည်ညွှန်းစာ ထုတ်ပြန်ချက် ပေးပို့ထားခြင်းသိရှိရုံမျှသာ လုပ်ဆောင်ထားပြီး အမှန်တကယ် စက်သုံးဆီအရောင်းဆိုင်များအတွက် Battery စက်သုံးဆီအရောင်းဆိုင်များ ပေါများနေခြင်းကြောင့် မီးဘေးအန္တရာယ်များသာမက အခွန်ငွေပေး လုပ်ထားရသော လုပ်ငန်းရှင်များပါ နစ်နာနေကြောင်း တရားဝင်စက်သုံးဆီ အရောင်းဆိုင်ပိုင်ရှင်များထံမှ သိရသည်။

လိုင်စင်မဲ့စက်သုံးဆီ အရောင်းဆိုင် ဖမ်းဆီးရေးတွင် ရဲတပ်ဖွဲ့တစ်ခုတည်းသာ ဆောင်ရွက်၍မရကြောင်းနှင့် ဥပဒေကြောင်းအရ မီးသတ်တပ်ဖွဲ့မှ ဖမ်းဆီးပြီး ရဲစခန်းမှအမှုဖွင့်ဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပူးပေါင်းပါဝင်ရပြီး လမ်းဘေးဆီရောင်းချခြင်း အမြတ်အစွန်းမှ မီးလောင်ဆုံးရှုံးမှုဖြစ်သွားပြီဆိုပါက ဆုံးရှုံးမှုပိုများနိုင်သည်ဟု ကျောက်ကြီးမြို့မရဲစခန်း ဒုတိယရဲမှူးဦးမြင့်ဇော်က ပြောကြားသည်။ ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအတွင်း လိုင်စင်မဲ့ Battery စက်သုံးဆီအရောင်းဆိုင် ၅၀ ကျော်ရှိနေပြီး လမ်းဘေးပုလင်းထောင် ရောင်းချသူများကို မြို့မရပ်ကွက်များတွင်သာ မရောင်းချရန် လက်မှတ်ရေးထိုးခိုင်းခြင်းများရှိနေသော်လည်း မုန်းဒေသရှိ Battery စက်သုံးဆီအရောင်းဆိုင်များ ဆက်လက်ရောင်းချနေခြင်းသည် ကျောက်ကြီးမြို့နယ်ရှိ သက်ဆိုင်ရာ တာဝန်ရှိသူများ မျက်ကွယ်ပြုရာရောက်ကြောင်း ကျောက်ကြီးမြို့ လေ့လာ စောင့်ကြည့်သူတစ်ဦးက ဝေဖန်ပြောဆိုသည်။

"တရားမဝင်စက်သုံးဆီဆိုင်ဖမ်းမယ်ဆိုရင် ကျောက်ကြီးမြို့နယ်မှမဟုတ်ဘူး တစ်နိုင်ငံလုံးဖမ်းလို့ကုန်မှာမဟုတ်ဘူး။ စက်သုံးဆီဆိုင်ဆိုတာ အရင်းအနှီးများပါတယ်။ ရောင်းချတယ်ဆိုပေမယ့် နားလည်မှုတွေတော့ လုပ်ထားရတာပါ။ အဓိကကတော့ မီးလောင်မှုမဖြစ်ဖို့ အရေးကြီးတာပါ။ အရောင်းဆိုင်အနေနဲ့ မီးကို အထူးဂရုစိုက်ပါတယ်" ဟု ကျောက်ကြီးမြို့နယ် မုန်းဒေသ Battery စက်သုံးဆီ အရောင်းဆိုင်ပိုင်ရှင် ဦးကျော်သန်းက ပြောသည်။

**(ကိုကျောက်ကြီး)**

## လုံးတုံရဲစခန်းပိုင်နယ်မြေတွင် ဘုရားဖူးယာဉ် တိမ်းမှောက်မှု ဖြစ်ပွား

**မိုးညှင်း မေ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လုံးတုံရဲစခန်းပိုင်နယ်မြေ နန့်မွန်း-အုန်းစံဆိုင်သွား ကားလမ်းတွင် မေ ၂၂ ရက်က ဘုရားဖူးလာသော မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က လုံးတုံနယ်ရဲစခန်းနယ်မြေတွင် ဒုရဲအုပ်ဝေမင်းဖြိုး တာဝန်ဆောင်ရွက်နေစဉ် နန့်မွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က နန့်မွန်းကျေးရွာတောင်ဘက် သုံးမိုင်ခန့်အကွာ နန့်မွန်း-အုန်းစံဆိုင်သွားလမ်း ကုန်းအတက်တွင် ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားနေကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် ဒုရဲအုပ်ဝေမင်းဖြိုးနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးရာ အင်းတော်ကြီး ရွှေမဥ္ဇူရေလယ်ဘုရားမှ ဘုရားဖူးပြန်လာသော ကျော်ဇေယျ (၄၃)နှစ် အောင်မြေသာစံမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် HH/--- Light Truck အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည် ၁၅ ဦးအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးခုနစ်ဦးတို့မှာ ဒဏ်ရာအသီးသီး ရရှိခဲ့သဖြင့် မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသလျက်ရှိကြောင်း၊ ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် ယာဉ်မောင်းကျော်ဇေယျအား လုံးတုံနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၅၈)**

## လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မယ်စဲ့မြို့ ထွေ/အုပ်ဝန်ထမ်းအိမ်ရာ အမိုးလန်ပျက်စီး

**မယ်စဲ့ မေ ၂၂**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့တွင် ယနေ့ညနေ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ မြားတန်းသုံးခု၊ သွပ် (၆ပေ×၄ပေ)၁၀၅ ချပ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ မြားတန်း၊ သွပ်(၆ပေ×၄ပေ) အချပ် ၃၀ စုစုပေါင်း သွပ် ၁၃၅ ချပ် အမိုးလန် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၇၀၀၀၀၀ ခန့်ရှိကြောင်း၊ ဝန်ထမ်းလေးဦး ယာယီနေထိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။**ဝတ်ရည်(ပြန်/ဆက်)**



# ပြင်းထန်သည့်ဒူးအရွတ်ကြောဒဏ်ရာကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ အီဗရာဟီမိုဗစ် အနားယူရမည်

မန်ယူက အန်းဒါးလက်ချ်ကို အနိုင်ရသည့် ပွဲစဉ်အတွင်း မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ် ရရှိခဲ့သောဒဏ်ရာမှာ ဒူးအဓိက အရွတ်ကြောတစ်ခုပျက်စီးသွားခြင်းဖြစ်ရာ ၂၀၁၈ခုနှစ် ဇန်နဝါရီလအထိ အနားယူရန် ရှိနေပြီဖြစ်သည်။ မိုဗစ်မှာ ယခုနှစ်ရာသီအကုန်တွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် အန်းဒါးလက်ချ်နှင့် ပွဲစဉ်မှာ အီဗရာဟီမိုဗစ်၏ မန်ယူဂျာစီဝတ်ဆင်ခဲ့သည့် နောက်ဆုံးပွဲစဉ် ဖြစ်လာနိုင်သည်ဟူသော ယူဆချက်များ ထွက်လာစေခဲ့သည်။ မန်ယူနည်းပြ မော်ရင်ဟိုက မိုဗစ်ကို တစ်နှစ်စာချုပ်သက်တမ်း ထပ်တိုးရန် ကမ်းလှမ်းထားသော်လည်း မိုဗစ်က ရာသီကုန်အထိစောင့်ကြည့်ဦးမည်ဟုသာ တုံ့ပြန်ထားပြီး လက်မှတ်ရေးထိုးခြင်းမရှိခဲ့ပေ။

အီဗရာဟီမိုဗစ်၏ ဒဏ်ရာမှာ ခွဲစိတ်ကုသရမည်ဖြစ်ပြီး ပြန်ကစားနိုင်ရန် အနည်းဆုံးကိုးလခန့်အချိန်ယူရမည်ဖြစ်သည်။ ယခုကဲ့သို့ ဒဏ်ရာပြဿနာရှိခဲ့ပြီဖြစ်သဖြင့် မန်ယူအသင်းဘက်မှလည်း အီဗရာဟီမိုဗစ်ကို သက်တမ်းတိုးမည်၊ မတိုးမည်ဆိုသည် မသေချာသည့် အနေအထားရောက်ရှိသွားပြီဖြစ်သည်။ ထို့ကြောင့် မိုဗစ်နှင့် မန်ယူ၏ အနာဂတ် ဘယ်လိုစခန်းသွားမလဲဆိုသည်ကို မီဒီယာများက စိတ်ဝင်တစားစောင့်ကြည့်နေကြပြီဖြစ်သည်။

အီဗရာဟီမိုဗစ်ကဲ့သို့သော ဒဏ်ရာမျိုးရရှိခဲ့ဖူးသော အခြားပရီမီယာလိဂ်ကစားသမားများမှာလည်း အနည်းဆုံးကိုးလနီးပါး အနားယူခဲ့ရတဲ့အတွက် မိုဗစ်လည်း ၂၀၁၈ ခုနှစ်ဇန်နဝါရီလလောက်အထိ အနားယူရမည်ဟု ခန့်မှန်းနေကြခြင်းဖြစ်သည်။ ထို့ပြင် မိုဗစ်၏ ပရော်ဖက်ရှင်နယ်သက်တမ်းတစ်လျှောက်တွင် ယခုကဲ့သို့ ပြင်းထန်သည့် ဒဏ်ရာမျိုး တစ်ကြိမ်တစ်ခါမျှ ရရှိခဲ့ဖူးခြင်းမရှိရာ ယခုဒဏ်ရာရရှိမှုက ကာယကံရှင်ကစားသမားအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်လည်း ဖြစ်လာခဲ့သည်။

အီဗရာဟီမိုဗစ်ကဲ့သို့ အလားတူ ဒဏ်ရာရရှိခဲ့သော အခြားပရီမီယာလိဂ်ကစားသမားများမှာ ချယ်လ်ဆီးရဲ့ ဇူးမား၊ လီဗာပူးရဲ့ ဒန်နီအင်းစ်၊ အာဆင်နယ်နောက်ခံလူ ကားလ်ဂျက်ကင်ဆန်တို့ဖြစ်သည်။ အာဆင်နယ်တောင်ပံ တိုက်စစ်မှူး သီယိုဝဲလ်ကော့မှာလည်း ၂၀၁၄ခုနှစ်တွင် ယင်းဒဏ်ရာမျိုးရရှိခဲ့ဖူးသော်လည်း နည်းပြဝင်းဂါးက အသက်(၃၀)ကျော်ကစားသမားများအတွက်သာ နဂို အခြေအနေပြန်ရောက်ရန် ခဲယဉ်းပြီး ငယ်ရွယ်တဲ့ ကစားသမားများအတွက် ပြဿနာမရှိကြောင်း ဆိုခဲ့ဖူးသည်။ မိုဗစ်မှာမူ လက်ရှိတွင် အသက်(၃၅)နှစ်ရှိပြီဖြစ်သောကြောင့် သူ့၏ ကြံ့ခိုင်မှု နဂိုအနေအထားပြန်ရောက်ရန် ခက်ခက်ခဲခဲ ရုန်းကန်ရဖွယ်ရှိသည်။ ❑





## အာဆင်နယ်နှင့် ပွဲစဉ်တွင် မန်စီးတီးအတွက် ဂျီးဆပ်ဇ်ပါဝင်လာမည်

အာဆင်နယ်နှင့် ယှဉ်ပြိုင်မည့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်တွင် မန်စီးတီးအတွက် တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ဇ် ပါဝင်လာမည် ဖြစ်ကြောင်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက အတည်ပြုပြောကြားခဲ့ရာ မန်စီးတီးပရိသတ်များအတွက် သတင်းကောင်းပင်ဖြစ်သည်။ ဂျီးဆပ်ဇ်မှာ ဖေဖော်ဝါရီလအတွင်း ခြေချောင်းရိုးကျိုးသွားခဲ့သဖြင့် ရာသီကုန်အထိ အနားယူရမည်ဟု အစောပိုင်းက ခန့်မှန်းခဲ့ကြသော်လည်း ယခုအခါ ခန့်မှန်းကာလထက်စောပြီး နှစ်လသာ အနားယူခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်အတွင်း ပြောင်းရွှေ့ကြေးပေါင် ၂၇သန်းဖြင့်ရောက်ရှိလာခဲ့သူ ဂျီးဆပ်ဇ်မှာ ဘုန်းမောက်ကို ရင်ဆိုင်ခဲ့တဲ့ပွဲစဉ်အတွင်း ခြေချောင်းရိုးကျိုးသွားခဲ့ခြင်းဖြစ်သည်။ သို့သော် သောကြာနေ့က ပြုလုပ်တဲ့ လေ့ကျင့်ရေးအစီအစဉ်တွင် ဂျီးဆပ်ဇ် ပါဝင်နိုင်ခဲ့ပြီးနောက် ဂွါဒီယိုလာက“ ဒီနေ့ သူလေ့ကျင့်ရေး အစီအစဉ်မှာပါဝင်နိုင်ခဲ့ပါတယ်။ သူပျော်ရွှင်နေသလို ကျွန်တော်တို့လည်း ပျော်ရွှင်ခဲ့ရပြီး သူပိုကောင်းအောင်ကစားနိုင်ခဲ့ပါတယ်။ အခုလေ့ကျင့်ရေးဆင်းသူတွေအားလုံး ဝင်ဘလေကို သွားကြမှာဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

ဂျီးဆပ်ဇ်မှာ မန်စီးတီးအတွက် စတင်ပွဲထွက်ကစားခွင့်ရတဲ့ ပွဲစဉ်မှာပင် ဂိုးဖန်တီးမှုနှင့် ကိုယ်တိုင်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းကိုပါ ရရှိခဲ့သူဖြစ်သည်။ ဂျီးဆပ်ဇ်ရောက်ရှိလာခဲ့ပြီးနောက် ဒဏ်ရာမရရှိမီ အချိန်ထိ နည်းပြ ဂွါဒီယိုလာက ဂျီးဆပ်ဇ်ကိုသာ ပွဲထွက်ကစားသမားအဖြစ်အသုံးပြုခဲ့ရာ မန်စီးတီးတိုက်စစ်မှူး ဝါရင့်တိုက်စစ်မှူး အဂူရိုရဲ့ အနာဂတ်ကိုပါ လှုပ်ခတ်ခဲ့ရသည်။

## ရီးယဲလ်သို့ လီဝန်ဒေါ့စကီးလာရောက်ကစားရန် စီရိုနယ်လ်ဒိုနဲ့ ရာမို့စ်တို့ စည်းရုံးခဲ့ဟု သတင်းများထွက်ပေါ်



ရီးယဲလ်မက်ဒရစ်နဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်အတွင်း ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်နဲ့ စီရိုနယ်လ်ဒိုတို့က ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒေါ့စကီးကို ရီးယဲလ်အတွက် ကစားပေးရန် စည်းရုံးခဲ့ကြောင်းသတင်းများထွက်ပေါ်နေသည်။ ပွဲအပြီးတွင်ရီးယဲလ်စူပါစတားနှစ်ဦးက လာမယ့်နွေဈေးကွက်အတွင်း လီဝန်ဒေါ့စကီး ရီးယဲလ်ကို လာရောက်ရန် စည်းရုံးစကားဆိုခဲ့ကြောင်း စပိန်သတင်းစာ အေအက်စ်က ဖော်ပြခဲ့ခြင်းဖြစ်သည်။

သို့သော် လီဝန်ဒေါ့စကီးမှာ တစ်နှစ်ပေါင်၁၂ဒသမ၅သန်းအထိရရှိနေတဲ့ ဘွန်ဒက်စ်လီဂါရဲ့ လုပ်ခလစာ အများဆုံးရရှိတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဘိုင်ယန်အသင်းနဲ့ ၂၀၂၁ ခုနှစ်အထိ စာချုပ်သက်တမ်းရှိသူဖြစ်သည်။ လီဝန်ဒေါ့စကီးကလည်း အင်တာဗျူးတစ်ခုတွင် သူနဲ့ စီရိုနယ်လ်ဒိုတို့ စကားပြောဆိုခဲ့ကြကြောင်း ပြောကြားခဲ့ရာ တိုနီခရူးစ်ပြီးနောက် ဘိုင်ယန်မှ ရီးယဲလ်သို့ နောက်ထပ်ပြောင်းရွှေ့သွားမယ့် ကစားသမားမှာ လီဝန်ဒေါ့စကီးဖြစ်လာမည်လားဆိုသည်ကို ဘိုင်ယန်ပရိသတ်များ စိတ်ပူနေရပြီဖြစ်သည်။

သို့သော် ရီးယဲလ်က လီဝန်ဒေါ့စကီးကို ခေါ်ယူရန် ၂၀၁၄ ခုနှစ်ကလည်း တစ်ကြိမ်ကြိုးပမ်းခဲ့ဖူးပြီး အောင်မြင်မှုမရှိခဲ့ရာ ယခုတစ်ကြိမ်လည်း ခေါ်ယူနိုင်ရန် မလွယ်ကူသည့် အနေအထားပင်ဖြစ်သည်။ ထို့ပြင် ရီးယဲလ်ဥက္ကဋ္ဌကြီး ဖလော်ရန်တီနိုပီရက်စ်က တိုက်စစ်မှူး ဘင်ဇီမာကို ထုတ်ရောင်းရန် ဆန္ဒမရှိသဖြင့် လီဝန်ဒေါ့စကီးကို ပထမပွဲထွက်စာရင်းအတွက် အာမခံချက်ပေးနိုင်ရန် အဆင်မပြေနိုင်ဟု သိရသည်။ ထို့ပြင် စီရိုနယ်လ်ဒိုရဲ့ လူကျွံဘောသွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့သဖြင့် အဝတ်လဲခန်းအတွင်း အကြီးအကျယ်ပေါက်ကွဲခဲ့တဲ့ ကစားသမားသုံးဦးတွင် လီဝန်ဒေါ့စကီးမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့သည်ဟု သတင်းရင်းမြစ်များက ဖော်ပြခဲ့ကြသည်။

# ဒီဂီယာကို ရီးယဲလ်ခေါ်ယူချင်လျှင် မိုရာတာနှင့် ဗာရာနီတို့ကို မန်ယူသို့ ပြန်ပေးရမည်

ရီးယဲလ်မက်ဒရစ်အသင်းက မန်ယူရဲ့ နံပါတ်(၁)ဂိုးသမား ဒေးဗစ်ဒီဂီယာကို အလိုရှိနေပြီး ပေါင်သန်း၆၀ဖြင့် တန်ဖိုးသတ်မှတ်ခဲ့ရာ မော်ရင်ဟိုက ဒီဂီယာကို ခေါ်ယူချင်ပါက ရီးယဲလ်တိုက်စစ်မှူး မိုရာတာနှင့်ဗာရာနီတို့ကို မန်ယူသို့ အလဲအထပ်ပုံစံဖြင့် ပြန်ပေးရမည်ဖြစ်ကြောင်း တုံ့ပြန်လိုက်ပြီဖြစ်သည်။ မန်ယူနည်းပြ မော်ရင်ဟိုက ဒီဂီယာကို တန်ဖိုးသတ်မှတ်ပေးခြင်းထက် မိုရာတာနဲ့ ဗာရာနီတို့ကို မန်ယူသို့ ပြန်ပေးလျှင် ဒီဂီယာကို ရီးယဲလ် ရလိမ့်မည်ဟု အကြောင်းပြန်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်က မိုရာတာတစ်ဦးတည်းအတွက်ပင် ပေါင်သန်း၅၀ကျော် တန်ဖိုးသတ်မှတ်ထားသလို ဗာရာနီမှာလည်း အသင်း၏ ရေရှည်စီမံကိန်းအတွက် အရေးပါသူဖြစ်သဖြင့် မော်ရင်ဟို၏ တောင်းဆိုချက်ကို ရီးယဲလ်ငြင်းဆန်နိုင်ဖွယ်ရှိသည်။ ဒီဂီယာကလည်း ဇာတိမြေစပိန်နိုင်ငံသို့ ပြန်လာပြီး မဟာအင်အားကြီး ရီးယဲလ်အတွက် ကစားပေးရန် အိပ်မက်မက်နေသူဖြစ်ရာ လာမည့်နွေ ရီးယဲလ်ကို ပြောင်းရွှေ့တော့မည်ဟု မန်ယူအသင်းဖော်များကိုပင် နှုတ်ဆက်ပြီးဖြစ်တယ်လို့ သတင်းများထွက်နေခဲ့သည်။

ဒီဂီယာမှာ ၂၀၁၅ခုနှစ်နွေဈေးကွက်အတွင်း ရီးယဲလ်သို့ ပေါင်သန်း ၃၀ ဖြင့်ပြောင်းရွှေ့ရန် သဘောတူညီထားပြီးဖြစ်သော်လည်း စာရွက်စာတမ်းကိစ္စရပ်များမပြီးပြတ်၍သာ လွန်ခဲ့သည့်နှစ်နှစ်တာကာလကတည်းက ဒီဂီယာကို ရီးယဲလ်ကစားသမားအဖြစ် မမြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ သို့သော် ၂၀၁၆နွေဈေးကွက်အတွင်း ရီးယဲလ်က ဒီဂီယာရရှိရေးကို ကြိုးပမ်းမှုမရှိခဲ့ခြင်းမှာ အနည်းငယ်ထူးခြားပြီး ယခုနှစ်နွေဈေးကွက်အတွက်မူ ကြိုတင်ချိတ်ဆက်လာခြင်းဖြစ်သည်။ သို့သော် မော်ရင်ဟိုက ဒီဂီယာကို ငွေသားသက်သက်ဖြင့် ထွက်ခွာခွင့်ပေးမှာ မဟုတ်ဘဲ အနည်းဆုံး မိုရာတာ(သို့မဟုတ်) ဗာရာနီကို ပြန်ပေးရမည်ဟု တုံ့ပြန်ခဲ့ရာ ရီးယဲလ်၊ မန်ယူနှင့် ဒီဂီယာ သုံးပွင့်ဆိုင်အပြောင်းအရွှေ့မှာ အနည်းငယ်ရှုပ်ထွေးလာခဲ့သလို စိတ်ဝင်စားစရာ ပိုမိုကောင်းလာခဲ့ပြီဖြစ်သည်။

မေလွဲ့သင်း-ရေးသားသည်



# မျက်စိတစ်ထောင်နားတစ်ထောင်

ခင်မောင်အေး(မန္တလေး)

> "သတင်းစာလွတ်လပ်ခွင့်ဆိုတာရှိ ပြီးသားပါ။ ဒါပေမယ့်လို့ လိုက်နာကျင့်သုံးဖို့တော့ လိုပါတယ်။ သို့သော် လက်လွတ်စပယ် မရေးသားသင့်ပါဘူး။ ထိန်းသိမ်း . . .
> မျိုးဆက်သစ်တွေ တိုးတက်ရစ်စေဖို့ အားကြိုးမာန်တက် ကြိုးစားလျက် မြန်မာစာပေ လောကအကျိုး အားသွန်ခွန်စိုက်ကြိုးစား . . ."

မန္တလေးမြို့တည် နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၃ရက် ညဥ့် ၂ ချက်တီးကျော် ၁၄ ရက်နေ့ တနင်္ဂနွေနေ့သို့ အဝင်၊ ၁ နာရီ နှစ်ပါဒ်အချိန် အမြောက်သံကြားရသောအခါ ရတနာပုံမြို့ ရွှေမြို့တော်ကြီး ကျုံးတော်ကြီး၊ မဟာလောကမာရဇိန်၊ မဟာပဋ္ဌာန်းဟောသိမ်တော်ကြီး၊ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီးနှင့် သုဓမ္မာဇရပ်တို့ကို တစ်ပြိုင်နက်တည်း ပြည်သူတို့အားဖြင့် ခမ်းနားထည်ဝါစွာ ဝင့်ဝင့်ကြွားကြွား တည်ဆောက်ခဲ့သည်။ ကုန်းဘောင်ခေတ် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားပုံကို မြန်မာ့သမိုင်းတွင် မှတ်တိုင်တစ်ရပ်သတ်သတ်မှတ်မှတ်ဖြစ်အောင် စိုက်ထူခဲ့သည်။

**အထက်တန်းကျကျ မျက်နှာပန်းလှလှ**

ထို့အပြင် မဟာလောကမာရဇိန်ဘုရားကြီး မဟာရံတံတိုင်းအတွင်းတွင် ပိဋကတ်ကျောက်စာတော်ပေါင်း ၇၂၉ ဆူကို အုတ်ဂူပြာသာဒ်ဖြင့် တစ်ခုစီ တည်ဆောက်ကိုးကွယ်ပူဇော်ခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ရွှေမန္တလေးသားတို့အတွက် များစွာမှပင် ဂုဏ်ယူဝင့်ကြွားနိုင်အောင် တည်ရှိခဲ့ကြရသည်။ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတော်ကြီးသည် ကိုယ့်ဘုရင်၊ ကိုယ့်သခင်၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် အထက်တန်းကျကျ မျက်နှာပန်းလှလှ နေနိုင်ခဲ့ကြသည်။

ဘဝရှင်မင်း တရားကြီး လက်ထက်တော်အခါက မြန်မာစာပေသည်လည်း ထူးခြားကောင်းမွန်သော အဆင့်အတန်း၊ မနိမ့်ကျလှသော အနေအထားဖြင့် ထင်ရှားခဲ့သည်။ စာပေမျိုးစုံပေါ်ထွန်းခဲ့သည့်အနက် ပျို့၊ မော်ကွန်းစသည်တို့ ပေါ်ပေါက်ခဲ့ရာ နာခံတော်စောလှမြို့စား ဦးရွှေခြည်ပြုစုခဲ့သည်။ အကတ္တိပျို့၊ အဘိရူကပျို့၊ကလိင်္ဂဗောဓိပျို့၊ စန္ဒကိန္နရီပျို့၊ ဒေဝဓမ္မပျို့၊ မဟာပဒုမပျို့၊ မဟာဓမ္မပါလပျို့၊ ဗိမာန်ရတနာကျောင်းတော်မော်ကွန်း၊ မဟာဝေယံဘုံသာကျောင်းတော် မော်ကွန်းတို့သည် အလွန်တရာပြောင်မြောက်လှသည့် အဖွဲ့အနွဲ့များအဖြစ် ခံစားဖတ်ရှုနိုင်ပေသည်။

**မန္တလေးရတနာပုံ**

ဘဝရှင်မင်းတရားကြီးသည် ရတနာပုံ ရွှေမြို့တော်သူ ရွှေမြို့တော်သားများ စိတ်ပိုင်းဆိုင်ရာ အသိဉာဏ်ပညာ တိုးတက်မြင့်မားရေးကို ရှေးရှုကာ မန္တလေးရတနာပုံ နေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်ပြုခဲ့လေသည်။ မြန်မာတို့၏ လူနေမှုဘဝတိုးတက်မြင့်မားရေးကို ဦးတည်ဆောင်ရွက်ခဲ့ပုံကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပေသည်။ ရတနာပုံသတင်းစာကို အုပ်ချုပ်ကွပ်ကဲနေသူသည် တရုတ်-မြန်မာကပြား မစ္စတာအဟီးဆိုသူဖြစ်သည်။ ဘဝရှင်မင်းတရားကြီးက မစ္စတာအဟီးကို သံတော်ဆင့်ရာထူး အပ်နှင်းထားသည်။ အဟီးသည် ဘာသာစကားခြောက်မျိုးနှင့် ပုံနှိပ်ပညာတတ်ကျွမ်းသည်။သို့ပင်ဖြစ်စေကာမူ ဗမာစာအရေးအသားတွင်ကား ခေတ်အကြိုက် နှစ်ခြိုက်အောင် ရေးနိုင်စွမ်းကမရှိရှာ။ သတင်းဌာနကို ကွပ်ကဲရသူမှာ မြို့သစ်မြို့စားကြီး မဟာမင်းခေါင်ဖြစ်သည်။

ထိုအချိန်အခါတွင် အမရပူရမှ ပုဂံမင်း၏ သေနတ်စာရေးကြီး မင်းလှရာဇာဘွဲ့ခံ ဦးထွန်း-ဒေါ်ခိုတို့၏ သား မောင်လွင်ကလေးကို ခင်မကန်တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတက တပည့်ဒကာဖြစ်သော မြောက်လှမြို့စား ဝန်ထောက်ဦးခြိမ့်ထံ အပ်နှင်းပေးသည်။ ဆရာတော်ဦးပဏ္ဍိတသည် မိမိကျောင်းတွင် သီတင်းသုံးဖက် ဦးပဋ္ဌင်းဦးဇာဂရ၏ တူဖြစ်သူအား သာမဏေဘောင်သို့ တက်သည့်အခါ ရှင်ဝဇီရဟု ဘွဲ့အမည်ပေးခဲ့သည်။ အဓိပ္ပာယ်သည်ကား ဝရဇိန်လက်နက်ပမာဟူ၍ဖြစ်၏။

**မောင်လွင်မှ မောင်ထင်**

မြောင်လှမြို့စားက မောင်လွင်ကို ကင်းဝန်မင်းကြီးထံ အပ်နှံသည်။ မောင်လွင်အားနာမည်မေးသည့်အခါ မောင်လွင်ပါဟုဖြေကြားသည်။ ကင်းဝန်မင်းကြီးဘဝရှင်မင်းတရားကြီး၏ ငယ်နာမည်နှင့်တူနေသည်ဟုဆိုကာ မောင်ထင်ဟု ပြောင်းပေးသည်။ မောင်ထင်သတင်းစာတိုက်တွင် အလုပ်စတင်ဝင်ရောက်သည့်အခါ လခတစ်လ ၁၅ ကျပ်သာရသည်။ မစ္စတာအဟီးက တိုက်အုပ်ဖြစ်သော်လည်း မောင်ထင်၏ အရည်အချင်းကို သိလာသည့်အခါ နေရာပေးသည်။

ရတနာပုံသတင်းစာဖတ် ပရိသတ်က စိတ်ဝင်စားအောင်ရေးတတ်သော မောင်ဝဇီရ၏ စာများကြောင့် သတင်းစာကို လူကြိုက်များလာလေသည်။ တစ်စတစ်စနှင့် သတင်းစာတွင် မောင်ဝဇီရ၏စာများ ထင်ရှားလာသည့်အခါ ဘဝရှင်မင်းတရားကြီးကပင် မောင်ထင်အားခေါ်ယူကြည့်ရှုတော်မူရသည်။ ဘဝရှင်မင်းတရားကြီး ကနဦးအစ သတင်းစာစတင် ထုတ်ဝေစဉ်ကတည်းကပင်"ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားမကောင်းလျှင် ငါမိဖုရားကိုရေး" ဟု သတင်းထုတ်ပြန်အမိန့်တော်ချမှတ်ထားခဲ့သည်။ မောင်ထင်ကိုတွေ့သည့်အခါ "လူငယ်သာရှိပါသေးလား"ဟု တအံ့တသြဆိုလေသည်။

**ရတနာပုံနှင့် ကိုဝဇီရ**

မောင်ထင်လခတစ်လ ၁၅ ကျပ်သာရသည်ကို သိရှိရသည်တွင် မောင်ထင်၏အရည်အချင်းကိုသိရှိသည့် လွှတ်စာရေးကြီးဦးသော့က "ဒါလောက်တော်တဲ့ လူ ဒါလောက်ပဲပေးရမလား" ဆိုပြီးဝင်ရောက်ဆောင်ရွက်ပေးသည့်အခါမှ လခ ၆၀ ကျပ်အထိ တက်သွားခဲ့ရသည်။ တစ်ပတ်တစ်ကြိမ်၊ တစ်လလျှင်လေးကြိမ် ထုတ်ဝေသော ရတနာပုံနေပြည်တော်သတင်းစာကို ဂရုတစိုက်ဖတ်ရှုကြသည့် ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန်ဦးဘိုးလှိုင်၊ ဦးခြိမ့်စသည့်ပုဂ္ဂိုလ်များကလည်း ကိုဝဇီရ၏ စာများကိုနှစ်ခြိုက်ချီးမွမ်းကြ၏။ ကိုဝဇီရသည် သတင်းစာတိုက်တွင် နှစ်နှစ်ခန့် အမှုထမ်းပြီး လက်မောင်းတွင် အနာပေါက်သဖြင့် တိုက်မှနုတ်ထွက်ကာ ခင်မကန်တိုက်သို့ ပြန်ပြီးနေထိုင်နေသည်။ ကိုဝဇီရ ထိုသို့နေခြင်းသည် တိုင်းရေးပြည်ရေး နန်းတွင်းရေးအခြေအနေကြောင့်ဟု ယူဆရပါသည်။

မင်းတုန်းမင်းကြီး နတ်ထီးစံတော်မူသည့်အခါ သီပေါဘုရင် နန်းတက်လာလေသည်။ သတင်းစာတွင် အရေးအသားများ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်ခွင့်မရှိတော့ဘဲ မင်း၊ မိဖုရားများကလည်း ယခင်ရှေးကနှင့် မတူခဲ့တော့သည့်အတွက် သတင်းစာတိုက်နှင့် ဝေးဝေးခွာကာ နေလိုက်ပုံရသည်။ ဘိုးဝဇီရတို့ခေတ် အခါကလည်း သတင်းစာလွတ်လပ်ခွင့်ကို နှစ်ခြိုက်လက်ခံပုံရကြောင်း ထင်ထင်ရှားရှား မြင်တွေ့နိုင်ပါသည်။

**မှန်ကာထား**

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၀ရက်က တတိယအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။ ယနေ့ သတင်းစာလောက၏အခြေအနေကို သတင်းစာသမားများ မည်သို့မြင်ပုံမှာ "သတင်းမီဒီယာလွတ်လပ်ခွင့်ကတော့ရှိပါတယ်။ အိမ်တစ်အိမ်လိုပဲ အခန်းကြီးကတော့ ပွင့်နေတယ်။ ပွင့်နေတယ်ဆိုပြီး အကုန်လုံးက ပွင့်နေတယ်လို့ပဲ ထင်ကြတယ်။ တကယ်တမ်းသွားတဲ့ အခါကျတော့ မှန်တွေကကာထားတော့ ဒုန်းဆိုဝင်တိုက်မိတော့မှသိတယ်။ ကြည့်လိုက်တော့ ပွင့်နေတယ်။ ဒါပေမယ့် အတားအဆီးတွေရှိတယ်။ ဒ့ါကြောင့် ဒီမိုကရေစီနိုင်ငံဖြစ်နေပြီ။ အရပ်သားအစိုးရဖြစ်နေပြီ။ ပွင့်လင်းတယ်လို့ ပြောတယ်။ ဒါပေမယ့် မှန်တစ်ချပ်ခြားထားတဲ့ အခြေအနေမှာရှိတယ်။ သတင်းမီဒီယာအခြေအနေကတော့ အရင်ကနဲ့စာရင် ထိန်းထိန်းသိမ်းသိမ်းလုပ်ရတဲ့ အဆင့်မှာဖြစ်သွားတာပေါ့"

**တိုးတက်လာ**

တစ်ဦးကလည်း "သက်ကြီးတွေကို ပူဇော်တာဟာ ကုသိုလ်လည်းရတယ်။ ကုသိုလ်ရတဲ့အပြင် သက်ကြီးတွေကို ပူဇော်ခြင်းဖြင့်လည်း အသက်ရှည်မယ်။ ချမ်းသာမယ်။ ဉာဏ်ပညာကြီးမယ်။ ခွန်အားကြီးမယ်။ ကန်တော့တဲ့ အကျိုးကြောင့် အပယ်ကလွတ်မြောက်ဖို့လည်း အခါခပ်သိမ်းခွင့်လွှတ်တယ်လို့ ဘုရားဟောထားတဲ့ အထဲမှာလည်းပါတယ်။ မြန်မာနိုင်ငံက သတင်းစာလောက အခြေအနေက အရင်ကထက်စာရင် တော်တော်လေးတိုးတက်လာပါတယ်။

အခုနောက်ပိုင်းမှာ အင်တာနက်တို့ ဖေ့စ်ဘုတ်တို့ကြောင့် စာဖတ်အားနည်းလာတယ်ဆိုပေမယ့် ဖုန်းကနေပေါ် လာတာတွေကို သတင်းတွေမှန်တာလည်းရှိတယ်။ မှားတာတွေလည်းရှိတယ်။ အကုန်လုံးပေါ်လာတာတွေကို အတည်ပြုလို့မရဘူး။ သတင်းစာကတော့ ဘာပဲဖြစ်ဖြစ် ကိုယ်တိုင်လိုက်ပြီး ရေးရတာ။ ဘဘတို့ ခေတ်တုန်းကဆို သတင်းဖြစ်တဲ့နေရာကို ရောက်အောင်သွားရတယ်။ သတင်းဖြစ်တဲ့နေရာကို ရောက်ရင် ဟိုဘက်ဒီဘက် ကာယကံရှင်နဲ့ တရားလိုတရားခံကြည့်ပြီးတော့မှ အမှန်ကိုယူပြီး ရေးရတယ်။ အခုတော့ အင်တာနက်တို့ ဆိုတာတွေကကြားတာနဲ့ တင်လိုက်တာချည်းဆိုတော့ တချို့ကမမှန်ဘူး" ဟု သတင်းထောက်ကြီး ဦးမြရွှေ (ပြည်)က သို့ကလိုဆိုပါသည်။

**ကျင့်ဝတ်လေးစားလိုက်နာ**

ဟံသာဝတီဦးအုန်းကြိုင်ကမူ "အလွန်ထူးခြားတဲ့ နေ့တစ်နေ့လို့ပြောလို့ရပါတယ်။ အသက်(၈၈)နှစ်ရှိပါပြီ။ သတင်းစာဆရာအသင်း စာတမ်းဖတ်ပွဲလေးလုပ်ပေးမယ်လို့မြို့တော်ဝန်ကနှုတ်ကတိပေးခဲ့ပါတယ်။ ဘဘတို့အတွက် မဟုတ်ပါဘူး။ နောင်လာနောက်သား သတင်းသမားလေးတွေအတွက် တောင်းဆိုတာပါ။ သတင်းစာလွတ်လပ်ခွင့်ဆိုတာရှိ ပြီးသားပါ။ ဒါပေမယ့်လို့ လိုက်နာကျင့်သုံးဖို့တော့လိုပါတယ်။ သို့သော်လက်လွတ်စပယ် မရေးသားသင့်ပါဘူး။ ထိန်းသိမ်းသင့်ပါတယ်။ နောက်ပြီး ရာဇသတ်ကြီး ဥပဒေနဲ့ရာဇဝတ်ကျင့်ထုံး ဥပဒေတွေကို လေ့လာဖို့ အများကြီးလိုပါတယ်။ လေ့လာကြပါလို့လည်း တိုက်တွန်းချင်ပါတယ်။ သတင်းစာဆရာကြီးတွေရဲ့ ကျင့်ဝတ်တွေကို လေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်" ဟု သူ၏ထင်မြင်ချက်ကို တင်ပြသွားခဲ့ပါသည်။

**သတင်းစာသည်သမိုင်း**

သတင်းစာဟူသည် သမိုင်းကိုပြောသည်။ သတင်းစာကို "ဘဝကြေးမုံ" ဟု ခေါ်ဆိုရလျှင် မှားလိမ့်မည်မထင်ပေ။ သတင်းစာသည် ပြည်သူအပေါင်းအား စဉ်ဆက်မပြတ်သတိပေး၍ အလင်းရောင်ကို ဖြစ်ပေါ်စေပါသည်။ မန္တလေးရွှေမြို့တော်သူ ရွှေမြို့တော်သားများသည် သတင်းစာကိုချစ်ကြသည်။ ခင်သည်။ မြတ်နိုးသည်။ သတင်းစာကို နံနက်ခင်းချိန်ရောက်သည်နှင့် လက်တွင် ကိုင်လျက်မချတော့။ သည်မျှအားပေးကြပါသည်။ သတင်းစာလုပ်ငန်းဟူသည် စင်စစ်လွယ်မယောင်နှင့် ခက်သည်။ တိမ်မယောင်နှင့်နက်နဲခက်ခဲလှပါသည်။ အမြင်နီးသော်လည်း ခရီးကဝေးလှပါသည်။ စက္ကန့်၊ မိနစ်၊ နာရီနှင့် နေ့စဉ်နေ့တိုင်းနိစ္စဓူဝ အားထုတ်ကြိုးပမ်းလုပ်ဆောင်နေရသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

နိုင်ငံတစ်ခု၏ နေ့စဉ်ဖြစ်ပျက်ပြုပြင်ပြောင်းလဲနေသည့် အကြောင်းချင်းရာများကို ပြည်သူတို့၏ ရှေ့မှောက်အရောက် မြန်မြန်ဆန်ဆန်မှန်မှန်ကန်ကန် တင်ပြရသည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် သတင်းသမားတစ်ဦးလုပ်ပြီဆိုလျှင် လျင်ရမည်၊ အထာသိရမည်၊ အပွေးကိုမြင်ရုံမျှနှင့် အပင်ကိုခွဲခြားပြောကြားနိုင်ရမည်။ ဒေသန္တရဗဟုသုတ ကြွယ်ဝပြည့်စုံဖို့လိုပါသည်။

**စာများများဖတ်**

တတိယအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ကန်တော့ပွဲ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ယင်းသို့ကန်တော့သည့်ပွဲမျိုး မြန်မာနိုင်ငံ တစ်နိုင်ငံတည်းရှိပါသည်။ ဆရာမကြီးဒေါ်ကြွယ်ကြွယ်က၊ "လက်ရှိမှာတော့ သတင်းစာပေလောကက အများကြီးဖွံ့ဖြိုးလာတယ်။ စာဖတ်သူကသာနည်းလာတာပါ။ ဆရာမတို့က လူထုအတွက် အားမရဘူး။ လူထုကစာမဖတ်တော့ ရာဇဝတ်မှုတွေ ကျူးလွန်တယ်။ ဗဟုသုတနည်းတော့ သူများအလိမ်အကောက်ခံရတယ်။ လူကုန်ကူးမှုတွေ ခံရတယ်ဆိုတာ ဗဟုသုတအားနည်းလို့၊ ဗဟုသုတက သတင်းစာတို့ စာပေတို့ကမှ ပေးတာ။ စာများများဖတ်ကြပါ။ စာများများဖတ်မှ အလိမ်အကောက်ခံရတာတွေက လွတ်မယ်။ ကျန်းမာရေးဗဟုသုတတွေ အများကြီးရနိုင်တယ်"ဟု သူ၏အမြင်ကို ပြောပြသွားခဲ့ပါတယ်။

မည်သို့ပင်ရှိစေကာမူ ယခု ကျွန်တော်တို့၏ မျိုးဆက်သစ် သတင်းစာသမားကလေးများ လက်ထက်တွင် မြန်မာစာပေရေစီးကြောင်းသည် ထွက်ပြူစ နေဝန်းနီနီသို့ နှယ် ထွန်းလင်းတောက်ပနေပြီဖြစ်ပါသည်။ ကျမ်းပေါင်း ၆၀ ကျော် ရေးသားပြုစုတော်မူခဲ့သည့် ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ မေတ္တာစာတစ်ပုဒ်ကို တင်ဆက်ရင်း နိဂုံးချုပ်ပါရစေ။

"မနောက ကလိမ်ခြုံ၊အပြောကဝတိ ဘုံ၊ယုံလောက်အောင်ဖွဲ့နွဲ့၊ ကုန်မှောက်အောင်ဉာဏ်ချဲ့၍ အရွဲ့နှင့်အကဲဆစ်၊ အထဲညစ်အပေါ်ပြောင်၊ မတွေ့မှအနိုင်ရှောင်၊ သူတော်ယောင်တစ်ဖက်လှ၊ ပါးစပ်ကပျားသကာ၊ စိတ်သဘောထားက ခါးတမာ၊ပြုသာလျှင်အလဲမှောက်၊ သံသရာဈေးကြောင်းပေါက်၊ အပါယ်ဘေးရွေးမျှမကြောက်၊ ခုမျက်မှောက်ဒိဋ္ဌကိုသာ၊နိဗ္ဗာန်လောက်စိတ်ချ၍၊ အနိစ္စသဘောမျိုးမှာ၊ ပြောရိုးမို့ ပြောကြသည်။"

ယင်းသို့သော အပြောမျိုးနှင့် လူထုအားလိမ်ညာလှည့်ဖြား မသတီစရာ ဓားထက်ထက်နှင့် ပါးပါးလွှာသွားခဲ့သည့် လူတေလူညစ်များ မရှုမလှ စားရိတ်ငြိမ်းဇာတ်သိမ်းသွားခဲ့ရပြီ။ မျိုးဆက်သစ်တွေ တိုးတက်ရစ်စေဖို့ အားကြိုးမာန်တက် ကြိုးစားလျက် မြန်မာစာပေလောကအကျိုး အားသွန်ခွန်စိုက် ကြိုးစားကြစေချင်ပါသည်။


**စာကိုး**


**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်နေ့ထုတ်ကြေးမုံသတင်းစာ။**


**၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ထုတ်စံတော်ချိန်နေ့စဉ်။**


**မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ မန္တလေးနှင့်စာပေခရီး။**














# အမေရိကန်သား ပန်းစားဖို့ အရံအတားချလေပြီ

ကိုရင်ဩ




**ဒေါ်နယ်ထရန့်၏ လူဝင်မှုကြီးကြပ်ရေးအစီအစဉ်သစ်ကြောင့် အမေရိကန်၌ နည်းပညာရှင်များအဖြစ် အလုပ်လုပ်ကိုင်နေကြသော အိန္ဒိယနိုင်ငံသားများ ရတက်မအေးဖြစ်ကြရသည်။ ဓာတ်ပုံ–** scroll.in

အမေရိကန်ပြည်ထောင်စုအတွင်း ကျွမ်းကျင်မှုမြင့်မားသော နိုင်ငံခြားသား အလုပ်သမားများအား ကုမ္ပဏီများက ငှားရမ်းရာ၌ အသုံးပြုနေသည့် အိပ်ချ် ၁-ဘီ အမျိုးအစား ပြည်ဝင်ခွင့်ဗီဇာကို ပြန်လည်သုံးသပ်ရန် သမ္မတဒေါ်နယ်ထရန့်က ဖက်ဒရယ်အစိုးရဌာနများအား ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို ဧပြီ ၁၈ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ရာ အမေရိကန်ပြည်ထောင်စုအတွင်းရှိ သတင်းအချက်အလက်နည်းပညာ (အိုင်တီ)နှင့် အဆင့်မြင့်နည်းပညာ စီးပွားရေးလောက အသိုက်အဝန်းအတွင်းလှုပ်လှုပ်ရှရှဖြစ်ကြရလေ၏။

'အမေရိကန်လုပ် ပစ္စည်းများကို ဝယ်ယူပါ။ အမေရိကန်နိုင်ငံသားများကို ငှားရမ်းပါ' ဟူ၍ သမ္မတထရန့်က တိုက်တွန်းလျက် ညွှန်ကြားချက်အမိန့်ကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု စစ္စကွန်ဆင်ပြည်နယ် ကီနိုရှာမြို့ရှိ စနက်အွန်အင်ကော်ပိုရိတ်တက်၏ ဌာနချုပ်ရုံးတွင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားပြုလုပ်ခဲ့သည်။ အဆိုပါ ကုမ္ပဏီသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး ကိရိယာတန်ဆာပလာများ ထုတ်လုပ်သော ကုမ္ပဏီကြီးဖြစ်သည်။

အမေရိကန်အစိုးရက နှစ်စဉ်ကံစမ်းမဲဖောက်ပေးသည့် အစီအစဉ်ဖြင့် လူပေါင်း ၆၅,၀၀၀ ကို ဗီဇာထုတ်ပေးနေခြင်းမှာလည်း မှားယွင်းကြောင်း၊ ကျွမ်းကျင်မှုမြင့်မားပြီး လုပ်ခလစာကြီးမားသော အလုပ်နေရာများအတွက် လျှောက်ထားသူများသည် အမေရိကန်နိုင်ငံသားများသာလျှင် ဖြစ်သင့်ကြောင်း ထရန့်က ပြောကြားသည်။

အိပ်ချ် ၁-ဘီ အမျိုးအစားဗီဇာအစီအစဉ်ကို အစိုးရဌာနများက ပြန်လည်သုံးသပ်စိစစ်မှုပြုလုပ်ရန် ညွှန်ကြားသည့် အမိန့်ဒီကရီကို သမ္မတထရန့်က လက်မှတ်ရေးထိုးထုတ်ပြန်သည့် အခမ်းအနားသို့ စနက်အွန်ကုမ္ပဏီမှ ဝန်ထမ်းများ၊ အစိုးရတာဝန်ရှိသူများနှင့် ဒေသန္တရအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ကြသည်။

အိပ်ချ် ၁-ဘီ အမျိုးအစားဗီဇာ အစီအစဉ်သည် ပြည်ပမှ လုပ်အားခဈေးချိုသော အလုပ်သမားများ အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်မှုကို ဖြစ်ပေါ်စေခဲ့ပြီး အလုပ်သမားများ၏ လုပ်အားခ ကျဆင်းသည့် အခြေအနေကိုဖြစ်ပေါ်စေခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

သို့ရာတွင် အဆိုပါဗီဇာရှိရန် လိုအပ်ပုံကို အမေရိကန် နည်းပညာလုပ်ငန်းကဏ္ဍမှ ကုမ္ပဏီများက ကာကွယ်ပြောကြားကြသည်။ အမေရိကန်၌ အဆင့်မြင့်နည်းပညာဆိုင်ရာ ဘာသာရပ်များကို ဆည်းပူးသင်ယူကြသော နိုင်ငံခြား ကျောင်းသားများအတွက် အိပ်ချ် ၁-ဘီ အမျိုးအစားဗီဇာရှိရန်လိုအပ်ကြောင်း၊ အဆင့်မြင့် နည်းပညာတတ်ကျွမ်းသူအလုပ်သမားများအား အမေရိကန်ပြည်တွင်း၌ အလုံအလောက်ရရှိရန်မှာ အစဉ်အမြဲ မဖြစ်နိုင်ကြောင်း နည်းပညာကုမ္ပဏီများက ပြောကြားကြသည်။

'အမေရိကန်နိုင်ငံသားများက ပထမ' ဟူသော ရွေးကောက်ပွဲကြွေးကြော်သံနှင့် အညီ ထရန့်က နိုင်ငံခြားသား နည်းပညာရှင် အလုပ်သမားများအတွက် ရည်ရွယ်သော ဗီဇာအစီအစဉ်ကို ပြုပြင်ပြောင်းလဲရန် ဦးတည်လိုက်ခြင်းဖြစ်သည်။ အမေရိကန်အလုပ်သမားများကို အကာအကွယ်ပေးမည်၊ သူတို့၏ အလုပ်အကိုင်နေရာများကို စောင့်ရှောက်ပေးမည်ဟု ထရန့်က အားနှင့်မာန်နှင့် ပြောကြားခဲ့လေသည်။

နိုင်ငံခြားသား အလုပ်သမားများက အမေရိကန်၏ ကြွယ်ဝချမ်းသာမှုကို ခိုးယူနေသည်ဟု ထရန့်က ရှုမြင်နေပုံရပြီး လုပ်အားခဈေးချိုသော ရွှေ့ပြောင်းအခြေချနေထိုင်သူ လုပ်သားများ၏နေရာတွင် အမေရိကန်အလုပ်သမားများနှင့် အစားထိုးလိုသည့်အသွင်ကို သူက ပြသလျက်ရှိသည်။

အိပ်ချ် ၁-ဘီ ဗီဇာအစီအစဉ်အရ နှစ်စဉ် အမေရိကန်သို့ ဝင်ရောက်ရန် နိုင်ငံခြားသား နည်းပညာရှင်အလုပ်သမား ၈၅၀၀၀ အထိကို အစိုးရခွင့်ပြုပေးခဲ့သည်။ ယင်းဗီဇာဖြင့် ဝင်ရောက်လာသူ အများအပြားမှာ အဆင့်မြင့်နည်းပညာ၊ စက်မှုလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာနှင့် သိပ္ပံနယ်ပယ်ရပ်များတွင် လုပ်ကိုင်ကြလေ့ရှိသည်။

အိပ်ချ် ၁-ဘီ ဗီဇာအစီအစဉ်ကို အလုပ်ရှင်များက တလွဲအသုံးချနေကြောင်း၊ အမေရိကန်နိုင်ငံသားများကို လုပ်ခလစာ ကောင်းကောင်းပေးကာ ငှားရမ်းရခြင်းမှ ရှောင်လွှဲနိုင်စေရန် ယင်းအစီအစဉ်ကို ကုမ္ပဏီပိုင်ရှင်များက အလွဲသုံးနေကြောင်းထရန့်က ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။

အိပ်ချ် ၁-ဘီ ဗီဇာအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် ထရန့်က ညွှန်ကြားလိုက်ခြင်းအတွက် လတ်တလော စိုးရိမ်သောက ရောက်သွားရသည့် နည်းပညာ ကုမ္ပဏီများတွင် ဂူးဂဲလ်နှင့် မိုက်ကရိုဆော့ဖ်တို့ပါဝင်ကြသည်။ နည်းပညာကျွမ်းကျင်မှုမြင့်မားသော နိုင်ငံခြားသား အလုပ်သမားများအပေါ် မှီခိုအားထားနေကြရသည့် အမေရိကန်ကုမ္ပဏီများအနေဖြင့် ဗီဇာစည်းမျဉ်းများ ပိုမိုတင်းကျပ်လာလျှင် လုပ်ငန်း ထိခိုက်ရဖွယ်ရှိသည်ဟု သုံးသပ်ကြလေသည်။

ဗီဇာအစီအစဉ်ကို ပြင်ဆင်ပြောင်းလဲမည့်အရေး စိုးရိမ်ပူပန်မှုအဖြစ်ရဆုံး ကုမ္ပဏီများသည် အိန္ဒိယလူမျိုး နည်းပညာရှင်ထောင်ပေါင်းများစွာကို အမေရိကန်ကုမ္ပဏီများက နှစ်စဉ်ငှားရမ်းရာတွင် အိပ်ချ် ၁-ဘီ ဗီဇာအစီအစဉ်ကို အသုံးပြုလျက်ရှိကြသည်။ အမေရိကန် 'ဆီလီကွန်ဗယ်လီ' ရှိ ကုမ္ပဏီများသည် အိန္ဒိယလူမျိုး သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကွန်ပျူတာ ပရိုဂရမ်မာများကို ကာလအကန့်အသတ်ရှိ အလုပ်ခေါ်စာများမှတစ်ဆင့် ငှားရမ်းလေ့ရှိသည်။

အိပ်ချ် ၁-ဘီ ဗီဇာ အစီအစဉ်ကို ပြန်လည်သုံးသပ်ရန် ထရန့်က ညွှန်ကြားလိုက်ခြင်းနှင့်ပတ်သက်၍ အိန္ဒိယနည်းပညာရှင် အသိုက်အဝန်းအတွင်း အဆိုးဘက်မှ ရှုမြင်သူများရှိသလို အကောင်းဘက်မှ ရှုမြင်သူများလည်းရှိနေသည်။

သက်တမ်းတိုးနိုင်ရန် ခွင့်ပြုပေးထားသော အိပ်ချ် ၁-ဘီ ဗီဇာကို အိန္ဒိယနိုင်ငံသားများရရှိရန် ပိုမိုခက်ခဲသွားဖွယ်ရှိသည်ဟု ယူဆသူများရှိလာသည်။

သို့ရာတွင် ဗီဇာစနစ်ကို ပြင်ဆင်ပြောင်းလဲခြင်းဖြင့် ရေရှည်အားဖြင့် အိန္ဒိယလူမျိုး အဆင့်မြင့်နည်းပညာရှင်များ အကျိုးရရှိနိုင်သည်ဟု ယူဆသူများလည်းရှိသည်။

အမေရိကန်အိမ်ဖြူတော်ကမူ ဗီဇာအစီအစဉ်ပြန်လည်သုံးသပ်ရေး ထရန့်၏ ညွှန်ကြားချက်နှင့်ပတ်သက်၍ ကာကွယ်ပြောကြားခဲ့သည်။

တည်ရှိဆဲ ဥပဒေများအား ထိထိရောက်ရောက် အာဏာသက်ဝင်စေခြင်းဖြင့် အိပ်ချ် ၁-ဘီ ဗီဇာအစီအစဉ်ကို အလွဲအသုံးချခြင်းမှ တားဆီးကာကွယ်ရန်သာ ရည်ရွယ်သည်ဟု အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားကြသည်။

အိပ်ချ် ၁-ဘီ အစီအစဉ်သည် အရည်အချင်းမြင့်မားသော အလုပ်သမားများကို ထုတ်ပေးရန် ရည်ရွယ်သော်လည်း ကျွမ်းကျင်မှုနည်းပါးသော အလုပ်သမားများအား လုပ်အားခဈေးချိုချိုဖြင့် ငှားရမ်းလိုသော အလုပ်ရှင်တို့က အလွဲအသုံးချနေကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ထရန့်၏ 'အမေရိကန်နိုင်ငံသားများကို ငှားရမ်းပါ'၊ 'အမေရိကန်လုပ် ပစ္စည်းများကို ဝယ်ယူပါ' ဟူသော မူဝါဒအရ ဖက်ဒရယ်အစိုးရအဖွဲ့အောက်ရှိ ဌာနများအနေဖြင့် ဥပဒေများအား အတိအကျ အာဏာသက်ဝင်လာစေရန် ကြိုးပမ်းကြရပေတော့မည်။

အိပ်ချ် ၁-ဘီ ဗီဇာအစီအစဉ်၏ စည်းမျဉ်းသတ်မှတ်ချက်အရ နိုင်ငံခြားသား နည်းပညာရှင်များအား ပြည်တွင်းနည်းပညာရှင်များနည်းတူ တူညီသော လစာနှုန်းထားဖြင့် လုပ်ခလစာပေးရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်၍ ဗီဇာအစီအစဉ်ကို ပြင်ဆင်ပြောင်းလဲခြင်းဖြင့် အမေရိကန်ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားသား အလုပ်သမားများအား 'အောက်ဈေး' ပေး၍ အလုပ်ခန့်ခြင်း ပြုလုပ်နိုင်တော့မည်မဟုတ်ပေ။ နိုင်ငံခြားသား အလုပ်သမားများအား တန်ရာတန်ကြေးပေး၍ ငှားရမ်းရတော့မည်ဖြစ်ရာ ကုမ္ပဏီများ၏ လုပ်ခလစာစရိတ် ပိုတိုးလာဖွယ်ရှိလေသည်။

အိပ်ချ် ၁-ဘီ ဗီဇာအစီအစဉ်သည် ကျွမ်းကျင်မှုအရည်အချင်း အထူးမြင့်မားသူများအတွက်သာ ရည်ရွယ်ကြောင်း၊ ကွန်ပျူတာတစ်လုံးကို အသုံးပြုတတ်ရုံမျှဖြင့် အလုပ်သမားတစ်ဦးကို အိုင်တီပညာရှင်ဟူ၍ မခေါ်နိုင်ကြောင်း ထရန့်၏ အစိုးရအဖွဲ့က ပြောကြားသည်။

အိပ်ချ် ၁-ဘီ ဗီဇာစည်းမျဉ်းများကို ပိုမိုတင်းကျပ်ခြင်းဖြင့် 'အမေရိကန်နိုင်ငံသားများကို ငှားရမ်းပါ' ဟူသော ဖက်ဒရယ်အစိုးရ၏ စည်းမျဉ်းများ ပိုမိုအာဏာသက်ဝင်လာမည်ဟု မျှော်လင့်ရသည်။

အိပ်ချ် ၁-ဘီ ဗီဇာ၏ သက်တမ်းကို သုံးနှစ်ခွင့်ပြုပေးပြီး ခြောက်နှစ်အထိ သက်တမ်းတိုးချဲ့နိုင်သည်။

လက်ရှိဥပဒေအရ ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် နိုင်ငံခြားသား ၆၅,၀၀၀ အထိကို ယင်းဗီဇာ ထုတ်ပေးရန် ခွင့်ပြုပေးထားသည်။ အမေရိကန်တက္ကသိုလ်များမှ မဟာဘွဲ့ သို့မဟုတ် ယင်းဘွဲ့ထက်ပိုမိုမြင့်မားသော ဘွဲ့ဒီဂရီများရရှိကြသော နိုင်ငံခြားသားများကိုလည်း ယင်းဗီဇာထုတ်ပေးခွင့်ရှိသည်။ တက္ကသိုလ်များ၊ တက္ကသိုလ်များနှင့်ချိတ်ဆက်ထားသော သုတေသနအဖွဲ့အစည်းများ၊ အစိုးရသုတေသန အဖွဲ့အစည်းများ၌ အလုပ်လုပ်ကိုင်နိုင်စေရန် နိုင်ငံခြားသားများအား လမ်းဖွင့်ပေးထားရန်လည်း ယင်းဗီဇာအစီအစဉ်က ရည်မှန်းသည်။

အိပ်ချ် ၁-ဘီ ဗီဇာကို ပြန်လည်သုံးသပ်ရာတွင် ယင်းဗီဇာဆိုင်ရာ စည်းမျဉ်းများအား ပြင်ဆင်ပြောင်းလဲရန်ကိုသာ လိုလားပြီး ယင်းဗီဇာအမျိုးအစားကို အပြီးတိုင်ဖျက်သိမ်းလိုက်မည့်အရေးအတွက်လည်း စိုးရိမ်မှုများရှိနေကြသည်။

အိပ်ချ် ၁-ဘီ ဗီဇာကို ပြန်လည်သုံးသပ်ခြင်းသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပျော့ကွက်ဟာကွက်များ ကင်းပျောက်စေရန်နှင့် အမှန်တကယ် ကျွမ်းကျင်မှု မြင့်မားသူများကို ထိုက်ထိုက်တန်တန်လခပေးကာ ငှားရမ်းရေးဖြစ်လာစေရန် ဦးတည်ရာ အမေရိကန်အစိုးရက ဥပဒေစည်းမျဉ်းများအတိုင်း တော်တည့်မှန်ကန်စွာ လုပ်ကိုင်ကြဖို့ ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ရှုမြင်ရလေသည်။

တစ်ဖက်တွင် အိပ်ချ် ၁-ဘီ ဗီဇာစည်းမျဉ်းများဥပဒေနှင့်အညီ တစ်သဝေမတိမ်း အာဏာသက်ဝင်စေခြင်းဖြင့် အမေရိကန်လုပ် ထုတ်ကုန်ပစ္စည်းများ သုံးစွဲမှုတိုးလာမည်ဟု ချင့်တွက်ရသည်။

ဥပဒေသတ်မှတ်ချက်အရ အမေရိကန်ဖက်ဒရယ်အစိုးရ၏ ဆောက်လုပ်ရေးဆိုင်ရာ စီမံကိန်းများတွင်လည်းကောင်း၊ ဖက်ဒရယ်အစိုးရအောက်ရှိ သယ်ယူပို့ဆောင်ရေးဌာနက ထောက်ပံ့ပေးသော ရန်ပုံငွေဖြင့် အကောင်အထည်ဖော်သည့် စီမံကိန်းများတွင်လည်းကောင်း အမေရိကန် ပစ္စည်းများကိုသာ အသုံးပြုရန်ဖြစ်ပြီး ဥပဒေစည်းမျဉ်းများ၏ ပျော့ကွက်ဟာကွက်များကို အစိုးရဌာနများက စိစစ်ရှာဖွေကာ သမ္မတထံ အကြံပြုချက်များ တင်သွင်းရပေမည်။

အမေရိကန်နိုင်ငံခြားရေးဌာန၊ တရားရေးဌာန၊ အမိမြေလုံခြုံရေးဌာနနှင့် အလုပ်သမားဌာနတို့က အိပ်ချ် ၁- ဘီ ဗီဇာအစီအစဉ်နှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရေး ပြုလုပ်နိုင်ရန် အဆိုပြုချက်များကို သမ္မတထံ တင်ပြကြတော့မည်ဖြစ်ပေရာ အနာဂတ်ကာလတွင် အမေရိကန်ပြည်တွင်းရှိ အလုပ်အကိုင်နေရာများတွင် အမေရိကန်နိုင်ငံသားများကိုသာ ဦးစားပေးခန့်ထားလာတော့မည်ဟူ၍ မြော်တွေးရှုဆမိရင်း "အမေရိကန်သား ပန်းစားဖို့ အရံအတားချလေပြီ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

*References: Trump signs executive order trageting visas for foreig workers (CBS)*
*Trump order to target foreign worker visa programme (BBC)*

# ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာသင်တန်းဖွင့်



**ကျောက်ပန်းတောင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ဆရာ ဆရာမများအနေဖြင့် သင်ကြား၊ သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးများ နားလည်သဘောပေါက်အောင် လိုအပ်သည့်သင်ကြားရေးဆိုင်ရာ ပညာရေးသဘောတရားများကို လေ့လာသင်ယူ သိရှိထားရန် လိုအပ်ကြောင်းနှင့် အဆိုပါ ပညာရေး သဘောတရားများကို နားလည်သိရှိအောင်လည်း ယခုသင်တန်းမှ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း၊ ၎င်းအပြင် စည်းကမ်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အများနှင့် စုပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ကျောင်းသားကျောင်းသူများ စည်းကမ်းလိုက်နာတတ်စေရန်နှင့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာသင်ခန်းစည်းကမ်း၊ ကျောင်းစည်းကမ်းများကို မိမိတို့ကိုယ်တိုင်ကစ၍ ကလေးအားလုံးကို သင်ကြားသင်ယူမှုစနစ်ဖြင့် စည်းကမ်းလိုက်နာတတ်အောင် လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။ ယင်းနောက် သင်တန်းစည်းမျဉ်း၊ စည်းကမ်းများနှင့်ပတ်သက်၍ နည်းပြဆရာမကြီး ဒေါ်နွဲ့နွဲ့ကြည် (အထက်တန်းကျောင်းအုပ်)က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မူလတန်းပြဆရာ ကိုးဦး၊ ဆရာမ ၁၁၃ ဦး စုစုပေါင်း ၁၂၂ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂ရက်မှ မေ ၂၁ ရက်အထိဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှု၊ သိပ္ပံ၊ အိမ်တွင်းမှု၊ ဂီတ၊ ပန်းချီ၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး သဘောတရား၊ ပညာရေးစိတ်ပညာ နှင့် ကာယပညာ အစရှိသည့် ဘာသာရပ် ၁၃ မျိုးကို သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း၊ အထက်တန်းပြများနှင့် မူလတန်းကျောင်းအုပ် ဆရာ ဆရာမများက ပြန်လည်ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# အပူဒဏ်ကြောင့် ကျန်းမာရေး ပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထုအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-

(၁) အရိပ်ရ၍အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။
(၂) ရေနှင့်ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။
(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွဲရွဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန်အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရောဝတီစာပေပွဲတော်ကျင်းပရေး ဆွေးနွေး

**ရန်ကုန် မေ ၂၂**

စတုတ္ထအကြိမ် ရောဝတီစာပေပွဲတော်ကို မန္တလေးမြို့၌ ကျင်းပရေး ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ Jefferson စင်တာ၌ ပြုလုပ်သည်။ ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲတွင် ရောဝတီစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများ၊ ဆပ်ကော်မတီအဖွဲ့များ၊ ပြန်ကြားဆက်သွယ်ရေးအဖွဲ့၊ စာတမ်းများရရှိရေးအဖွဲ့တို့ကိုဖွဲ့စည်းကြသည်။ စတုတ္ထအကြိမ် ရောဝတီစာပေပွဲတော်ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ Mandalay Hill Resort Hotel တွင်ကျင်းပရန် စီစဉ်ထားရှိပြီး အနုပညာပြပွဲများ၊ မြန်မာရုပ်ရှင်များ၊ စာအုပ်ဈေးရောင်းပွဲတော်များလည်း ပါဝင်မည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံသားများအတွက် ၃၉ နေရာ၊ နိုင်ငံခြားသားများအတွက် ၁၅ နေရာ စာတမ်းဖတ်ရန် စီစဉ်နေပြီး စာတမ်းများ ရွေးချယ်နိုင်ရန် စက်တင်ဘာ ၁၅ ရက်နောက်ဆုံးထားပြီး စာမူများ၊ စာတမ်းများအား ပါမောက္ခဒေါက်တာအောင်မြင့် ဖုန်း - ၀၉၂၀၀၃၇၄၇ သို့ ဆက်သွယ်မေးမြန်းပေးပို့နိုင်ကြောင်း သိရသည်။

(၀၀၂)



# လူထုစည်းရုံးရေးမှူးများအား စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

**မြင်းမူ မေ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးမှ ပြုလုပ်သော လူထုစည်းရုံးရေးမှူးများအတွက် သင်တန်းအပိုင်း(၃)ကို မေ ၂၁ ရက် နံနက် ၉ နာရီက လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပခဲ့သည်။

သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်ရောက်သော လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများက မြောင်မြို့အတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၈၁ ရွာ၏ လူထုစစ်ဆေးပွဲနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်ခြင်းများကို စီမံကိန်းအကောင်အထည်ဖော်ရေးလက်စွဲစာအုပ်ပါ အချက်များအတိုင်း ကူညီစည်းရုံးပေးနိုင်ရန်၊ လူထုဗဟိုပြုစီမံကိန်းရုံး၏ တာဝန်ခံယူမှုမူဘောင်ကို ရှင်းပြနိုင်ရန်၊ ကျေးရွာလူထုအား လူထုစစ်ဆေးပွဲကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကူညီပေးနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြို့နယ် DRD Counterpart များ၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့များ၊ လူထုစည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူးများ စုစုပေါင်းအင်အား ၅၁ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၆၂၄)

# မိုင်းယောင်း၌ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေး

**မိုင်းယောင်း မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်ရှိ Community Centre ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်က မြစိမ်းရောင်ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထားဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသော အားသာချက်၊ အားနည်းချက်များနှင့် အခက်အခဲများကို ပြန်လည်ဆွေးနွေးခဲ့ကြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ ၂၁ ယူနစ်မှ ကျေးရွာသူ ကျေးရွာသား ၉၄၁ ဦးက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းစသည့် လုပ်ငန်းအမျိုးအစားအလိုက် မြစိမ်းရောင်ရန်ပုံငွေ စုစုပေါင်း ကျပ်သိန်း ၆၈၆၆ သိန်း ထုတ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

❑

# ပလောက်မြို့၌ ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးဝေ

**ပလောက် မေ ၂၂။** တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ အမှတ်(၁)ရပ်ကွက်၌ ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်များကို ယနေ့နံနက် ၈ နာရီခွဲက အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အခမဲ့ပေးဝေခဲ့သည်။

ဆက်လက်၍ ပလောက်မြို့ ပြည်သူ့ဆေးရုံမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ရီရီသိန်းနှင့်အဖွဲ့သည် ဆေးစိမ်ခြင်ထောင်အသုံးပြုပုံနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး ခြင်ကိုက်ခြင်းကြောင့်ဖြစ်ပေါ်တတ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ စသည့်ရောဂါများကင်းဝေးစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆေးစိမ်ခြင်ထောင် နှစ်ယောက် တစ်လုံး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးလျှင် ဆေးစိမ်ခြင်ထောင် တစ်လုံးစီဖြင့် စုစုပေါင်း ဆေးစိမ်ခြင်ထောင် ၁၂၅၆ လုံးကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ပဲခူး မေ ၂၂**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဦးဆောင်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက သာယာဝတီခရိုင် မင်းလှ၊ မိုးညိုနှင့် ပြည်ခရိုင် ရွှေတောင်မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ထွန်းက ရှင်းလင်းပြီး မင်းလှမြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော စိမ်းလမ်းစိုပြည်ရေးကန်နှင့် ကန်ပတ်လမ်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ မိုးညိုမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ တင်ဒါကင်းလွတ်ခွင့်ဖြင့် ဆောင်ရွက်လျက်ရှိသော ဘုရားကြီးကုန်း-ခအောင်းပင်တာ-ပန်းတာပြင်ဆင်ခြင်းလုပ်ငန်းနှင့် မြစ်မခအနောက်ဘက်ကမ်းတာ (မိုင်၃/၄မှ၈/၀)အထိ အခိုင်အမာမြှင့်တင်ခြင်းလုပ်ငန်း၊ ရွှေတောင်မြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောင်ရွက်ပြီးခဲ့သော ကွေ့မတာပေတိုင် (၃၀+၀၀၀) ပန်းတာနှင့် ကမ်းရင်းတာ အခိုင်အမာပြုပြင်ခြင်းလုပ်ငန်း၊ ၂၀၁၇-၂၀၁၈ တင်ဒါကင်းလွတ်ခွင့်ဖြင့် ဆောင်ရွက်လျက်ရှိသော ကွေ့မတာ ACL-RL78.00ပြည့်မီရန်လိုအပ်သည့် RD26+350rS52+200 တာ အဆုံးအထိအပိုင်းအား သုံးပေတာမြှင့်ဖို့ပြုပြင်ခြင်း၊ ထန်းလုံးချောင်းတာတာမြှင့်တင်ခြင်း၊ ခြောက်လုံးရေပွန်ပြင်ဆင်ခြင်း၊ ကြံခင်းတန်းလမ်းအလျား ပေ ၇၈၀ Parpet Wallတည်ဆောက်ခြင်းများဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများက ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းသည်အရှည် ၈၄ မိုင် ခုနစ်ဖာလုံရှိပြီး ပဲခူးရိုးမအား ဖြတ်သန်းဖောက်လုပ်ထားရှိကာ ရာသီမရွေးသွားလာနိုင်ရန်အတွက် ကတ္တရာခင်းရန် ရှစ်မိုင် ငါးဖာလုံသာကျန်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလမ်းပြီးသွားပါက ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းမြို့နယ်များသို့ အချိန်တိုအတွင်း လွယ်ကူစွာဖြတ်သန်းသွားနိုင်မည်ဖြစ်သည်။ စိမ်းလန်းစိုပြည်ရေးကန်သည် မင်းလှမြို့နယ် ကန်ကြီးတန်းရပ်ကွက် မီးရထားလမ်းနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးအကြားရှိ မြေဧကသုည ဒသမ ၅၁၉ ပေါ်တွင် အလျားပေ ၃၇၀၊ အနံပေ ၇၀ တူးဖော်ထားခြင်းဖြစ်သည်။

**သူရိန်ထွန်း(ပဲခူး)**

# နှစ်သစ် စိတ်သစ် ပြည်သူ့ခေတ်

❖ တစ်လှေတည်းစီး
တစ်ခရီးတည်းသွားတာ
တစ်နှစ်ပြည့်ပြီးပြီ။
❖ တစ်နှစ်အကူးမှာ
စိတ်ကူးအသစ်တွေကိန်းရင်း
အပူမီးတွေ ငြိမ်းကြရအောင်။
❖ ပြည်သူ့အစိုးရသည်
ပြည်သူနှင့်အတူအမြဲရှိတယ်
အတ္တတံတိုင်းတွေ မခတ်ကြေး
မာနလှိုင်းတွေ မရိုက်ကြေး
အယူမတူတာတွေ ညှိကြ
ဘေးဘယာတွေ အမှုန်ပမယ်။
❖ ပြည်ထောင်စုရဲ့
ပွင့်လင်းမြင်သာ
အနာဂတ်ခေတ်သစ်ဆီ
အတူသွားစို့ကွယ်။
❖ ပြည်သူနှင့်အတူ
ချစ်ထုံးနှောင်ဖွဲ့
ရှေ့ခရီးဆက်မယ်
(ကဲ့ . . . လာ ပြည်သူတွေ)
အသည်းချင်းအတူထပ်
အခက်အခဲမှန်သမျှ
ရဲရင့်ကျော်ဖြတ်။ ။

**မှူးညာဏ်**

# သုံးခွမြို့၌ အသက်(၈၀)နှင့်အထက်ဘိုးဘွားများအား ပူဇော်ပွဲကျင်းပ

**သုံးခွ မေ ၂၂**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွဲမြို့ အမှတ်(၅)ရပ်ကွက်မိသားစုက(၁၄) ကြိမ်မြောက် အသက်(၈၀)နှင့်အထက် သက်ကြီးဘိုးဘွား ၁၂ ဦးအား သက်ကြီးပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီက စနေပတ်ဆွမ်းလောင်းအသင်းဓမ္မာရုံ၌ကျင်းပရာ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်နှင့် ရပ်မိရပ်ဖများ၊ ဘွန္တောအဖွဲ့ လူငယ်များ၊ ရပ်ကွက်နေပြည်သူများက ပူဇော်လှူဒါန်းကန်တော့ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဘိုးဘွားများအားကန်တော့ချိုးဖြင့် ကန်တော့ခဲ့ကြကာ အဘွားဖြစ်သူ ဆရာမကြီး ဒေါ်သန်းညွန့်က ကျေးဇူးတင်စကားနှင့် ဆုပေးစကား ပြောကြားခဲ့သည်။

ထို့နောက် အသက်(၈၀)နှင့် အထက် သက်ကြီးဘိုးဘွား ၁၂ ဦးအား အလှူငွေနှင့် အလှူပစ္စည်းများကို ရပ်ကွက်အလှူရှင်မိသားစုများက လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

ရပ်ကွက် အုပ်ချုပ်ရေးမှူးက “သက်ကြီးဘိုးဘွားတွေကို အလှူငွေ၊ လှူဖွယ်ပစ္စည်းတွေနဲ့ ပူဇော်ကန်တော့ကြမှာပါ။ ရပ်ကွက်အတွင်းက ပြည်သူတွေရဲ့ စုပေါင်းအလှူဒါနနဲ့ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဘိုးဘွားတွေကလည်း စိတ်ချမ်းသာပြုံးပျော်နေပုံကိုလည်း တွေ့မြင်ရပြီး ဆုတောင်းမေတ္တာ ပေးပို့နေကြပါတယ်။ ညနေပိုင်းမှာလည်း နိဗ္ဗာန်ဈေးပွဲတော်ကို မင်းတုန်းလမ်းမကြီးမှာ ပြုလုပ်လှူဒါန်းကြဦးမှာပါ”ဟု ပြောသည်။



**ကြည်စိုးလွင် (သုံးခွ)**

■

# သက်ငယ်မုဒိမ်းဖြစ်ပွားမှု လျှော့နည်းကျဆင်းရေး အသိပညာပေး

**ကော့မှူး မေ ၂၂**
လူမှောင်ခို လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းဖြစ်ပွားမှု လျှော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ရွာတန်းရှည်ကျေးရွာ အရှေ့ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင်မြို့မရဲတပ်ဖွဲ့စခန်းမှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးသိန်းဆွေမြင့်နှင့် တပ်ဖွဲ့ဝင်များက အမျိုးသမီးများနည်းမျိုးစုံဖြင့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာတွင် သိထားသင့်သည့်အချက်များ၊ ကလေးသူငယ် အခွင့်အရေးနှင့် ပတ်သက်၍ ဥပဒေများ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေး ဟောပြောခဲ့ရာ ကျေးရွာသူ ကျေးရွာသား၇၀ တက်ရောက်ခဲ့သည်။

**ကျော်သူရ (ပြန်/ဆက်)**

# မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း ဝါးခယ်မ၌ ဖွင့်လှစ်

**ဝါးခယ်မ မေ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းသင်ဆရာ၊ ဆရာမများအား မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်လှစ်ပို့ချမှုကို ယနေ့ နံနက် ၉ နာရီက အထက (၁) ဒေါ်ပိုက်မိခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မေမေခင်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအေးကြွယ်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ဖြစ်သောဘွဲ့ရ မူလတန်းပြ ဆရာ ဆရာမများအနေဖြင့် ဆရာအတတ်ပညာကို လေ့လာသင်ယူခွင့် ရရှိစေရန်၊ ဆရာအတတ်ပညာများကို လေ့လာသင်ယူပြီး သင်ကြားမှုပိုမိုထိရောက်အောင်မြင်စေရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ယခုလို သင်တန်းတွင်သာမက လုပ်ငန်းခွင်၌ပါ ဆက်လက်သင်ယူနိုင်မည့် အခြေခံကောင်းများ ရရှိစေရန်၊ တွေးခေါ်ကြံဆမှုကိုအားပေးသော သင်ကြားနည်းများဖြင့် သင်ရိုးဝင် ဘာသာရပ် ၁၂ မျိုးအပြင် ကာယပညာဘာသာရပ်ကိုပါ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ကလေးငယ်များကိုလည်း ပြန်လည်သင်ကြားနိုင်သည်အထိ လေ့လာဆည်းပူးဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၂ ရက်မှ မေ ၁၉ ရက်အထိ ဖွင့်လှစ်ပြီး ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမ ၁၈၂ ဦးအား နည်းပြ ၁၄ ဦးဖြင့် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်းတွင် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်က အမှတ်(၅၃၂)တပ်ရင်းမှ တပ်ဖွဲ့ဝင်မိသားစုများက တပ်မတော်စိုက်မွေးခြံများမှ ထွက်ရှိသော အော်ဂဲနစ်သစ်သီးဝလံများနှင့် ကြက်သား၊ ကြက်ဥတို့ကိုလည်းကောင်း၊ ထမင်းတစ်ပွဲလျှင်ဘဲဥနှင့် ကျပ် ၃၀၀၊ ကြက်သားနှင့် ကျပ် ၅၀၀ တို့ဖြင့် ပြည်သူများ သက်သာချောင်ချိစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် လှည့်လည်ရောင်းချပေးနေကြောင်း သိရသည်။

စွန်ရဲ(လှိုင်သာယာ)

ဧရာမှုံ

# ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေး

မြေပုံဆရာတော်

**ငြိမ်းချမ်းရေးအဓိပ္ပာယ်ဖွင့်ဆိုချက်**

ငြိမ်းချမ်းရေးဆိုတာ "ငြိမ်း" နဲ့ "ချမ်း" နှစ်လုံးကို ပေါင်းထားတဲ့ စကားစု ဖြစ်ပါတယ်။ 'ငြိမ်း' ဆိုတာက မရှိခြင်း၊ ကွယ်ပျောက်ခြင်းဆိုတဲ့ အဓိပ္ပာယ်ပါ။ ဘာတွေမရှိပြီး ဘာတွေကွယ်ပျောက်သွားတာလဲဆိုတော့ ရန်ငြိုးတွေ၊ ပဋိပက္ခတွေနဲ့ အကြမ်းဖက်မှုတွေ မရှိတော့ဘူး။ ကွယ်ပျောက်သွားပြီဆိုတဲ့ သဘောပါ။ 'ချမ်း' ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က အဲဒီရန်ငြိုးတွေ၊ ရန်စတွေ၊ ပဋိပက္ခတွေနဲ့ အကြမ်းဖက်မှုတွေ ကွယ်ပျောက်သွားပြီး မရှိတော့ဘူးဆိုရင် ကိုယ်ရောစိတ်ပါ ချမ်းသာသုခ ရရှိစေတဲ့ သဘောဖြစ်ပါတယ်။ ဥပမာအားဖြင့် မီးငြိမ်းသွားတဲ့အခါ ပူလောင်ဆင်းရဲမှုဒုက္ခတွေမရှိဘဲ အေးမြချမ်းသာတဲ့ သဘောကို ဆောင်သလိုပါပဲ။ အဲဒီလို ရန်ဟူသမျှ မရှိတော့ဘူးဆိုရင် အားလုံးအေးချမ်းမှု ရရှိသွားမှာပါ။

အဲဒီသဘောကြောင့်ငြိမ်းချမ်းရေးကို လူတိုင်းလိုလားတောင့်တမှုရှိကြသလို ငြိမ်းချမ်းရေးလုပ်ငန်း လုပ်ဆောင်သူကိုလည်း သဘောကျပြီး လေးစားကြည်ညိုလေ့ရှိပါတယ်။

**ဂေါတမဗုဒ္ဓရဲ့ ငြိမ်းချမ်းရေးသဘောထား**

ဂေါတမဗုဒ္ဓဟာ အလောင်းတော်ဘဝတုန်းက ငြိမ်းချမ်းရေးလုပ်ငန်းကို လုပ်ဆောင်ခဲ့သလို ဘုရားအဖြစ် ရောက်တော့လည်း လုပ်ပါတယ်။ ဘုရားရှင်က ငြိမ်းချမ်းရေးလုပ်ဖို့ တပည့်တွေကို တိုက်တွန်းသလို ငြိမ်းချမ်းရေးလုပ်သူကိုလည်း ချီးကျူးလေ့ရှိပါတယ်။

ဂေါတမဗုဒ္ဓလုပ်ဆောင်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းဟာ နှစ်မျိုးရှိကြောင်း တွေ့ရပါတယ်။ အပြင်ရန် ငြိမ်းချမ်းရေးလုပ်ငန်းနှင့် အတွင်းကိလေသာရန် ငြိမ်းချမ်းရေးလုပ်ငန်းများ ဖြစ်ပါတယ်။ ဤဆောင်းပါးတွင် အပြင်ရန်ငြိမ်းချမ်းရေးကို ဖော်ပြသွားမှာပါ။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၃၄) ကောသမ္ဗိဝတ္ထုထဲမှာ ဓမ္မကထိက ရဟန်းရဲ့ဘက်သားနဲ့ဝိနည်းဓိုရ်ရဟန်းရဲ့ ဘက်သားတို့ရဲ့ ပဋိပက္ခကို စေ့စပ်ဖြေရှင်းပေးခဲ့ဖူးပါတယ်။

အဲဒီပဋိပက္ခကို ညှိနှိုင်းဖြေရှင်းရာမှာ အတိတ်ဖြစ်ရပ်သုံးခုကို ထောက်ပြပြောဆိုသွားကြောင်း တွေ့ရပြီး အဲဒီလို ထောက်ပြပြောဆိုသွားတဲ့ အထဲက (မဟာ၊ ဝါ၊ ပါ၊ ၄၉၀) မှာ ဒီဃီတိဒီဃာဝုကို ပြောဆိုဆုံးမတဲ့ စကားဟာ မှတ်သားနည်းယူဖွယ် ကောင်းပါတယ်။

"ချစ်သား ဒီဃာဝု၊ အရှည်ကိုလည်းမကြည့်နဲ့။ အတိုကိုလည်း မကြည့်နဲ့။ ရန်ဟူသမျှ ရန်တုန့်ပြန်ခြင်းဖြင့် မငြိမ်းအေးနိုင်၊ ရန်ဟူသမျှ ရန်မတုန့်ပြန်မှသာ ငြိမ်းအေးနိုင်တယ်" လို့ ညွှန်ပြပြောဆိုတဲ့စကားများ ဖြစ်ပါတယ်။

အဲဒီစကားလေးခွန်းထဲက အရှည်ကိုလည်း မကြည့်နဲ့ဆိုတာ ရန်ငြိုးရန်စကို မရှည်စေဖို့ သတိပေးတဲ့စကားဖြစ်သလို အတိုကိုလည်း မကြည့်နဲ့ဆိုတာ ချစ်ခင်နှစ်သက်မှုကို မပျက်စေဖို့ ပြောဆိုတဲ့စကားဖြစ်ပါတယ်။ ထို့အတူ ရန်သူကို ရန်ငြိုးဖြင့် တုံ့ပြန်မည်ဆိုလျှင် ထိုရန်မှာ ငြိမ်းအေးသွားမှာ မဟုတ်သလိုရန်သူကို ရန်ငြိုးဖြင့် မတုံ့ပြန်ဘဲ နားလည်ခွင့်လွှတ်မှုဖြင့်သာ ငြိမ်းအေးစေနိုင်မည်ဆိုတဲ့ စကားများဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတွင် ငြိမ်းချမ်းရေးကို လိုလားသူများနဲ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအားထုတ်နေသူများအတွက် ဒီစကားလုံးတို့ဟာ အသုံးဝင်လိမ့်မယ်လို့ ယူဆပါတယ်။ တစ်ဖန် (ဓမ္မပဒ၊ ဌ၊ ဒု၊ ၁၆၈) မှာ ပဋိပက္ခ မှန်သမျှ နိုင်လည်းမကောင်းသလို၊ ရှုံးလည်း မကောင်းတဲ့အကြောင်း ညွှန်ပြထားပြန်ပါတယ်။

"နိုင်သူမှာ ရန်တိုးပွားလာမှာဖြစ်သလို ရှုံးသူမှာတော့ စိတ်ဆင်းရဲနေမှာ ဖြစ်ပါတယ်။ လူမှာရှိတဲ့ အတွင်းကိလေသာရန်ကို (စေ့ဆော်တိုက်တွန်းတဲ့စိတ်ကို) ပယ်သတ်နိုင်လို့ ငြိမ်းအေးသူသာလျှင် နိုင်ခြင်း၊ ရှုံးခြင်းကို ပယ်စွန့်နိုင်သူဖြစ်လို့ ချမ်းသာစွာ နေရလိမ့်မယ်" လို့ ဆိုထားခြင်းဖြစ်ပါတယ်။ "ရန်ရှိနေကြတဲ့ လူတွေထဲတွင် ငါတို့မှာ ရန်မရှိဘဲနေနိုင်သလို ရန်ရှိကြတဲ့ လူတွေထဲမှာ အဲဒီလိုရန်မရှိဘဲနေခြင်းဟာ အလွန်တရာမှ အေးချမ်းလှပါတယ်" ဟု ဆိုထားခြင်းဖြစ်ပါတယ်။

ယခုပြောခဲ့သမျှ အယူအဆတွေဟာ အပြင်ရန် ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ဂေါတမဗုဒ္ဓရဲ့ ရပ်တည်ချက် သဘောထားတွေထဲက တစ်စိတ်တစ်ပိုင်းကို ထုတ်ပြောခြင်းသာဖြစ်ပါတယ်။ ဒေသတွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေသူတွေအတွက် စံထားကျင့်သုံးစရာ နည်းလမ်းကောင်းဖြစ်လိမ့်မယ်လို့လဲ ယူဆပါတယ်။

**ဂေါတမဗုဒ္ဓရဲ့ ပဋိပက္ခဖြေရှင်းနည်း**

ဒီလိုပြောတော့ ဂေါတမဗုဒ္ဓဟာ အတွေးအခေါ် သမားသက်သက်လို့ ထင်ဖွယ်ရာရှိပါတယ်။ မဟုတ်ပါဘူး။ ဒေသတွင်းငြိမ်းချမ်းရေးရရှိဖို့ကိုလည်း ကိုယ်တိုင်ကြွရောက် ဖြေရှင်းပေးခဲ့ဖူးပါတယ်။ သာဓကအမြောက်အများရှိတဲ့ထဲက မှတ်သားနည်းယူဖွယ်ကောင်းတဲ့ အဖြစ်အပျက်တချို့ကို ထုတ်ပြလိုပါတယ်။ သကျသာကီယမင်းနဲ့ ကောလိယမင်းတို့ဟာ နှစ်ပြည်ထောင်အကြားက ဖြတ်သန်းစီးဆင်းသွားတဲ့ ရောဟိဏီမြစ်ရေကို ခွဲဝေသုံးဖို့ ညှိနှိုင်းတဲ့အခါ ပြေလည်မှု မရရှိတဲ့အတွက် အင်အားသုံးဖြေရှင်းဖို့ မြစ်ကမ်းတစ်ဖက်စီမှာ စစ်တပ်နှစ်ခု ထိပ်တိုက်ရင်ဆိုင်တွေ့လျက်ရှိကြပါတယ်။

တကယ်လို့ စစ်ပွဲဖြစ်ပြီဆိုရင် အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးမယ်ဆိုတာသိလို့ တိုင်းသူပြည်သားတွေရဲ့ဘဝကို သနားကရုဏာသက်တော်မူရှာတဲ့အတွက် စစ်တပ်နှစ်ခုကြားရောက်အောင် ဂေါတမဗုဒ္ဓ ကြွတော်မူခဲ့ပါတယ်။

စစ်ဦးစီးချုပ်များဖြစ်တဲ့ ဘုရင်နှစ်ပါးကို "တန်ဖိုးအနည်းငယ်မျှသာရှိတဲ့ ရေအတွက်နဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ လူတွေရဲ့အသက်ကို ဖျက်ဆီးသင့်ပါသလား" ဆိုတဲ့ မေးခွန်းနဲ့အောင်မြင်စွာ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ဂေါတမဗုဒ္ဓရဲ့ စေ့စပ်ဖြေရှင်းပေးမှုကြောင့် ပြည်သူတွေ အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှု ဘေးအန္တရာယ်မှ လွတ်မြောက်သွားတဲ့အပြင် နှစ်ပြည်ထောင်အကြား ငြိမ်းချမ်းရေးလည်း ရရှိစေခဲ့ပါတယ်။ နောက်ထပ် မှတ်သား စံပြုဖွယ်ရာကောင်းတဲ့ သာဓကတစ်ခုကိုလည်း ပြောလိုပါတယ်။

သကျသာကီဝင်မင်းနဲ့ သာဝတ္ထိဘုရင် ဝိဋ္ဋူဘမင်းတို့ရဲ့ ပဋိပက္ခမှာလည်း ဂေါတမဗုဒ္ဓကြွရောက်ဖြေရှင်းပေးခဲ့လို့ တိုင်းသူပြည်သားတွေ အသက်အိုးအိမ် စည်းစိမ်ပျက်စီးဆုံးရှုံးရမယ့် ဘေးအန္တရာယ်မှ လွတ်မြောက်သွားခဲ့ဖူးပါတယ်။

ဝိဋ္ဋူဘမင်းဆိုတာ သာဝတ္ထိဘုရင် ကောသလမင်းနဲ့ သကျသာကီယဘုရင် မဟာနန်မင်းရဲ့ကျွန်မရဲ့သမီး ဝသဘခတ္တိယတို့က မွေးဖွားလာသူဖြစ်ပါတယ်။

အရွယ်ရောက်လာလို့ မိခင်ဘက်က ဘကြီးတော်စပ်တဲ့ သကျသာကီယ မင်းတို့ကိုကန်တော့ဖို့သွားရောက်ခဲ့ ပါတယ်။ သာဝတ္ထိကဲ့သို့ အင်အားကြီးနိုင်ငံမင်းဖြစ်ပေမယ့် ကျွန်မရဲ့သားဖြစ်နေတဲ့အတွက် ဝိဋ္ဋူဘမင်း ပြန်သွားတဲ့အခါ သူထိုင်သွားတဲ့နေရာကို မသန့်ရှင်းဘူးဆိုပြီး နွားနို့နဲ့ဆေးကြောသုတ်သင်စေခဲ့ပါတယ်။ အဲဒီသတင်းကိုကြားတဲ့ ဝိဋ္ဋူဘမင်းက အမျက်ဒေါသထွက်ပြီး "ငါ့အလှည့်ရောက်လာရင် သင်းတို့လည်ချောင်းသွေးနဲ့ ဆေးကြောပြမယ်" လို့ ကြိမ်းမောင်းလိုက်ပါတယ်။

တစ်နေ့မှာ "သာကီယမင်း အားလုံးကို သတ်အံ့" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စစ်တပ်ကြီးနဲ့ချီတက်သွားခဲ့တယ်။ နှစ်နိုင်ငံ နယ်စပ်တစ်နေရာရောက်တဲ့အခါ ကြိုတင်ရောက်ရှိနေတဲ့ ဂေါတမဗုဒ္ဓနဲ့တွေ့လို့ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤသို့ ပူပြင်းတဲ့အခါ နေရောင်ထိုးပြီး အရိပ်မကောင်းတဲ့ ဒီသစ်ပင်ရိပ်၌ ဘာကြောင့်နေပါသလဲ၊ ဟိုဘက်က အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးရဲ့ အရိပ်အောက်မှာ သီတင်းသုံးတော်မူပါ"လို့ လျှောက်လိုက်တယ်။

အဲဒီအခါမှာ ဂေါတမဗုဒ္ဓက "မင်းကြီး၊ အဲဒီညောင်ပင်အရိပ်တို့ထက် ဆွေမျိုးများအရိပ်က ပိုပြီးအေးမြပါတယ်" လို့ မိန့်ကြားလိုက်တဲ့အခါ ဘုရားရှင်ရဲ့စကားကို သဘောပေါက်တာကြောင့် တပ်ရုပ်သိမ်းပြီး သာဝတ္ထိကို လှည့်ပြန်လာခဲ့ပါတယ်။ သကျသာကီယမင်းနဲ့ ပြည်သူအားလုံးတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်လည်း ပျက်စီးဆုံးရှုံးမှုဘေးအန္တရာယ်မှ လွတ်မြောက်ပြီး ချမ်းသာခွင့်ရခဲ့ဖူးပါတယ်။

**ငြိမ်းချမ်းရေးနဲ့ ဗုဒ္ဓဘာသာ**

ဂေါတမဗုဒ္ဓဟာ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာများ ကြမ်းတမ်းခြင်း၊ ယုတ်မာကောက်ကျစ်ခြင်း မရှိအောင်လည်း နည်းလမ်းအသွယ်သွယ်နဲ့ သွန်သင်ဆုံးမလေ့ရှိပါတယ်။

ဂေါတမဗုဒ္ဓရဲ့ အဆုံးအမကိုခံယူကြတဲ့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တိုင်းဟာ ကိုယ်အမူအရာ နူးညံ့သိမ်မွေ့အောင် ကိုယ်ကျင့်သီလကို သတိနဲ့အထူးစောင့်ထိန်းလေ့ရှိကြပါတယ်။ "အကြောင်းအကျိုး" အသိပညာနဲ့လည်း စိတ်ကိုနူးညံ့ သိမ်မွေ့အောင်လုပ်လေ့ရှိပါတယ်။

အဲဒီလိုကိုယ်၊ နှုတ်၊ နှလုံးသုံးပါလုံး နူးညံ့သိမ်မွေ့အောင် သီလနဲ့စောင့်ထိန်းထားကြတဲ့ ဂေါတမဗုဒ္ဓရဲ့ တပည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များဟာ ပဋိပက္ခဖန်တီးမှု၊ အကြမ်းဖက်မှု လုပ်ငန်းတွေကို ကိုယ်တိုင်မလုပ်တဲ့အပြင် အဲဒီလိုလုပ်မယ့် ပုဂ္ဂိုလ်တွေကိုလည်း အားပေးလိုစိတ်မရှိကြပါဘူး။

ဂေါတမဗုဒ္ဓရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်အတိုင်း အကြောင်း ပေါ်ပေါက်လာတဲ့အခါ တိုင်းသူပြည်သားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုဘေးအန္တရာယ်မှ အကာအကွယ်ပေးခဲ့ဖူးတဲ့ သမိုင်းအထောက်အထားတွေရှိခဲ့ဖူးပါတယ်။

**သံဃာတော်များနဲ့ငြိမ်းချမ်းရေးလုပ်ငန်း**

ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်(မြန်မာ ၁၂၅၆-၁၂၈၇)မှာ မွန်ဂိုတရုတ်စစ်တပ်က မြန်မာနိုင်ငံထဲကျူး ကျော်ဝင်ရောက်လာတဲ့အတွက် နရသီဟပတေ့မင်းကိုယ်တိုင် ပုဂံအောက်ဘက်က ပြည်မြို့နားရှိ လှည်းကျအရပ်မှာ ရှောင်တိမ်းနေရတဲ့အခြေအနေဖြစ်ခဲ့ပါတယ်။

အဲဒီအချိန်မှာ ပုဂံပြည်သူပြည်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ဟာ အကာအကွယ်ကင်းမဲ့သလို ဖြစ်သွားခဲ့ပါတယ်။ အားကိုးရာမဲ့ဖြစ်နေတဲ့ ပုဂံပြည်သူပြည်သားတွေကို သနားကရုဏာ သက်တော်မူတဲ့ အရှင်ဒိသာပါမောက္ခ မထေရ်က တရုတ်ပြည် ပီကင်းမြို့ (တယ်တူမြို့) ရှိ ကူဗလိုင်ခံမင်းထံ သွားရောက်အရေးဆိုခဲ့ဖူးပါတယ်။

"ဥယျာဉ်မှူးဟာ သစ်ပင်ပန်းမာန်များ ရှင်သန်လှပအောင် ရေလောင်းပေါင်းသင်တဲ့ အလုပ်ကိုသာ လုပ်လေ့ရှိပါတယ်။ အညွှန့်အတက်ကို ချိုးဖဲ့ခြင်း လုပ်လေ့မရှိပါဘူး။ အရှင်မင်းကြီးဟာလည်း ဘုရားဆုပန်သူဖြစ်လို့ ပုဂံကို သိမ်းယူဖို့ တိုက်ခိုက်ဖျက်ဆီးမယ်ဆိုရင် ဘုရားရှင်ရဲ့ သာသနာကို ထိခိုက်ဖျက်ဆီးရာ ရောက်စေပါတယ်" လို့ မိန့်ခဲ့ပါတယ်။ အရှင်ဒိသာပါမောက္ခရဲ့ ကြောင်းကျိုးပြ စကားယုတ္တိကြောင့် မွန်ဂိုတရုတ်စစ်တပ်ကြီး ပြန်လည်ရုပ်သိမ်းသွားလို့ ဘေးအန္တရာယ်အတွင်းမှ ပုဂံပြည်ကြီး လွတ်မြောက်ခဲ့ဖူးပါတယ်။

**ပဋိပက္ခဖြေရှင်းနည်း**

"အမိုက်ကစ ပြာသာဒ်မီးလောင်"ဆိုတဲ့ စကားအတိုင်း သူနဲ့ ကိုယ့်အကြားမှာ စရိုက်ချင်းမတူရာကစလာတဲ့ ပဋိပက္ခဟာ အကြမ်းဖက်ပြီး စစ်မီးတောက်လောင်တဲ့အထိ ဖြစ်နိုင်ပါတယ်။ အတိတ်သမိုင်းမှာ တောက်လောင်လာခဲ့တဲ့ ကမ္ဘာစစ်မီးမှန်သမျှ စရိုက်ချင်းမတူရာက စတင်လောင်ကျွမ်းလာခဲ့တဲ့ စစ်ပွဲများဖြစ်ကြောင်း ဘယ်သူမှ ငြင်းနိုင်လိမ့်မယ်လို့ မထင်ပါဘူး။

ဒီအတိုင်းဆိုရင် စရိုက်ချင်းမတူတဲ့လူတွေ ပေါင်းစပ်နေတဲ့ ဤလူ့လောကမှာ ငြိမ်းချမ်းရေးရနိုင်စရာ အခွင့်အလမ်းမရှိတော့ဘူးလားလို့ မေးဖွယ်ရာဖြစ်လာပါတယ်။ အဲဒီလိုလည်းမဟုတ်ပါဘူး။ လူသားချင်းဆိုတဲ့အသိနဲ့ ထိန်းညှိယူမယ်ဆိုရင် ဖြစ်နိုင်မယ့်အခွင့်အလမ်းလည်းရှိပါတယ်။ တစ်ယောက်အကျိုးရှိမှာကို တစ်ယောက်ကလိုလားတဲ့ မေတ္တာစိတ်မွေးနိုင်ဖို့ လိုအပ်ပါတယ်။ သူတစ်ပါးရဲ့ အောင်မြင်မှု ဂုဏ်သတင်းကို ကြားသိရတဲ့အခါ ဝမ်းမြောက်ဂုဏ်ယူတတ်တဲ့ မုဒိတာစိတ်မွေးဖို့လည်းလိုအပ်ပါတယ်။ အပြစ်အနာအဆာကင်းတဲ့ လူရယ်လို့ လောကမှာ မရှိနိုင်တဲ့အတွက် အပြစ်အနာအဆာနဲ့တွေ့တိုင်း လျစ်လျူရှုတတ်တဲ့ ဥပက္ခာစိတ်မျိုးလည်း မွေးနိုင်ဖို့လိုအပ်ပါတယ်။

အခုလိုပြောလိုက်တော့ အဲဒီလို စိတ်မျိုးမွေးဖို့ဆိုတာ လွယ်ပါ့မလားလို့ တွေးကောင်းတွေးပါလိမ့်မယ်။အဲဒီလို စိတ်မျိုးမွေးမယ်ဆိုရင် အလေ့အကျင့်လုပ်ဖို့ အချိန်တော့လိုအပ်ပါတယ်။ အလေ့အကျင့် လုပ်နေချိန်မှာ အလေ့အကျင့်ပြတ်မသွားအောင် သတိရှိဖို့ လိုအပ်သလို စိတ်ရှည်ဖို့လည်း လိုအပ်ပါတယ်။ ဂရိတွေးခေါ်ရှင်ကြီး ဆိုကရေးတီးရဲ့ "လုပ်လို့မဖြစ်တဲ့ အလုပ်ဆိုတာ မရှိဘူး၊ မလုပ်သေးလို့ မဖြစ်သေးတဲ့ အလုပ်သာရှိတယ်"ဆို တဲ့ အဆိုအမိန့်ကို ခံယူကျင့်သုံးသွားမယ်ဆိုရင် မဖြစ်နိုင်စရာ မရှိပါဘူး။

အခုပြောခဲ့တဲ့နည်းနဲ့ စိတ်ကိုထိန်းညှိပြုပြင်ယူတဲ့ အလေ့အကျင့် ရရှိသွားပြီဆိုရင် ငြိမ်းချမ်းရေးစတင်ရရှိသွားမှာပါ။ အဲဒီလိုပဲ ကျင့်သုံးကြမယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင် ကိုယ့်နိုင်ငံ ငြိမ်းချမ်းရေးရရှိဖို့ လမ်းပွင့်သွားမှာပါ။

**ငြိမ်းချမ်းရေးရဲ့ အကျိုးကျေးဇူး**

အထက်မှာတုန်းက ငြိမ်းချမ်းရေးရရှိတဲ့အခါ "ရန်ရှိနေကြတဲ့လူတွေထဲမှာ ငါတို့ဟာ ရန်မရှိဘဲ နေနိုင်ကြတယ်။ ရန်ရှိနေကြတဲ့ လူတွေထဲမှာ ရန်မရှိဘဲ နေခြင်းဟာ အလွန်တရာမှ ချမ်းသာလှပါတယ်"လို့ ဆိုထားတဲ့အတိုင်း ကျင့်သုံးသူတွေငြိမ်းချမ်းရေးရဲ့ အရသာကို ခံစားခွင့်ရှိရပါလိမ့်မယ်။

ဗုဒ္ဓဘာသာနဲ့ ငြိမ်းချမ်းရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ တင်ပြဆွေးနွေးသွားခြင်းဖြစ်လို့ ဘာသာရေးအယူအဆတစ်ရပ်အနေနဲ့ သဘောမထားသင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလိုမကျမှု၊ဆန္ဒမပြည့်ဝမှုတွေနဲ့ စိတ်ဖိစီးမှုဒဏ် ခံနေရတဲ့သူတိုင်း လိုက်နာကျင့်သုံးသွားမယ်ဆိုရင် စိတ်ရဲ့ ထွက်ပေါက်ရရှိပြီး ပျော်ရွှင်တဲ့ဘဝ၊ အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်ခွင့်ရမှာ ဖြစ်လို့ပါ။

အခုတင်ပြခဲ့သမျှ အချက်အလက်တွေကိုထောက်ရင် ဗုဒ္ဓဘာသာဟာ ငြိမ်းချမ်းရေးရဖို့ ပေါ်ပေါက်လာတဲ့ ဘာသာဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာ ရဟန်းတော်များဟာ ငြိမ်းချမ်းရေးနည်းပညာရပ်တွေကိုလူထုထံ ပြန့်ပွားအောင် မျှဝေပေးနေသူတွေဖြစ်ကြောင်း သိသာလောက်ပြီလို့ ထင်ပါတယ်။

အစွန်းရောက်အယူဝါဒမရှိသူတိုင်း ကြောင်းကျိုးဆက်စပ်မှုရှိတဲ့ အထက်ပါ နည်းလမ်းကို ကျင့်သုံးသွားကြမယ်ဆိုရင် အနုမြူဗုံးထုတ်လုပ်စရာမလိုဘဲ အစစ်အမှန် ငြိမ်းချမ်းရေးရရှိသွားနိုင်လိမ့်မယ်လို့ ပြောရပါတယ်။

> ငြိမ်းချမ်းရေးရရှိတဲ့အခါ "ရန်ရှိနေကြတဲ့လူတွေ ထဲမှာ ငါတို့ဟာ ရန်မရှိဘဲ နေနိုင်ကြတယ်။ ရန်ရှိနေကြတဲ့ လူတွေထဲမှာ ရန်မရှိဘဲ နေခြင်းဟာ အလွန် တရာမှ ချမ်းသာလှပါတယ်"လို့ ဆိုထားတဲ့ အတိုင်း ကျင့်သုံးသူတွေငြိမ်းချမ်းရေးရဲ့ အရသာကို ခံစားခွင့်ရှိရပါလိမ့်မယ်။

# မျက်စိရောဂါဝေဒနာခံစားနေရသူများအား သတ္တမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေး

**ဝါးခယ်မ မေ ၂၂**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူ မျက်စိဝေဒနာခံစားနေရသူများအား သတ္တမအကြိမ်မြောက်အဖြစ် စက္ခုပါလ မျက်စိအခမဲ့ခွဲစိတ်ကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)ရုံးခွဲ စက္ခုပါလဆေးခန်း၌ မေ ၂၁ ရက်မှစကာ သုံးရက်ကြာ စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလ မျက်စိ(အခမဲ့) ခွဲစိတ်ကုသရေးအဖွဲ့မှ ပထမအကြိမ်မှစကာ ဆဋ္ဌမအကြိမ်အထိ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာခံစားနေရသူ ၄၅၁၀ ဦးအား စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်းနှင့် မျက်စိ ၁၀၈၃ လုံး ခွဲစိတ်ပေးခဲ့ပြီး မျက်မှန်တပ်ဆင်ပေးသည့်အရေအတွက်မှာ ၂၁၄၁ ဦးရှိကြောင်း စက္ခုပါလအသင်း အတွင်းရေးမှူး ဦးစိုးတင့်၏ပြောပြချက်အရ သိရသည်။

ယခုအခါ သတ္တမအကြိမ်မြောက်အဖြစ် ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလ မျက်စိအခမဲ့ကုသရေးအလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးကာ မျက်စိအထူးကုဆရာဝန် ဒေါက်တာဌေးဌေးလွင်နှင့်အဖွဲ့က စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ မျက်စိရောဂါဝေဒနာ ပြသရန် စာရင်းပေးသွင်းထားသူ ၃၀၀ ကျော်ရှိကြောင်း သိရသည်။

ယင်းသို့ စက္ခုပါလမျက်စိ(အခမဲ့) ခွဲစိတ်ကုသရေးအဖွဲ့မှ မျက်စိရောဂါနှင့်ပတ်သက်၍ တစ်ဦးချင်း ဝေဒနာများအလိုက် စမ်းသပ်စစ်ဆေးပြီး ကုသမှုများဆောင်ရွက်ပေးလျက်ရှိကာ လာရောက်၍ဆေးပြသည့် သုံးရက်အတွင်းလူနာနှင့် လူနာစောင့်တစ်ဦးအတွက် မနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**



# သက်ငယ်မုဒိမ်းမှု လျော့နည်းကင်းစင်ရေး အသိပညာပေး

**ပုဇွန်တောင် မေ ၂၂**
သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၂၁ ရက် ညနေ ၄ နာရီက ပုဇွန်တောင်မြို့နယ် အမက (၁၀) ကျောင်း၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လတ်က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**၁၁၈**



# မိုးတွင်းအခါ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေး

**ကျောင်းကုန်း မေ ၂၂**
မိုးရာသီတွင် ရပ်ကွက်အတွင်း ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကမ်းနားလမ်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် တူးဖော်နေခဲ့ကြကြောင်း သိရသည်။

"ကမ်းနားလမ်းတစ်လျှောက်ပြီးရင် မြို့မဈေးကြီးရဲ့ အဓိကရေမြောင်းကြီးကို ဖော်မယ်၊ ပြီးရင် ဆေးရုံလမ်းတစ်လျှောက် လုပ်မယ်၊ မြို့မဈေးပတ်လည်မှာရှိတဲ့ ရေမြောင်းတွေကို တူးဖော်ပေးမယ်၊ နောက်ဌာနလမ်းတစ်လျှောက် ရေထွက်ပေါက်တွေကို လိုက်ကြည့်ပြီး တူးဖော်ပေးသွားမယ်" ဟု မြို့နယ်စည်ပင်မှ အင်ဂျင်နီယာ ဦးသီဟဝင်းက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မြို့ပေါ်ရပ်ကွက်များအတွင်း ကျောက်စီရေမြောင်းများ တည်ဆောက်မှုလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား မေ ၂၂**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း မိုးရာသီ ရေဝင်ရေဝပ်မှုများရှိခြင်းကြောင့် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကျောက်စီရေမြောင်းများအား ဆောက်လုပ်လျက်ရှိရာ အဆိုပါ ကျောက်စီရေမြောင်းများ ဆောက်လုပ်မှုလုပ်ငန်းကို ယနေ့ နံနက် ၈ နာရီခွဲက ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ခေမာသီရိရပ်ကွက် လမ်းသွယ်(၂)အတွင်း တည်ဆောက်လျက်ရှိသည့် ကွန်ကရစ်ကျောက်စီရေမြောင်းအား ကြည့်ရှုစစ်ဆေးရာ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်နှင့် KACHIN ICON ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးဝင်းငွေတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးချုပ်က မိုးရာသီမကျရောက်မီ အချိန်မီပြီးစီးရေး၊ လုပ်ငန်းများအား စံချိန်စံညွှန်းပြည့်မီစွာ လုပ်ဆောင်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

အဆိုပါ ကျောက်စီရေမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူကာ အနက်ငါးပေ၊ အကျယ်ငါးပေရှိ ကျောက်စီရေမြောင်းအား အလျားခုနစ်ပေကိုးလက်မ၊ အနံငါးပေ၊ ဒုခြောက်လက်မရှိ ရေမြောင်းဖုံးများဖြင့် ဖုံးအုပ်ကာ ရေစီးရေလာကောင်းမွန်ရေးနှင့် သဘာဝဘေးဒဏ်တို့ခံနိုင်သည့် ကျောက်စီရေမြောင်းအဖြစ် အရှည်ပေ ၄၂၇၀ အား အောင်နန်းရိပ်သာရပ်ကွက် မဟာဗန္ဓုလလမ်းမှ ခေမာသီရိရပ်ကွက် လမ်းသွယ် ၁၉ အထိ ခွင့်ပြုရန်ပုံငွေကျပ် ၅၀၇ ဒသမ ၅ သန်း အကုန်အကျခံကာ တည်ဆောက်လျက်ရှိရာ ယနေ့အထိ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါ တည်ဆောက်မှုလုပ်ငန်းများတွင် တံတားငယ် ခြောက်စင်း ပါဝင်ကြောင်း KACHIN ICON ဆောက်လုပ်ရေးကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးညွန့်ဝေထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကြိုတင်စီမံ ဆောင်ရွက်ထား

**ပုလဲ မေ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း၊ တံတားတည်ဆောက်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများအပြင် နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိသော ကျေးရွာများသို့လည်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့်ပူးပေါင်း၍ သောက်သုံးရေများလှူဒါန်းပေးလျက်ရှိကြောင်းသိရသည်။

ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က "၂၀၁၆ ခုနှစ် နွေရာသီကဆိုရင် အယ်နီညိုရာသီဥတုဒဏ်ကို ခံစားခဲ့ရလို့ ပုလဲမြို့နယ်အတွင်းရှိ အုန်းမွန်းတောကျေးရွာ၊ အောင်ငြိမ်းချမ်းကျေးရွာ၊ ဆည်ကြီးကျေးရွာ၊ ရေသာကျေးရွာ၊ ထန်းခင်းကြီးကျေးရွာတွေမှာ သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် ကျေးရွာငါးရွာရှိ အိမ်ခြေ ၆၂၇ အိမ်၊ လူဦးရေ ၃၀၆၀ အတွက် သောက်သုံးရေဂါလန် ၁၃၅၀၅၃ ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ပူးပေါင်းပြီး လှူဒါန်းပေးခဲ့ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေများဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများအဖြစ် တုန်းကန်ကျေးရွာ၊ နွယ်အင်းကျေးရွာ၊ အုန်းမွန်းတောကျေးရွာ၊ ကံသာကျေးရွာ၊ အောင်ငြိမ်းချမ်းကျေးရွာတွေမှာ စက်ရေတွင်း တူးဖော်ပေးခြင်းနှင့် စစ်ရင်ကျေးရွာ၊ ရေသာကျေးရွာ၊ ဆည်ကြီးကျေးရွာတွေမှာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်လို့ ယခုနှစ်နွေရာသီမှာတော့ ကျေးရွာများမှာ သောက်သုံးရေ ရှားပါးပြတ်လပ်မှုက နည်းနိုင်ပါတယ်။ သို့သော်လည်း သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်လာလို့ ကျေးရွာများကဆက်သွယ်ပြီး အကူအညီတောင်းခံလာခဲ့ရင် အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေများ ပို့ဆောင်နိုင်ရေးအတွက် ရေဘူးကြီးများ၊ စက်သုံးဆီများကို အဆင်သင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများကလည်း နွေရာသီတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာများသို့ကွင်းဆင်း၍ ရေအရင်းအမြစ်များ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သတိပြုရမည့်အချက်များ၊ စက်ရေတွင်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနည်းစနစ်များနှင့် စိမ့်စမ်းရေများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနည်းစနစ်များကို ပညာပေးဆွေးနွေးလျက်ရှိပြီး ယခုနှစ် နွေရာသီတွင် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများပါရှိသည့် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေလျက်ရှိကြောင်းနှင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာပါက ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၇၁-၃၅၀၉၆ နှင့် ၀၉၉၇၀၄၀၆၃၀၀ တို့သို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# မိုးမကျမီ ရေနုတ်မြောင်းများနှင့်ဆက်စပ်ချောင်းပေါက်များ ရေစီးဆင်းမှုကောင်းမွန်စေရေး အဓိကထားဆောင်ရွက်ပေး

**တောင်ဥက္ကလာပ မေ ၂၂**
တောင်ဥက္ကလာပမြို့နယ်အတွင်း၌ မိုးမကျမီ ရေနုတ်မြောင်းများနှင့်ဆက်စပ်ချောင်းပေါက်များ ရေစီးဆင်းမှုကောင်းမွန်စေရေး အဓိကထားဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်က ၁၄ ရပ်ကွက် သံသုမာလမ်း ဥက္ကလာပစေတီရှေ့ ရေနုတ်မြောင်းအား စက်အား၊ လူအားဖြင့် ဆောင်လျက်ရှိကြောင်း သိရသည်။

"ဒီရေနုတ်မြောင်းက ငမိုးရိပ်ချောင်းထဲကိုစီးဝင်တဲ့ ယင်းမာချောင်းပေါက်နဲ့ ဆက်စပ်နေတဲ့အတွက် အနက် ၄ ပေ အကျယ် ၃ ပေခန့်ရအောင် စက်နဲ့တူးပြီး လိုအပ်တာကို လူအင်အားနဲ့ ပူးပေါင်းလုပ်ဆောင်ပေးတာပါ။ ယခင်နှစ်ကလည်း ဒီလိုပဲလုပ်ပေးခဲ့တာပါပဲ။ ဒါပေမယ့် မိဘပြည်သူတွေက စည်းကမ်းစနစ်တကျ ပါဝင်ကူညီမှုမရှိဘဲ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တာတွေကြောင့် ယခုနှစ်မှာ အမှိုက်တွေပိတ်ဆို့နေရခြင်းဖြစ်ပါတယ်" ဟု အဆိုပါလုပ်ငန်းအား ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။



တောင်ဥက္ကလာပမြို့နယ်သည် ငမိုးရိပ်ချောင်းနှင့် မျဉ်းတစ်ပြေးတည်းတည်ရှိပြီး မြေနိမ့်ပိုင်းဖြစ်ခြင်း၊ ဆက်စပ်မြို့နယ်များက အမြင့်ပိုင်းကျပြီး ၎င်းတို့မှ စီးဆင်းသည့် ရေဆိုးများကြောင့် ရေလျှံမှုများဖြစ်ပေါ်စေခြင်း စသည်တို့ကြောင့် ရေနုတ်မြောင်းနှင့် ဆက်စပ်ချောင်းပေါက်များအား အဓိကထား၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**၅၉၇**

# အိုင်ယူ၏ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်တဲ့ အိုင်ယူဟာ မကြာမီထုတ်လွှင့်တော့မယ့် သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ ခေါင်းစီးတေးသီချင်းရဲ့ တေးဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်ခဲ့ပြီးဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့ အိုင်ယူရဲ့ တေးသီချင်းသစ် “Palette”ရဲ့ တေးဗီဒီယိုမှာတော့ အိုင်ယူနဲ့အတူ ကျော်ကြားတဲ့ အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Big Bang”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ “G-Dragon”က ပါဝင်အားဖြည့်သီဆိုပေးထားတာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

“ Palette ”တေးဗီဒီယိုဟာ အိုင်ယူရဲ့ နောက်ဆုံးသောတေးအယ်လ်ဘမ် “Palette”မှာ ပါဝင်မှာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ် “ Palette ”ကိုတော့လာမယ့် ဧပြီ ၂၈ရက်မှာ စတင်ထုတ်လွှင့် သွားမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ လေးနှစ်တာကာလ အတွင်း ပထမဆုံးအကြိမ်ပြန်လည်ထွက်ရှိလာမယ့် အိုင်ယူရဲ့ တေးအယ်လ်ဘမ်တစ်ခုလည်း ဖြစ်လာမှာဖြစ်ပါတယ်။ အိုင်ယူဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း “Modern Times”တေးအယ်လ်ဘမ်ကို နောက်ဆုံးထုတ်လွှင့်ထားခဲ့တာလည်း ဖြစ်ပါတယ်။ “Palette” တေးအယ်လ်ဘမ်ကိုတော့ အိုင်ယူနဲ့အတူ တောင်ကိုရီးယားရဲ့ နာမည်ကျော်တေးသံရှင်အချို့လည်း ပါဝင်အားဖြည့်သီဆိုပေးထားကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၇ရက်ကလည်း အိုင်ယူရဲ့ စတုတ္ထမြောက်တေးအယ်လ်ဘမ် “Palette”အတွက် အစမ်းဗီဒီယိုတစ်ခုကို ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းဗီဒီယိုဖိုင်ဟာ ၄၄ စက္ကန့်သာကြာမြင့်ပြီး အိုင်ယူရဲ့ တေးအယ်လ်ဘမ်အတွက် ရိုက်ကူးမှုတွေပြုလုပ်စဉ်က ကင်မရာနောက်ကွယ်က ပုံရိပ်တွေကို စုစည်းဖော်ပြထားတဲ့ ဗီဒီယိုတစ်ခုဖြစ်ကြောင်းလည်း သိရပါတယ်။




## ပရင့်စ်တစ်နှစ်ပြည့်အမှတ်တရ အနုပညာရှင်များစွာ ပါဝင်လှုပ်ရှား



ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ပရင့်စ်ရဲ့ ကွယ်လွန်ခြင်း တစ်နှစ်ပြည့်နှစ်ပတ်လည်နေ့မှာတော့ ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်များစွာက သူ့ကို လွမ်းဆွတ်ကြောင်းနဲ့ အမှတ်တရစကားတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကာ အမှတ်တရ အထိမ်းအမှတ်ပွဲလေး ပြုလုပ်ခဲ့ကြကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ခုနှစ် ဧပြီလအတွင်း ဆေးလွန်မှုကြောင့် ရုတ်တရက်သေဆုံးသွားခဲ့ရတဲ့ ပေ့ါပ်ကြယ်ပွင့်ပရင့်စ်ရဲ့ ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အမှတ်တရအဖြစ် ပရိသတ်တွေနဲ့အတူ ကြယ်ပွင့်တွေက အမှတ်တရဓာတ်ပုံတွေနဲ့ စာသားတွေကို သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ပရင့်စ်ဟာ ပြီးခဲ့တဲ့နှစ်ဧပြီ ၂၁ရက်မှာ ကွယ်လွန်သွားခဲ့တာဖြစ်ပြီး ပရင့်စ်အတွက် အမှတ်တရရေးသားဖော်ပြခဲ့တဲ့ နာမည်ကျော်တွေထဲမှာ အများစုဟာ သူ့ကို နှစ်သက်အားကျတဲ့ တေးသံရှင်တွေဖြစ်ကြပါတယ်။ ဒီလိုအမှတ်တရဓာတ်ပုံတွေနဲ့ စာသားတွေကို ရေးသားဖော်ပြခဲ့ကြတဲ့ ဂီတကြယ်ပွင့်တွေထဲမှာ အာရှာ၊ မစ်ခ်မေလာနဲ့ကွက်စ်လက်ဖ်တို့လည်း ပါဝင်နေကြကြောင်းလည်း သိရပါတယ်။

## ဂျယ်ဂျူးကျွန်းပေါ်က လီဟိုရီရဲ့ နေအိမ်မှာ ပရိသတ်တွေကို နေထိုင်ခွင့်ပြုမည်

တောင်ကိုရီးယားရဲ့ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ လီဟိုရီနဲ့ ခင်ပွန်းဖြစ်သူ လီဆန်းဆွန်းတို့ ပိုင်ဆိုင်တဲ့ တောင်ကိုရီးယားရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ ဂျယ်ဂျူးကျွန်းပေါ်က နေအိမ်မှာ ပရိသတ်တွေကို နေထိုင်ခွင့်ပြုသွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို နေထိုင်ခွင့်ပြုမယ်ဆိုရာမှာ ပရိသတ်အများကြားထဲမှ ကံထူးသူတစ်ဦးကိုသာ ရွေးချယ်ကာ နေထိုင်ခွင့်ပြုသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ နေထိုင်ခွင့်ရဖို့အတွက် ပရိသတ်တွေဟာ လျှောက်လွှာတွေ




ပေးပို့ရမှာဖြစ်ပြီး အဲဒီထဲကမှ ကံထူးသူပရိသတ်တစ်ဦးကို ရွေးချယ်ကာ နေထိုင်ခွင့်ပြုသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လီဟိုရီရဲ့ နေအိမ်မှာ နေထိုင်လိုတဲ့ ပရိသတ်တွေဟာ နေထိုင်လိုရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီး မိမိတို့ရဲ့ခံစားချက်တွေကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြကြရမှာဖြစ်ပြီး “Hyori's B&B”လို့ ယာယီအမည်ပေးထားတဲ့ JTBC မှ ထုတ်လွှင့်ပြသသွားမယ့် ရုပ်သံအစီအစဉ်တစ်ခုမှာ ကံထူးရှင်ကို ရွေးချယ်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလိုလျှောက်ထားကြရာမှာတော့ အသက်အရွယ်၊ ယောကျ်ား၊ မိန်းမ ကန့်သတ်ထားခြင်းမရှိဘဲ မည်သည့် နိုင်ငံသားမဆို ပါဝင်လျှောက်ထားနိုင်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - ရေးသားသည်။**



## စစ်မှုထမ်းခြင်းနဲ့ပတ်သက်ပြီးဖွင့်ဟလာတဲ့ လီမင်ဟို

လာမယ့်မေလအတွင်း စတင်စစ်မှုထမ်းရတော့မယ့် တောင်ကိုရီးယားရဲ့နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်သူ လီမင်ဟိုက စစ်မှုထမ်းဆောင်ရတာနဲ့ပတ်သက်တဲ့ သူ့ရဲ့ခံစားချက်တွေကို လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟပြောကြားလာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ နဲ့ အင်တာဗျူးတစ်ခုပြုလုပ်ခဲ့တာဖြစ်ပြီး အင်တာဗျူးမှာ လီမင်ဟိုက မကြာခင်ကျရောက်လာမယ့် စစ်မှုထမ်းရမယ့်တာဝန်နဲ့ပတ်သက်တဲ့ စိတ်ခံစားချက်တွေကို အရိုးသားဆုံး၊ အပွင့်လင်းဆုံးဖြေကြားပေးခဲ့တာဖြစ်ပါတယ်။

အဆိုပါအင်တာဗျူးမှာ စစ်မှုစတင်ထမ်းဆောင်ရတော့မယ့်အတွက် သူ့ရဲ့လတ်တလောခံစားချက်ကို မေးမြန်းခဲ့ရာမှာတော့ လီမင်ဟိုက “အရိုးသားဆုံးပြောရရင်စစ်မှုထမ်းရမှာနဲ့ ပတ်သက်ပြီး ကျွန်တော်အဆင်ပြေမယ်လို့ ထင်ထားခဲ့တာ။ တကယ်လက်တွေ့ကြုံလာရတဲ့အချိန်မှာတော့ နောင်တရစရာအနည်းငယ်ရှိနေပါတယ်”လို့ ဖြေကြားခဲ့ပါတယ်။

ဆက်လက်ပြီးလီမင်ဟိုက သူ့ရဲ့အဖြေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ သူက “ကျွန်တော်အနေနဲ့ နောင်တရတယ်ဆိုတာ စစ်မှုထမ်းရလို့နောင်တရတာတော့ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ နှစ်ဆယ်ကျော်အရွယ်ဟာ ပြီးဆုံးသွားတော့မယ်ဆိုတာကို အချက်ပြလိုက်သလိုဖြစ်တဲ့အတွက် ဝမ်းနည်းမိတာပါ။ အသက်နှစ်ဆယ်အရွယ်ကာလအပိုင်းအခြားတစ်ခုဟာ ကျွန်တော့်ရဲ့မျက်စိရှေ့မှာတင်ပဲ ကုန်ဆုံးသွားခဲ့လို့ နောင်တရနေမိတာ။ လတ်တလောမှာတော့ ကျွန်တော်ဟာ အသက် (၃၀)ဆိုတဲ့ ကာလအပိုင်းအခြားတစ်ခုကို ချဉ်းကပ်လာခဲ့ပါပြီ။ ကျွန်တော်ဟာ အလုပ်တော်တော်များများကိုလည်း ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့အသက်တွေကြီးလာတာကိုတော့ ဝမ်းနည်းမိပါတယ်”လို့ ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် လီမင်ဟိုက အသက်အရွယ်ကြီးရင့်တဲ့ (၃၀)ဝန်းကျင်အရွယ်မှသာ စစ်မှုထမ်းခဲ့ရတာနဲ့ပတ်သက်ပြီးလည်း အပြုသဘောဝေဖန်ခဲ့ပါတယ်။ လီက “ကျွန်တော်ဟာ ဒီထက်စောစောစစ်မှုထမ်းခဲ့ရမယ်ဆိုရင် Boys Over Flowers(F4) ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့အတွက် လွဲချော်သွားနိုင်ပါတယ်။ ဒီလိုဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော်ဟာ အသက် (၂၀) အရွယ်ကာလတွေကို နှစ်သက်ပျော်ရွှင်နိုင်ပါ့မလား မသေချာတော့ပါဘူး။ ဒ့ါကြောင့် ကျွန်တော့်ရဲ့ ကိုယ်ပိုင်ခံစားချက်အရတော့ စစ်မှုစောစောမထမ်းခဲ့တဲ့ ဆုံးဖြတ်ချက်ဟာ မှန်တယ်လို့ ဆိုရမှာပါပဲ။ ဒီလိုစစ်မှုမထမ်းခဲ့လို့လည်း ကျွန်တော်ဟာ နိုင်ငံတကာက ကျွန်တော့ကို ချစ်ခင်အားပေးတဲ့ပရိသတ်များစွာကို ပိုင်ဆိုင်ခွင့်ရခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ကိုရီးယားအနုပညာလှိုင်းကြီးဟာ ကမ္ဘာရဲ့ အသီးသီးသောအစိတ်အပိုင်းတွေကို ပျံ့နှံ့သွားတာတွေ့ရတဲ့အတွက် တကယ်ကို ဝမ်းသာမိပါတယ်”လို့လည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။

လီမင်ဟိုဟာ လာမယ့် မေလ ၁၂ ရက်ကစတင်ပြီး စစ်မှုထမ်းရတော့မှာဖြစ်ပြီး သူ့ရဲ့ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း တောင်ကိုရီးယားရဲ့အထင်ကရနေရာတစ်ခုဖြစ်တဲ့ ဂန်းနန်းမှာ စတင်လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ စစ်မှုထမ်းရမယ့်သတင်းနဲ့ပတ်သက်ပြီး လီမင်ဟိုကိုယ်တိုင်ကရော သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကပါ လတ်တလောမှာ အတည်ပြုပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

လီမင်ဟိုဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းက ဖြစ်ခဲ့တဲ့ယာဉ်တိုက်မှုမှာ ဒဏ်ရာရရှိခဲ့တဲ့အတွက် လေ့ကျင့်ရေးကျောင်းကို တိုက်ရိုက်သွားရောက်ရခြင်းမရှိဘဲ စစ်မှုထမ်းကာလအတွင်း လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကိုသာ စတင်လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ အဆိုပါ ယာဉ်တိုက်မှုမှာ အခြားသောနာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျန်အီဝူးလည်း ပါဝင်နေတာဖြစ်ပြီး လီမင်ဟိုကတော့ ခြေထောက်ပိုင်းမှာ ဒဏ်ရာရရှိခဲ့ကာ သူ့ရဲ့ခြေထောက်တစ်ချောင်းကို စတီးရိုးသွင်းခဲ့ရကာ ခြေကျင်းဝတ်လည်း ထိခိုက်ခဲ့ရပါတယ်။

ယခုနှစ် နှစ်စပိုင်းမှာ လီမင်ဟိုဟာ လာမယ့် ဧပြီ (သို့မဟုတ်)မေလအတွင်း စတင်စစ်မှုထမ်းရတော့မှာဖြစ်ကြောင်း သတင်းတွေထွက်ခဲ့တာဖြစ်ပေမယ့် အဲဒီအချိန်တုန်းက လီမင်ဟိုရဲ့အေဂျင်က သူတို့အနေနဲ့ လီမင်ဟိုရဲ့စစ်မှုထမ်းဖို့အတွက် အကြောင်းကြားစာကို လက်ခံရရှိခဲ့ခြင်းမရှိသေးကြောင်းနဲ့ ရပါက ပရိသတ်တွေကို ချက်ချင်းဆိုသလိုထုတ်ဖော်ပြောကြားပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ လတ်တလောအချိန်မှသာ လီမင်ဟိုအတွက် အကြောင်းကြားစာကို လက်ခံရရှိခဲ့ပုံရကာ နှစ်နှစ်ခန့်စစ်မှုထမ်းရမှာဖြစ်ပါတယ်။

# နှုတ်ဆက်ချိန်ရောက်လာခဲ့ပြီ

မေလှဲ့သင်း
စုစည်းသည်



**ချယ်လ်ဆီးအသင်းရဲ့အောင်မြင်မှုတွေထဲမှာ အဓိကကျတဲ့သူ၊ ၂၂ နှစ်တာ ပေးဆပ်ကစားခဲ့သူ၊ ချယ်လ်ဆီးရဲ့ သက်တမ်းအရှည်ကြာဆုံးအသင်းခေါင်းဆောင် စတဲ့စတဲ့ ဂုဏ်ပုဒ်တွေနဲ့ပြည့်စုံတဲ့ ဂျွန်တယ်ရီတစ်ယောက် ယခုနှစ်နွေ မှာ ချယ်လ်ဆီးက ထွက်ခွာတော့မှာဖြစ်ပါတယ်။ တယ်ရီက "ကျွန်တော်အသင်းကနေ နှုတ်ဆက်ထွက်ခွာဖို့အချိန်တန်ပါပြီ။ ဒီဆုံးဖြတ်ချက်ဟာ ကျွန်တော့်ဘဝမှာ အခက်ခဲဆုံးဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဆက်ကစားနိုင်ဦးမယ်လို့ယုံကြည်တာကြောင့် ချယ်လ်ဆီးကနေထွက်ခွာဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်" လို့ သူပြောင်းရွှေ့မယ့်သတင်းကို ပြောကြားလိုက်တာဖြစ်ပါတယ်။ တယ်ရီဟာ ချယ်လ်ဆီးအသင်းရဲ့ ညစာစားပွဲမှာ မျက်ရည်တွေကြားထဲက ချယ်လ်ဆီးကနေ သူထွက်ခွာမယ့်အကြောင်းကို ကြေညာခဲ့တာပါ။**



တယ်ရီဟာ ချယ်လ်ဆီးကနေ ထွက်ခွာတော့မှာဖြစ်ပေမယ့် ချယ်လ်ဆီးအသင်းရဲ့ သမိုင်းကြောင်းအကြောင်းကို ပြန်လှန်သုံးသပ်လိုက်တာနဲ့ တယ်ရီရဲ့ နာမည်က ထိပ်ဆုံးကပါဝင်နေမှာဖြစ်ပါတယ်။ သေချာတာကတော့ တယ်ရီ ချယ်လ်ဆီးက ထွက်သွားပေမယ့် ချယ်လ်ဆီးပရိသတ်တွေရဲ့ နှလုံးသားထဲမှာ တယ်ရီထွက်သွားမှာ မဟုတ်ဘူးဆိုတာပါပဲ။

အသက်(၁၄)နှစ်အရွယ်ကတည်းက ချယ်လ်ဆီးအသင်းကို ရောက်ရှိလာသူဖြစ်ပြီး ပွဲထွက်ကစားခွင့်ရချိန်ကစလို့ အခုအသက်(၃၆)နှစ်ရှိပြီဖြစ်တဲ့အချိန်ထိ ချယ်လ်ဆီးအသင်းတစ်သင်းအတွက်ပဲ ပေးဆပ်ကစားခဲ့သူဖြစ်ပါတယ်။ ချယ်လ်ဆီးကို ရုရှားသူဌေး ရာမန် အေဗရာမိုဗစ် ဝယ်ယူခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းရဲ့ အပြောင်းအလဲကာလတွေမှာ တယ်ရီဟာ အဓိကကျခဲ့သူတစ်ဦးဆိုတာ ဘယ်သူမှငြင်းလို့မရတဲ့အချက်တစ်ချက်ဖြစ်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် ချယ်လ်ဆီးကို မော်ရင်ဟိုရောက်လာချိန်မှာ အသက်(၂၃)နှစ်အရွယ်နဲ့ အသင်းခေါင်းဆောင်လက်ပတ်ကို ဆင်မြန်းခွင့်ရခဲ့တဲ့သူပါ။

အဲဒီနောက် ချယ်လ်ဆီးရဲ့ နောက်တန်းခံစစ်ဟာ ကမ္ဘာ့အကောင်းဆုံးတံတိုင်းဖြစ်ခဲ့ပြီး ပြိုင်ဘက်အသင်းတိုင်းကို သွင်းဂိုးတစ်ဂိုးတည်းနဲ့ ကပ်သွင်းပြီး ပေးဂိုးမဲ့ပွဲတွေနဲ့ နိုင်ပွဲတွေရယူခဲ့လို့ ပြိုင်ဘက်အသင်းတိုင်းကို ဂိုးတစ်ဂိုးသာ သွင်းတတ်အောင်သင်ပေးတတ်တာကြောင့် မော်ရင်ဟိုကို "စပါယ်ရှယ်ဝမ်း"လို့ အမည်ပေးခံရတာဆိုတဲ့ လှောင်ပြောင်မှုတွေတောင်ဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ချယ်လ်ဆီးအသင်းလည်း ပရီမီယာလိဂ်ဖလားနှစ်ကြိမ်ဆက် ရရှိခဲ့ပြီးနောက် အင်္ဂလန်လက်ရွေးစင် အသင်းမှာတောင် အရင်က မန်ယူကစားသမားတွေ လွှမ်းမိုးထားတဲ့ အနေအထားကနေ ချယ်လ်ဆီးကစားသမားအများစု လွှမ်းမိုးလာတဲ့အနေအထားကို ပြောင်းလဲလာခဲ့ပါတယ်။

ဒေးဗစ်ဘက်ခမ်းရဲ့ အင်္ဂလန်လက်ရွေးစင်ကစားသမာဘဝ ကုန်ဆုံးချိန်မှာတော့ တယ်ရီဟာ အင်္ဂလန်အသင်းရဲ့ အသင်းခေါင်းဆောင်နေရာကို လွှဲပြောင်းတာဝန်ယူခဲ့သူပါ။ သူဟာ ခေါင်းဆောင်မှုအရည်အသွေးပြည့်ဝတဲ့ ကစားသမားမျိုးဖြစ်ပေမယ့် ချယ်လ်ဆီးနဲ့ အင်္ဂလန်အသင်းဖော် ဝိန်းဘရစ်ချ်ရဲ့ ဇနီးနဲ့ လူမှုရေးဖောက်ပြန်ခဲ့မှုတွေကြောင့် သိပ်မကြာခင်အချိန်အတွင်းမှာပဲ အင်္ဂလန်အသင်းခေါင်းဆောင် လက်ပတ်ဝတ်ဆင်ခွင့် ပျောက်ဆုံးသွားခဲ့ပါတယ်။ ဒီကာလတွေဟာ တယ်ရီအတွက် ကံဆိုးတဲ့ကာလတွေဖြစ်ခဲ့ပြီး အင်္ဂလန် လက်ရွေးစင်အသင်းကနေ အနားယူပြီလို့ ကြေညာဖို့အထိ ဖိအားပေးခံခဲ့ရပါတယ်။

အဲဒီအချိန်အတွင်း ချယ်လ်ဆီးအသင်းကလည်း ရလဒ်ပိုင်းတွေ ဆိုးရွားလာပြီး ပရီမီယာလိဂ်ဖလားကို အချိန်အတော်ကြာမရယူနိုင်ခဲ့ဘဲ အက်ဖ်အေဖလား၊ ကာလင်းဖလားတို့လောက်နဲ့သာ ကျေနပ်နေခဲ့ရပါတယ်။ ချယ်လ်ဆီးဟာ ဘယ်သူမှ ထင်မှတ်မထားတဲ့အချိန်မှာပဲ ၂၀၁၂ ခုနှစ်မှာ ချန်ပီယံလိဂ်ဖလား၊ ၂၀၁၃ ခုနှစ်မှာ ယူရိုပါလိဂ်ဖလားတို့ကို ရယူနိုင်ခဲ့ပြီး ဥရောပအောင်မြင်မှုဘက်ကိုပါ ဘက်လှည့်လာနိုင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်အကြား တယ်ရီရဲ့ ပွဲထွက်ခွင့်တွေ ကန့်သတ်ချက်ရှိခဲ့ပြီး တယ်ရီရဲ့ ချယ်လ်ဆီးကစားသမားဘဝအဆုံးသတ်ချိန်ကို ရောက်ရှိလာပြီလို့ သုံးသပ်မှုတွေလည်း ထွက်လာခဲ့ပါတယ်။

၂၀၁၃ ခုနှစ်မှာတော့ ချယ်လ်ဆီးကို မော်ရင်ဟို ဒုတိယအကြော့ ပြန်ရောက်လာပြီး ၂၀၁၅ခုနှစ်မှာ ပရီမီယာလိဂ်ဖလားကို ပြန်လည်ရယူနိုင်ခဲ့ချိန် ချယ်လ်ဆီးရဲ့ အောင်မြင်မှုတွေထဲမှာ တယ်ရီအဓိက အခန်းကဏ္ဍကနေ ပါဝင်ခဲ့ပါတယ်။ မော်ရင်ဟိုက သူကိုယ်တိုင်တောင် အစောပိုင်းက တယ်ရီရဲ့ ချယ်လ်ဆီးကစားသမားဘဝပြီးဆုံးခဲ့ပြီလို့ ထင်မြင်ခဲ့မိကြောင်း ဝန်ခံခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၅-၁၆ ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်း ရလဒ်ပိုင်းဆိုးရွားမှုနဲ့အတူ နည်းပြမော်ရင်ဟိုလည်း ထုတ်ပယ်ခံလိုက်ရပါတယ်။ ယခုနှစ်ရာသီမှာတော့ ချယ်လ်ဆီးကို ကွန်တီရောက်လာပြီး နောက်ခံလူ ဒေးဗစ်လုဇ်ကို ခေါ်ယူအားဖြည့်ခဲ့သလို ချယ်လ်ဆီးရဲ့ နောက်တန်းသုံးယောက်တွဲခံစစ်ပိုင်းမှာ တယ်ရီ နေရာမရခဲ့ဘဲ ၁၀ ပွဲသာ ဝင်ရောက်ကစားပေးခွင့်ရခဲ့ပါတယ်။ တယ်ရီကတော့ သူကစားရသည်ဖြစ်စေ၊ မကစားရသည်ဖြစ်စေ ချယ်လ်ဆီး ရလဒ်ကောင်းဖို့ကသာ အဓိကလို့ဆိုခဲ့ပြီး ကွန်တီရဲ့ ဆုံးဖြတ်ချက်အပေါ် စောဒကတက်ခဲ့ခြင်း မရှိပါဘူး။

လတ်တလောမှာတော့ သူ့ကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ဝက်စ်ဘရွန်း၊ ဘုန်းမောက်၊ ဝက်စ်ဟမ်းနဲ့ ဆွမ်ဆီးတို့က အလိုရှိနေပြီး ဝက်စ်ဘရွန်းကဆိုရင် ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်ကတည်းက တယ်ရီကိုရရှိဖို့ တောက်လျှောက်ကြိုးပမ်းခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တယ်ရီက ချယ်လ်ဆီးကနေထွက်ခွာဖို့ ဆန္ဒမရှိခဲ့ဘဲ သူနဲ့ ချယ်လ်ဆီးတို့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ကလပ်အသင်းအတွက်ပဲ ဆက်ရှိနေမယ်လို့ဆိုခဲ့တာပါ။ ချယ်လ်ဆီးနဲ့ ချုပ်ဆိုထားတဲ့ တယ်ရီရဲ့ စာချုပ်သက်တမ်းဟာ လာမယ့်နွေရာသီမှာ ကုန်ဆုံးမှာဖြစ်တာကြောင့် ရာသီကုန်ရင် ပရီမီယာလိဂ်အသင်းတစ်ခုကိုသာ တယ်ရီရောက်ဖို့ ရှိနေပါတယ်။

ချယ်လ်ဆီးနောက်ခံလူ ဂယ်ရီကာဟေးလ် ဒဏ်ရာပြဿနာ ကြုံတွေ့ရချိန်မှာ အများစုကတယ်ရ ကစားခွင့်ရမယ်လို့ မျှော်လင့်ခဲ့ပေမယ့် ကွန်တီကတော့ အာကီကိုသာ အခွင့်အရေးပေးဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးကွင်းလယ်လူ ဖာဘရီဂတ်စ်ကတော့ တယ်ရီလို ကစားသမားမျိုးက အစားထိုးဖို့မလွယ်သလို တယ်ရီနေရာ အစားထိုးနိုင်မယ့် ကစားသမားမျိုးကို သူရှာမတွေ့ဘူးလို့ဆိုခဲ့ပြီး တယ်ရီ ချယ်လ်ဆီးကနေ ထွက်ခွာမယ်ဆိုတဲ့ဘသတင်းအပေါ် သူအလွန်အံ့သြမိကြောင်း ဆိုခဲ့ပါတယ်။ မှန်ပါတယ်။ တယ်ရီဟာ ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၇၀၀ ကျော် ဝင်ရောက်ကစားခဲ့သူ၊ နောက်တန်းခံစစ်တံတိုင်းကို အလုံခြုံဆုံးကာကွယ်ပေးခဲ့သူ၊ ပရိသတ်တွေရဲ့ ချစ်ခင်ခံရဆုံး ကစားသမားဖြစ်သလို ပရိသတ်ရဲ့ရင်ထဲမှာ ချယ်လ်ဆီးရဲ့ ထာဝရသူရဲကောင်းအဖြစ် တင်ကျန်ရစ်မှာတော့ သေချာပါတယ်။

---

# ဘယ်သူမှ သိပ်မသိကြသေးတဲ့ စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့ရဲ့ အချက်အလက်များ

မေ ၂၃ ရက်နေ့မှာ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာအသင်းတို့ရဲ့ အယ်လ်ဂလက်စီကို ပွဲစဉ်ကို ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အဲဒီပွဲစဉ်ဟာ လာလီဂါဖလားအတွက် အဆုံးအဖြတ်ဖြစ်နိုင်တဲ့ ပွဲစဉ်ပါ။ ရီးယဲလ်နဲ့ ဘာစီလိုနာအသင်းတို့ရဲ့ ပွဲစဉ်ဟာ ယခုရက်သတ္တပတ်အတွင်း ပရိသတ်အာရုံကို အဖမ်းစားနိုင်ဆုံးပွဲစဉ်ဖြစ်လာမှာဖြစ်ပြီး ဒီအသင်းရဲ့ အားပြိုင်မှုတွေထဲမှာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို အလှည့်ကျယူနေကြတဲ့ ရီးယဲလ်မက်ဒရစ်စူပါစတား စီရိုနယ်လ်ဒိုနဲ့ ဘာစီလိုနာစူပါစတားမက်ဆီတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုဟာလည်း အကြိမ်တိုင်းမှာ ပရိသတ်ကိုရသပေးစွမ်းနိုင်တာတော့ အမှန်ပဲဖြစ်ပါတယ်။ ဒီတော့ ဒီတိုက်စစ်မှူးနှစ်ဦးရဲ့ လူသိနည်းနေသေးတဲ့ အကြောင်း အရာတွေကို အမှတ်တရအနေနဲ့ ပြန်ပြီးဖောက်သည်ချလိုက် ရပါတယ်။

**စီရိုနယ်လ်ဒို**

စီရိုနယ်လ်ဒိုရဲ့ နာမည်ရိုနယ်လ်ဒိုဟာ အမေရိကန်သမ္မတရိုနယ်လ်ရီဂင်ရဲ့ နာမည်ထဲက ရိုနယ်လ်ဆိုတာကို ယူပြီးပေးထားတာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ ကျောင်းနေစဉ်က လူဆိုးစာရင်းဝင်ကျောင်းသားဖြစ်ပြီး ဆရာကို မကျေနပ်ရင် သူထိုင်တဲ့ စားပွဲခုံကို ဆရာ့ရှေ့နားရောက်တဲ့အထိ ကန်ပြီး အဲဒီအချိန်ကတည်းက ခြေထောက်စွမ်းပြခဲ့သူပါ။ အသက်(၁၅)နှစ်အရွယ်မှာ ပြေးရင် နှလုံးခုန်နှုန်းမြန်လာတတ်တာကြောင့် ကစားသမားဘဝ အဆုံးသတ်ရမယ့်အခြေအနေဆိုက်ရောက်ခဲ့ရပြီး ခွဲစိတ်မှုပြုလုပ်ခဲ့ကာ သူ့ရဲ့အသက်မွေးဝမ်းကြောင်းဘဝကို ခရီးဆက်ခဲ့ရပါတယ်။ သူဟာ ပိုကာကစားရတာကို အလွန်ကြိုက်နှစ်သက်သူဖြစ်ပြီး ပိုကာဝက်ဘ်ဆိုက်တွေက သူ့ပုံရိပ်ကို အသုံးပြုတတ်တာကို တွေ့ရပါတယ်။

မန်ယူကနေ သူ ရီးယဲလ်ကို ပြောင်းရွှေ့လာတဲ့ ၂၀၀၉ ခုနှစ်မှာ ပရိသတ်နဲ့ မိတ်ဆက်ပွဲကို ပရိသတ် ၈၀၀၀၀ တက်ရောက်လာခဲ့တဲ့အတွက် ဒါဟာ ယခုအထိ ပရိသတ်ကြိုဆိုမှုအများဆုံးရရှိတဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့ အရေးအတွက်ပါ။ ၁၉၈၄ ခုနှစ် နာပိုလီကိုရောက်လာတဲ့ မာရာဒိုနာကို ပရိသတ် ၇၄၀၀၀ ကြိုဆိုခဲ့တာဟာ အကြီးကျယ်ဆုံးကြိုဆိုခံရမှုအဖြစ်မှတ်တမ်းဝင်ထားခဲ့တာဖြစ်ပြီး နောက် ၂၅ နှစ်အကြာမှာ စီရိုနယ်လ်ဒိုက ဒီစံချိန်ကို ချိုးဖျက်နိုင်ခဲ့တာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ လေပေါ်မှာ ခုန်ပျံနိုင်မှု အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးဆိုတာ အတော်များများသိပြီးသားဖြစ်ပေမယ့် သူခုန်တဲ့အခါ ဘတ်စကက်ဘောကစားသမားတွေထက်တောင် ခုနစ်စင်တီမီတာ အမြင့်ကို ရောက်တယ်ဆိုတာတော့ လူသိနည်းတဲ့အကြောင်းအရာတစ်ခုပါ။



**လီယွန်နယ်မက်ဆီ**

ဘာစီလိုနာဘောလုံးကင်းထောက်တွေက မက်ဆီကို လာမာစီယာကိုလာဖို့ လက်မှတ်ထိုးခိုင်းစဉ်မှာ စာရွက်ရှုတ်တရက်ရှာမတွေ့လို့ မြန်မာပြည်မှာ တစ်ရှူးလို့ လူသိများတဲ့ စက္ကူလက်ကိုင်ပဝါပေါ်မှာ လက်မှတ်ရေးထိုးခဲ့ရတာဖြစ်ပါတယ်။ ဘာစီလိုနာအသင်း လေ့ကျင့်ရေးကွင်းတစ်ဝိုက်မှာ ကိုကာကိုလာအချိုရည်ထွက်ရှိတဲ့ စက်တွေအများအပြားတပ်ဆင်ထားရတာကတော့ မက်ဆီဟာ ကိုကာကိုလာအချိုရည်ကို အလွန်အမင်းသောက်သုံးသူဖြစ်လို့ပါတဲ့။ မက်ဆီရဲ့ ကိုယ်အလေးချိန်လျှော့ချတဲ့ စီမံကိန်းဟာ စာရွက်ပေါ်မှာပဲရှိတဲ့ အစီအစဉ်ဖြစ်ပြီး သူ့ကို အာဟာရပညာရှင်တွေနဲ့ တိုင်ပင်ဖို့ ဘာစီလိုနာအသင်းက ဖိအားပေးခဲ့ရဖူးတယ်လို့ သိရပါတယ်။

အာဂျင်တီးနားနိုင်ငံဟာ လူမျိုးပေါင်းစုံ အခြေချနေထိုင်တဲ့ နိုင်ငံဖြစ်သလို မက်ဆီဟာလည်း အာဂျင်တီးနားလူမျိုးစစ်စစ်တစ်ဦးတော့ မဟုတ်ပါဘူး။ သူ့ရဲ့ ဘေးတော်စပ်သူဟာ ၁၈၈၃ ခုနှစ်မှာ အီတလီကနေ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မက်ဆီရဲ့ မိခင်ဟာ လက်ဘနွန်နိုင်ငံဖွားတစ်ဦးဖြစ်ပါတယ်။ မက်ဆီဟာ အာဂျင်တီးနား ယူ -၂၀ အတွက် စတင်ကစားရချိန်မှာ သူဟာ အာဂျင်တီးနားပြင်ပမှာသာ ကစားခဲ့ဖူးသူဖြစ်တာကြောင့် အာဂျင်တီးနားမီဒီယာတွေက သိပ်မသိကြတာကြောင့် သူ့နာမည်ကို အခြားစာလုံးနဲ့ ပေါင်းပြီး ဖော်ပြခံခဲ့ရပါတယ်။ မက်ဆီရဲ့ နာမည်ကျော် ဘယ်ခြေထောက်ကို ပုံစံတူ ရွှေစင်သွန်းပြီး ရောင်းချခဲ့ရာမှာ ပေါင်လေးသန်းအထိ ရရှိခဲ့ပြီး အဲဒီငွေကို ဂျပန်နိုင်ငံက ဆူနာမီဘေးသင့်သူတွေအတွက် ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ကြော်ငြာ

## တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)
## (၄၆)ကြိမ်မြောက် အဓိဋ္ဌာန်ပွဲ(၃)ပတ်ဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်၍ (၄၆)ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ(၇)ရက် အဓိဋ္ဌာန်ပွဲ(၃)ပတ်ကို **ပထမပတ်** ၂၀၁၇ခုနှစ်၊ မေလ(၁)ရက်နေ့ ညနေမှ(၈)ရက်နေ့ နံနက်ထိ၊ **ဒုတိယပတ်** မေလ(၈)ရက် ညနေမှ (၁၅)ရက် နံနက်အထိ၊ **တတိယပတ်** မေလ(၁၅)ရက်ညနေမှ (၂၂)ရက် နံနက်အထိ ဟောကြားပြသပါမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း(၀၉၄၀၁၆၀၃၅၄၆၊ ၀၉၇၉၉၉၇၇၅၇၇)နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်း ပေးနိုင်ကြပါသည်။

**ကပ္ပိယကာရကအဖွဲ့**

## အထူးချီးကျူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ရေကြည်မြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကြီးမှ ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် ဘက်စုံပညာထူးချွန် လူရည်ချွန်(၆)ဦးအဖြစ်-

(၁)မောင်သက်မှူးအောင် (ဘက်စုံပညာထူးချွန်) အဋ္ဌမတန်း
(၂)နန့်နွေးပိုးအိမ် (ဘက်စုံပညာထူးချွန်) အဋ္ဌမတန်း
(၃)မောင်ဝေယံကျော် (နှစ်ထပ်ကွမ်းဘက်စုံပညာထူးချွန်) နဝမတန်း
(၄)မရွှေစင်ထွန်း (ဘက်စုံပညာထူးချွန်) နဝမတန်း
(၅)မောင်ခိုင်ခန့်ဇော် (သုံးထပ်ကွမ်းဘက်စုံပညာထူးချွန်) တက္ကသိုလ်ဝင်တန်း
(၆)မအေးချမ်းစိမ့် (နှစ်ထပ်ကွမ်းဘက်စုံပညာထူးချွန်) တက္ကသိုလ်ဝင်တန်း

တို့ထွက်ပေါ်လာခဲ့ပါသည်။ ယခုကဲ့သို့ဘက်စုံပညာထူးချွန်(လူရည်ချွန်)များ ဖြစ်အောင် ဦးဆောင်လမ်းညွှန်သင်ကြားပြသ ဆိုဆုံးမပေးခဲ့ကြပါသော ကျောင်းအုပ်ဆရာမကြီးဒေါ်စန်းနှင့်တကွ ဆရာ၊ ဆရာမအားလုံးတို့အား ဤအသင်းကြီးမှ အထူးပင် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**




| | | | |
|---|---|---|---|
| ၁။ရန်ကင်း၊ပြည်သာယာ | (78x100) | မြေ | 13000L |
| ၂။ ဗဟန်း၊ ကမ္ဘာအေးလမ်းသန့် | (60x95) | 2½RC | 11500L |
| ၃။ စမ်းချောင်း၊ဗဟိုလမ်းမပေါ် | (37x42) | မြေ | 6800L |
| ၄။ဗဟန်း၊ ဟာမစ်တစ် | (40x60) | 2RC | 6800L |
| ၅။(၆)မိုင်ခွဲ၊ ပြည်လမ်းသွယ် | (60x60) | 1RC | 4000L |
| ၆။မ/ဒဂုံ၊ ရွှေပင်လုံအိမ်ရာ | (85x80) | မြေ | 3400L |
| ၇။ရန်ကင်း၊ ပါရမီရိပ်သာ | (40x60) | မြေ | 3350L |
| ၈။မင်္ဂလာဒုံဥယျာဉ်အိမ်ရာ | (100x100) | မြေ | 2600L |
| ၉။သာကေတ၊မြန်မာ့ညီညွတ်အိမ်ရာ | (43x73) | မြေ | 2150L |
| ၁၀။ရန်ကင်း၊ဘောက်ထော် | (25x50) | မြေ | 1800L |
| ၁၁။(၉)မိုင်၊ မစိုးရိမ်လမ်း | (40x60) | မြေ | 1800L |
| ၁၂။မရမ်းကုန်း၊ (၈)ရပ်ကွက် | (45x65) | မြေ | 1450L |
| ၁၃။အင်းစိန်၊မင်းကြီးလမ်းမပေါ် | (32x61) | 1½RC | 1100L |

**ဗိုးစံ (လင်း) ကုမ္ပဏီ**
(open daily) (ဗဟန်းရုံး) မှ အမြန်ရောင်းမည်

01- 552742, 09 5060940, 09 73500535, 09 5060938




## အဝေမ်းဖလင်မိသားစုရုပ်ရှင်အနုပညာသင်တန်း အပတ်စဉ်(၃)ဖွင့်လှစ်

အဝေမ်းဖလင် မိသားစုရုပ်ရှင်အနုပညာသင်တန်း အပတ်စဉ်(၃)၌ သရုပ်ဆောင်ပညာ(Acting)၊ ဒါရိုက်တာပညာ(Directing)၊ ဇာတ်ညွှန်းပညာ(Script)တို့အား ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်ကြိုက်နှစ်သက်သော ဘာသာရပ်အား တက်ရောက်သင်ကြားနိုင်ပါသည်။

သင်တန်းတက်ရောက်လိုသူများသည် (၁၉-၅-၂၀၁၇)ရက် နောက်ဆုံးထား၍ ဖော်ပြပါလိပ်စာအတိုင်း လာရောက်၍ လျှောက်လွှာတွင် ဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

**အဝေမ်းဖလင်မိသားစု၊ အနုပညာအသင်း**
**အမှတ်(၁၄၈)၊ ရှစ်မိုင်ခွဲ(အဝေမ်းလမ်း)၊ (အဝေမ်းရုပ်ရှင်ခြံ)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ စုံစမ်းရန်ဖုန်း-၀၉-၂၅၀၂၇၁၅၁၅၊ ၀၉-၇၉၅၇၃၄၄၀၂၊ ၀၉-၂၅၃၈၀၈၄၄၈၊ ၀၉-၇၉၆၁၈၃၂၉၀**




## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက်၊ အမှတ်(၂/၅၂၇)နေ (အဖ) ဦးမောင်မောင်တာ-အမိ ဒေါ်မူမူတင်တို့၏သား မောင်နေသာမိုး(ခ)မောင်ကျော်ကျော် [၇/ရကရ(နိုင်)၀၈၃၄၇၈]သည်မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲနေ့စဉ် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသီးခံပါ။**
**ဖခင် ဦးမောင်မောင်တာ**
**K/RGN-030987**
**မိခင်-ဒေါ်မူမူတင်**
**[၇/ရကရ(နိုင်)၀၉၅၈၈၆]**






ကြော်ငြာ


**Possible Travels & Tours**

- ထားဝယ်-မောင်းမကန် ကမ်းခြေ-လောင်းလုံဘုတ်ကျွန်း (၄ည၊၅ရက်) Apr - 28
- ချင်းပြည်နယ်-ဗိုက်ရိုယဆောင်-ဓလေ (၄ည၊၅ရက်) Apr - 28
- မြဝတီ-မဲဆောက် (၃ည၊၄ရက်) Apr - 28
- တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (၄ည၊၅ရက်) Apr - 28
- ပုဂံ-ညောင်ဦး-ပုပ္ပါး (၃ည၊၄ရက်) Apr - 28
- ကလောTREKKING-ရှာဝ်-မိန်းမရဲတောင် (၃ည၊၄ရက်) Apr - 28
- ကယားပြည်နယ်-ပန်ပက်ရွာ-ဒီမော်လ်ဆိုး (၃ည၊၄ရက်) Apr - 28

အဆင့်မြင့် SCANIA ကား 3 Star Hotel များနှင့် အဆင့်မြင့်စားသောက်ဆိုင်များဖြင့် စီစဉ်ပေးသည်။

- တောင်ပိုင်းတောင်-ကျိုက်ထော်ရေတံခွန်-ရွှေတာရဲ
- ဆန္ဒနီမှ-ကျိုက်ထော်ရေတံခွန်-ကောဂွန်းဂူ-ဘုရင့်ညီဂူ
- တောင်ဂူ-သံတောင်ကြီး-မော်ယောကြီးဆင်စခန်း
- မော်လမြိုင်-ကျိုက္ခမီ-ခက်ခဲ

နေ့ချင်းပြန်ခရီးစဉ်များ အပတ်စဉ်- သောကြာ၊ စနေ ထွက်သည်။

Ph - 01-706716, 09-799946628, 09-770022755, 09-250790919



MIMBER Institute of Management Studies Presents

**"Seminar on Evolution of Modern Management in Myanmar"**

It's our great pleasure to invite you to the Seminar and Panel discussion of Evolution of Modern Management in Myanmar.

Business Leader - Mr. Surendra Verma

Area Manager, Myanmar ABE, UK has kindly agreed to the VVIP Guest of Honour.

Venue
UMFCCI, Mingalar Hall
No 29, Min Ye Kyaw Swar Rood,
Lamadaw Ts, Yangon.

MIMBER Institute of Management Studies (MIMS)

Date & Time
On 25th April, 2017 at 2pm
Registration : 1:30 pm

Ph: 09 767135007, 09 425360711 သို့ ဖုန်းဆက်၍ စာရင်းပေးသွင်းနိုင်ပါသည်။



ပညာမြည့်ဝ နှလုံးလှ ရင်စေသူ၊ ရတနာဖူး၊ စေမူးတူး၊ သန့်စင်ရာ... ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကကက/၁၃/၁၁/၂၂၈

**DHS**

**ဒဂုံကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ**

**(KGမှ တက္ကသိုလ်ဝင်တန်းအထိ)**

၂၀၁၆ -၂၀၁၇ ပညာသင်နှစ်အတွက် ဂုဏ်ထူးရကျောင်းသားများ

| | | |
|---|---|---|
| ဆဒမ- ၈၅၈ | မောင်စည်သူကောင်းဆက် | မြန်မာ၊သင်္ချာ၊ဓါတု၊ရူပ၊ဇီဝ |
| ဆဒမ- ၈၆၃ | မောင်ကောင်းထက်နိုင် | ဓါတု၊ရူပ၊ဇီဝ |
| ဆဒမ- ၈၇၅ | မသဇင်မှူးသွယ် | ဓါတု၊ဇီဝ |
| ဆဒမ- ၈၅၂ | မောင်ဘုန်းဝေယံကျော် | ဇီဝ |
| ဆဒမ- ၈၅၅ | မဆုဝတီငြိမ်းချမ်း | ဇီဝ |
| ဆဒမ- ၈၆၄ | မမြတ်နိုးနိုင် | ဇီဝ |
| ဆဒမ-၂၅၅၃ | မောင်အောင်မိုးဦး | ဓါတု |

စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသားဦးရေ အကန့်အသတ်ဖြင့်ထားရှိသင်ကြားပေးပါသည်။

**သီးသန့်ဘော်ဒါ** ကျား၊မ(၁၀)ဦးသီးသန့်ဘော်ဒါကိုတည်ထောင်သူကိုယ်တိုင်အနီးကပ်ကြီးကြပ်အုပ်ချုပ်သည်။ (စာသင်+စာကျက်+စာဖြေ)အားလုံးကိုကျောင်းတွင်တစ်နေရာတည်း ပြီးပြည့်စုံအောင်ဆောင်ရွက်ပေးမည်။ Guide နှင့် ကျူရှင်တက်ရန်မလိုပါ။

**အတန်းများအားလုံးကို မေလဆန်း(၂)ရက်မှစ၍ စတင်ဖွင့်လှစ်မည်။**

အမှတ်(၁၃၉-ဓအေ)၊ ဥဿဖယားလမ်း၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၃)၊ UP ဓါတ်ဆီဆိုင်အနီး၊ မြောက်ဒဂုံမြို့နယ်။

Phone: 09-731 21 329,09-798183761,09-798 407123



**ပါကေး အစားထိုး ကြမ်းခင်း** Promotion

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော Home Since 1996

Think of house. Think of home




Buy Flooring → Get Box
၃ ကျင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်

- ★ Grade A,B,C,D အစစ်များသာရောင်းပါသည်
- ★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
- ★ လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

ပိတ်ရက်မရှိ

- အမှတ် ( E-11A ) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။
- အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

HOTLINE: 09-79 700 70 70
09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတစ်နိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်



Octa-Biz
Octa-Biz International Co.,Ltd

**မြန်မာ့နှစ်သစ်ကူး ဗလာမပါ ခဲခြစ်အစီအစဉ်**

Skyworth My Wonderful Life

(၂၁.၃.၂၀၁၇ မှ ၃၀.၄.၂၀၁၇ အထိ)

Octa-Biz ကုမ္ပဏီမှ တရားဝင် တင်သွင်းဖြန့်ချိထားသော Skyworth TV, Aircon, ရေခဲသေတ္တာ ဝယ်ယူရုံဖြင့်


၅,၀၀၀ မှ ၅၀,၀၀၀ ကျပ်အထိ ခဲခြစ် ကံထူးနိုင်မည့် အခွင့်အရေးကြီးအပြင်

Skyworth တံဆိပ်ပါ ထီး၊ ကျောပိုးအိတ်၊ T-Shirt များကိုလည်း ထပ်မံ၍ မေတ္တာလက်ဆောင်ပေးအပ်သွားပါမည်။

ရန်ကုန်၊ မန္တလေးနှင့်အခြားမြို့များတွင် ဝယ်ယူရရှိနိုင်ပါပြီ



Model No : SRD-138DT




Model No : E200A
SMART PLUS



YANGON : No.378, Corner of 21st Street & Strand Road, Latha Township.
Ph: 01-373 565, 09-9699 202 54, 09-9699 202 55

MANDALAY : No.2, Block (628), 78th Street, Bet 31st & 32nd Street, Chan Aye Tharzan Township.
Ph: 09-9699 202 44, 09-9699 202 45



MAHA MYA KYWUN THA
MMAC
ACADEMIC CENTRE

**မဟာမြကျွန်းသာ** အကယ်ဒမစ်စင်တာ

**သင့်ပညာရေးအတွက်အကောင်းမွန်ဆုံးသော ရွေးချယ်ရာ**

အဆင့်မြင့်စခန်းသွင်းဘော်ဒါ

ကိုယ်ပိုင်အထက်တန်းကျောင်း

မူလတန်း
အလယ်တန်း
အထက်တန်း



**ONE STOP EDUCATION SERVICES**

မဟာမြကျွန်းသာအကယ်ဒမစ်စင်တာ ကိုယ်ပိုင်အထက်တန်းကျောင်းသည် ကျောင်းပညာရေးသာမက တွဲဖက်သင်ရိုးဝင် ဘာသာရပ်များကိုပါ စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး ညံ့သူတော် ၊တော်သူထူးချွန် ထူးချွန်သူထိပ်ဆုံး ရောက်စေရန် ရည်ရွယ်၍ အထူးဂရုစိုက်သင်ကြားပေးသည့်အတွက် ကျောင်းသား/သူများ အားထားခိုလှုံရာနေရာ ဖြစ်ပါသည်။

နေ့တက်ကျောင်းချိန် – နံနက် ၉:၀၀ နာရီမှ ညနေ ၃:၀၀ နာရီ လေ့ကျင့်ရေးသင်တန်းချိန် – ညနေ ၃:၀၀ နာရီမှ ည ၉:၀၀ နာရီ

တိုက် ၂-B၊ ၃-လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၀၁၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉-၈၆၂၈၆၃၈

# ကြော်ငြာ

## ကိုခိုင်စိုးလင်း(စစ်တွေ-ရန်ကုန်) အသက်(၃၀)

**B.A(Eng), MPA(Aldersgate College, Philippines)**

**Director, Red Hammer Co., Ltd.**

ရန်ကုန်မြို့၊ မင်္ဂလာဆောင်ညွှန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်အမှတ် (A/3-2)၊ အခန်း(၉၀၁)နေ [ဦးကျော်စိန် (ဒုပြည်နယ်အခွန်ဦးစီးမှူး)-ဒေါ်အောင်မြဦး]၊ [ဦးမောင်သာဇံ-ဒေါ်သန္တာဦး (ဒေါ်သန္တာဦးလက်ဖက်နှင့်အကြော်စုံ)]တို့၏မြေး၊ ဦးကျော်ဇောမောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကုန်သွယ်လယ်ယာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဝင်းဝင်းဇံ (ပန်းလိပ်ပြာဖက်ရှင်-စစ်တွေ/ယုဇနပလာဇာ ရန်ကုန်)တို့၏ချစ်လှစွာသောသား၊ မသန္တာဇံ(MAPCO LIMITED)၏ ချစ်လှစွာသောအစ်ကိုသည် ၂၁-၄-၂၀၁၇ (သောကြာနေ့) ည ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုခိုင်စိုးလင်း(စစ်တွေ-ရန်ကုန်) အသက်(၃၀)

**B.A(Eng),MPA(Aldersgate College, Philippines)**

**Director,Red Hammer Co.,Ltd.**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်အမှတ်(A/3-2)၊ အခန်း(၉၀၁)နေ [ဦးကျော်စိန် (ဒုပြည်နယ်အခွန်ဦးစီးမှူး)-ဒေါ်အောင်မြဦး]၊ [ဦးမောင်သာဇံ-ဒေါ်သန္တာဦး (ဒေါ်သန္တာဦးလက်ဖက်နှင့်အကြော်စုံ)]တို့၏မြေး၊ ဦးကျော်ဇောမောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကုန်သွယ်လယ်ယာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်ဝင်းဝင်းဇံ (ပန်းလိပ်ပြာဖက်ရှင်-စစ်တွေ/ယုဇနပလာဇာ-ရန်ကုန်)တို့၏ချစ်လှစွာသောသား၊ မသန္တာဇံ(MAPCO LIMITED)၏ ချစ်လှစွာသောအစ်ကို၊ ဦးစိန်မောင်(OK ဆေးဆိုင်-စစ်တွေ)-ဒေါ်အုန်းကြွယ်၊ ဗိုလ်မှူးကြီးလှမောင်တင်(ငြိမ်း)-ဒေါ်နုနုဇံ၊ ဦးမောင်သန်းရွှေ-ဒေါ်လီလီဇံ(မိဘမေတ္တာအထည်ဆိုင်)၊ Dr.သိန်းထွန်းအောင် (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ စစ်တွေ)-ဒေါ်သိန်းသိန်းဇံ (ဒေါ်သန္တာဦးလက်ဖက်နှင့်အကြော်စုံ)တို့၏ တူ/မောင်၊ ကိုကျော်ဆန်းလင်းမောင်-Dr. စုစုဝင်း၊ ကိုအောင်မင်း-မမယ်သူမောင် (နဝရတ်ဆေးဆိုင်)၊ Capt;ရန်နိုင်စိုး-Dr.နှင်းဝေမောင်၊ မအေးဆုမောင်၊ မောင်ရွှေဇံမျိုးဟိန်း (Run Ygn)၊ Dr.ကျော်ဇံဝေ(ခေတ္တ-လန်ဒန်)၊ မောင်ဖြိုးဇေယျာ(Final Part-II ဆေး-၁)၊ မလှချမ်းဝေ (Final Part-II ဆေး-၁)တို့၏ မောင်/အစ်ကို/ညီသည် ၂၁-၄-၂၀၁၇ (သောကြာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇(ကြာသပတေးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သန်း**

**အသက်(၈၈)နှစ်**

**လ/ထ မန်နေဂျာ R.T.C (ငြိမ်း)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၆၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်အေးအေးချိုတို့၏ ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၇ (သောကြာနေ့)တွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ရန်ကုန်တိုင်းဒေသကြီး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သန်း**

**အသက်(၈၈)နှစ်**

**လ/ထ မန်နေဂျာ R.T.C (ငြိမ်း)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၆၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်အေးအေးချိုတို့၏ ဖခင် ဦးအောင်သန်း အသက်(၈၈)နှစ်သည် ၂၁-၄-၂၀၁၇ (သောကြာနေ့)တွင် မကွေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**တည်ဆောက်ရေး(၁)**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးကျေးဇူးတင်လွှာ

ဘုရား၊ ကျောင်း ဒါယကာ

**Capt. တင့်လွင်**

**အသက်(၅၈)နှစ်**

**M.T Gas Pioneer**

**ညောင်ပင်ဆိပ်၊ မော်လမြိုင်**

၁၄-၄-၂၀၁၇ ရက်နေ့တွင် မလေးရှားနိုင်ငံ၊ မလက်ကာမြို့ပြည်သူ့ဆေးရုံကြီးတွင် နာမကျန်းဖြစ်စဉ်မှစ၍ မီးသင်္ဂြိုဟ်ပြီးသည်အထိ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော Uni-Fleet Sdn.BHD Company မှ President နှင့် General Manager Mr. Thomas Chong၊ Captainဝေထွန်း၊ M.T Gas Pioneerမှ Chief Engineer၊ Chief Officerနှင့် သင်္ဘောသားများ၊ Kepong Free Funeral Serviceမှ ဦးဆန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ အရာရှိကြီးများ၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် ဖေးမကူညီပေးဆောင်ရွက်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေများ၊ နာရေးသတင်းလာရောက်မေးမြန်းအားပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့် ဆက်သွယ်မေးမြန်းအားပေးကြသော ဆွေမျိုးမိတ်ဆွေများ၊ USA နှင့် Japan နိုင်ငံတို့မှ တယ်လီဖုန်း၊ Viber တို့ဖြင့်သတင်းမေးမြန်းအားပေးခဲ့ကြသော သူငယ်ချင်းမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ လမ်း ဒါယကာကြီး

**ဦးလှနီ (ရဲမှူးကြီး၊ ငြိမ်း) (၇၈)နှစ်**

**ဗိုလ်သင်တန်း အမှတ်စဉ်(၂၉)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(၂၅၅)နေ (ဒေါ်သန်းသန်းလှ)၏ခင်ပွန်း၊ ကိုသူရ-မအေးမိစံ၊ ကိုအောင်ထူးမြင့်-မခိုင်သူဇာ၊ ကိုမြင့်ထူး-မခိုင်သီတာ၊ ကိုနိုင်ဦး-မဝင်းနီလာ၊ (မောင်ကျော်သူရ)တို့၏မွေးသဖခင်၊ မောင်ကောင်းဆက်ထူး၊ မမြတ်နိုးဦး၊ မောင်အောင်ပြည့်ထူး၊ မယုဝတီမြင့်၊ မောင်မင်းခန့်သူ၊ မောင်စွမ်းထက်နိုင်၊ မဆုရတနာ၊ မရွှေစင်လင်းလက်အောင်တို့၏ဘိုးဘိုးကြီးသည် ၂၁-၄-၂၀၁၇ (သောကြာနေ့) နံနက် ၈း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကြိုင်မြင့်(နာယက)**

**အသက် (၇၀)**

**Health Care Group (Myanamr)**

**စာရေးဆရာမောင်ရန်ရှင်း**

Health Care Group (Myanamr) အဖွဲ့တွင် ၂၀၀၈ ခုနှစ်မှစ၍ ကွမ်းခြံကုန်းမြို့နယ်၊ ကြခတ်ကုန်းကြီးကျေးရွာတွင် နှစ်စဉ်ဆေးကုသမှု ခရီးစဉ်များအတွက် နာယကတစ်ဦးအနေဖြင့် ကြီးကြပ်စီစဉ်ဆောင်ရွက်ပေးခဲ့ပါသော ဦးကြိုင်မြင့်သည် မမျှော်လင့်ဘဲ ကွယ်လွန်သွားခြင်းအတွက် H.C.G(Myanmar) အဖွဲ့ ဦးဆောင်နာယကနှင့်တကွ အဖွဲ့ဝင်များအားလုံးတို့မှ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Health Care Group (Myanamr)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကြိုင်မြင့်(စာရေးဆရာမောင်ရန်ရှင်း)**

**အသက် (၇၀)**

**ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း**

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း ဒု-ဥက္ကဋ္ဌဖြစ်သူ ဦးကြိုင်မြင့်သည် ၂၁-၄-၂၀၁၇ရက်နေ့ နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးစံ (၉၄)နှစ်**

**ဓနုဖြူမြို့**

ဓနုဖြူမြို့၊ (၅)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၄၀)နေ (ဦးလှမောင်)၏ဇနီး၊ (ဒေါ်အိမေ)၊ ဒေါ်မြရီ-ဦးတင်ဝင်း၊ ဦးစောမောင်-[ဒေါ်ညို (ရွှေမဥ္ဇူ ဆန်စက်)]၊ ဒုဗိုလ်မှူးကြီးစိန်လှိုင်(ငြိမ်း)-ဒေါ်တင်တင်ဌေး၊ ဒေါ်ကြည်ဝင်း-ဦးသန်းအေး(ဝင်းစန္ဒာဆန်စက်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်အေးစံသည် ၂၁-၄-၂၀၁၇ (သောကြာနေ့) နံနက် ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဖိုးမြကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မျိုးတင့် အသက်(၇၀)

**အင်္ဂပူမြို့နယ်အသင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၁၅)နေ အင်္ဂပူမြို့နယ်အသင်း ဒု-ဥက္ကဋ္ဌ (ငြိမ်း) ဦးမြင့်သိန်း(မဲဇလီကုန်း)၏ဇနီး ဒေါ်ခင်မျိုးတင့်သည် ၂၁-၄-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ ပို့ဆောင်ပေးကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်နွဲ့နွဲ့ဝင်း(ဟသ်ာတ)**

**အသက် (၆၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၁၆)နေ (ဦးမြဆိုင်)၏ ဇနီး၊ ကိုရှိန်းကိုကို-မတင်ပပ၊ ကိုသူရကျော်-မသဲမြတ်မိုး၊ ကိုထွန်းထွန်း-မလင်းလင်းမြတ်တို့၏ ချစ်လှစွာသော မိခင်၊ ဒေါ်ဝေဝေကြည်၊ ဒေါ်အေးအေးမူတို့၏အစ်မကြီး၊ ကိုခင်မြင့်-မနှင်းသန္တာအေး၊ မအေးနန္ဒာဝေ၊ မချိုးမီကို၊ မောင်ရှင်းနေမင်းခန့်တို့၏ အဒေါ်သည် ၂၂-၄-၂၀၁၇ (စနေနေ့) နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မျိုးနွယ်(အလုံ)

**အသက်(၆၇)နှစ်**

(ဦးမောင်စိန်-ဒေါ်ကြင်ထို)တို့၏ သမီး၊ (ဦးသန်းမောင်-ဒေါ်ညွှန့်မေ)တို့၏သမီးချွေးမ၊ (ဦးလှအောင်)-ဒေါ်သန်းရင်၊ (ဦးသန်းထွန်းစော-ဒေါ်လှရင်)၊ (ဦးလှဖေ)-ဒေါ်စန်းရင်၊ ဒေါက်တာသိန်းထွန်း-ဒေါက်တာရင်ရင်၊ ဒေါ်သိန်းသိန်း၊ ဒေါ်သန်းသန်း၊ ဦးသောင်းညွှန့်-ဒေါ်ခင်ခင်ချို၊ ဦးတက်တိုး-ဒေါ်သန်းသန်းထွေး၊ (ဒေါ်ထွေးယဉ်)တို့၏ညီမ၊ (ဦးမောင်မောင်)-ဒေါ်အေးအေးရီ၊ ဦးစိန်ဝင်း-(ဒေါ်ကြည်ကြည်အေး)တို့၏ အစ်မ(ဦးအောင်မြင့်)၏ဇနီး၊ (ဦးကျော်နိုင်)-ဒေါ်ခိုင်မိုးသူ၊ ဦးအောင်သူရ-ဒေါ်ချမ်းချမ်းလင်း၊ ကိုဇော်မျိုးအောင်တို့၏ မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ခင်မျိုးနွယ်သည် ၂၁-၄-၂၀၁၇ (သောကြာနေ့) နံနက် ၇း၂၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇ (ကြာသပတေးနေ့)တွင် အမှတ်(၇၈၃)၊ ငမိုးရိပ် (၂)လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဌေးဝင်း(B.A,LL.B)

**ဒု/ညွှန်(ငြိမ်း) တ/၁၇၈၅**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ နေပြည်တော်**

**အသက် (၆၀)**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ မင်းလမ်းနေ ဦးအေး-ဒေါ်သိန်းကြည်တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရွှေဘိုလမ်းနေ ဦးမောင်မောင်ကလေး (တရားလွှတ်တော်ရှေ့နေ)-(ဒေါ်ညွှန့်ရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၃)၊ ခြောက်လွှာ(B) မလွကုန်းလမ်း၊ ကျောက်မြောင်းနေ ဒေါ်နွဲ့နွဲ့ဝင်း၏ခင်ပွန်း၊ မနှင်းအိအိသင်း [B.E(Civil) Site Engineer, Konoike Construction]၊ မမြင့်မြတ်စန္ဒီ (B.A,Eng)တို့၏ဖခင်သည် ၂၂-၄-၂၀၁၇ ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်စန်းယဉ် (၈၆)နှစ်

**(ပုသိမ်)**

ပုသိမ်မြို့၊ တကောင်းဘုရားလမ်း၊ ခြံအမှတ်(၁၉၁)နေ (ဦးမောင်စိန်-ဒေါ်ကျင်)တို့၏သမီး၊ (ဦးမောင်ထွန်း-ဒေါ်မြိုင်)တို့၏ သမီးချွေးမ၊ ဦးသက်ခိုင် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်အေး-ဒေါ်အေးအေးခိုင်၊ ဦးစိုးစိုးခိုင်၊ ဦးထွန်းထွန်းခိုင်-ဒေါ်တင်တင်ကျော်၊ ဦးကျော်ကျော်ခိုင် (Key Cafe House)တို့၏မွေးသမိခင်၊ မောင်မြတ်သူရမောင်-မဆုသီရိမောင်၊ မဆုသဥ္ဇာမောင်၊ မမိုးမိုးသိမ့်၊ မကျော့မှူးသိမ့်တို့၏ အဘွား၊ ဒေါ်ခင်သက်မူ၏အဒေါ် ဒေါ်စန်းယဉ်သည် ၂၂-၄-၂၀၁၇ (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်ရီ(ပုသိမ်) (၈၆)နှစ်**

ပုသိမ်မြို့နေ (ဦးပိန်းလိန်-ဒေါ်မြခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သမာဓိလမ်း၊အမှတ်(၁၁၇၀)နေ (ဦးရွှေသင်)၏ဇနီး၊ ဦးမောင်ဝင်း-ဒေါ်ခင်ခင်ရွှေ၊ (ဦးခင်မောင်လှိုင်)-ဒေါ်သန်းနွဲ့တို့၏ အစ်မကြီး၊ ဦးတင်ယု-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်မူမူသင်-ဦးအေးမင်း၊ ဦးအောင်ကြည်(ခ)ဦးချိုအေး-ဒေါ်နီလာမြတ်၊ ဦးမျိုးမြင့် - ဒေါ်ခင်မီမီလှိုင်တို့၏ ကျေးဇူးရှင်မွေးမိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၂-၄-၂၀၁၇ (စနေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဌေးဝင်း(BA,LLB)(ရွှေကျင်မြို့)

**ဒု-ညွှန်(ငြိမ်း) တ/၁၇၈၅**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ နေပြည်တော်**

**အသက်(၆၀)**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ မင်းလမ်းနေ ဦးအေး-ဒေါ်သိန်းကြည်တို့၏သား၊ ဦးခင်ဇော်-ဒေါ်ယဉ်စန်း၊ ဦးကျင်မြင့် - ဒေါ်တင်မေဌေးတို့၏ မောင်/ညီ၊ ဦးထွဋ်မြတ်ကြွယ်-ဒေါ်ထွေးစိန်၊ ဦးတင်ဖုန်းမြင့်-ဒေါ်ရီရီနိုင်၊ ဦးကျော်သူ (အထွေထွေမန်နေဂျာ၊ ဓာတ်အားဖြန့်ဖြူးရေးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း)-ဒေါ်နီလာရိုန်၊ ဦးစိုးမိုး-ဒေါ်ဌေးဌေးဝင်းတို့၏ အစ်ကိုသည် ၂၂-၄-၂၀၁၇ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၃၃)၊ခြောက်လွှာ(B)၊ မလွကုန်းလမ်း၊ ကျောက်မြောင်း နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ်စိုးဦး (၅၂)နှစ်

**(ဆအတ-၂၊ တောင်ငူ)**

**(ကပ-၈၆၂၅၅၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၆၅၁)နေ (ဦးတင်မြင့်)-ဒေါ်တင်ညွှန့်တို့၏သား၊ (ဦးလှမြင့်-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်စမ်းစမ်းအေး၏ခင်ပွန်း၊ မပိုပိုအိန္ဒြာချစ်၊ မောင်ဝေယံမိုးအောင်တို့၏ဖခင်သည် ၂၁-၄-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တသုဇာတ**

**သိက္ခာတော် (၃၄)ဝါ၊ သက်တော်(၅၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အုပ်ချုပ်ရေး(နာယက)၊ မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တသုဇာတသည် (၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်) ၂၂-၄-၂၀၁၇ (စနေနေ့) နံနက် ၈း၁၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ)၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (တန်ခူးလပြည့်ကျော် ၁၃ရက်) ၂၄-၄-၂၀၁၇ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမတို့အား အသိပေးအပ်ပါသည်။ [မဟာသိမ်တော်ကြီးကျောင်းတိုက်နှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ဂျပန်ဆေးရုံ)အအေးတိုက်တို့မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

စျာပနဖြစ်မြောက်ရေးအဖွဲ့

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးအောင်သန်း (၈၈)နှစ်**

**လ/ထ မန်နေဂျာ R.T.C(ငြိမ်း) မကွေးမြို့**

ဦးငြိမ်းမောင်ဦး [ဒု-ကြီးကြပ်ရေးမှူး၊ က-ပ-ရ(ငြိမ်း)]-ဒေါ်ဝင်းဝင်းသန်း [က-ပ-ရ(ငြိမ်း)]၊ ဦးအောင်ဝင်း (ဒုတိယအမြဲတမ်းအတွင်းဝန်-ငြိမ်း)-ဒေါ်သင်းသင်းသန်း (စာရင်းစစ်မှူး-ငြိမ်း)၊ ဦးသန်းဌေး (ညွှန်ကြားရေးမှူး၊ တဆရ-၆၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်အေးအေးချို၊ ဦးစိုးသန်း (အမှုဆောင်ဘူမိဗေဒအရာရှိ၊ MOGE)-ဒေါ်ချိုချို (အထက-ခွဲ၊ ဥသျှင်ပင်မြို့)၊ ဒေါ်မြင့်မြင့်သန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ မကွေးတိုင်းစီမံကိန်းရုံး)၊ ဗိုလ်ကြီးနိုင်နုနုသန်း [တဆရ(၃/၃၀၀)]၊ ဒေါက်တာဇော်မြတ်ထွန်း [အထူးကုဆရာဝန်(သွား)၊ သရက်ခရိုင်ဆေးရုံ]-ဒေါ်ခိုင်ချိုချိုသန်း(ပန်းတောင်းစာရင်းစစ်ရုံး)] (ဗိုလ်ကောင်းဇင်သန်း)တို့၏ မွေးသဖခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးအောင်သန်းသည် ၂၁-၄-၂၀၁၇ (သောကြာနေ့) ည ၇း၀၅ နာရီတွင် အမှတ်(၇)၊ ရာဇမုနိဘုရားလမ်း၊ ရွှေညောင်(၁) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မကွေးမြို့ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးရီ(ခ)ဒေါ်ရီရီ

**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၇၅/၈၀)၊ အခန်း(၅၀)၊ အနော်ရထာလမ်းနေ (ဦးချင်းယောက်၊ ဒေါ်ထိုက်)တို့၏ သမီး၊ ဦးဝှာဟိန်း၊ ဒေါ်စောလှတို့၏သမီးချွေးမ၊ (ဗိုလ်မှူးခင်မောင်-ငြိမ်း)၏ဇနီး၊ (ဒေါက်တာတင်ညွှန့်)-ဒေါ်ခင်မာရီ(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ စစ်ချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဦးသောဘိတ(ဦးခင်မောင်ရီ)-ဒေါ်စိန်စိန်၊ ဗိုလ်မှူးထွန်းဦး (ညွှန်ကြားရေးမှူး-ငြိမ်း၊ နယ်စပ်စည်ပင်)-ဒေါ်နုနုရီ (လ/ညွှန်မှူး- ငြိမ်း၊ ပညာရေးမှူးရုံး၊ အနောက်ပိုင်းခရိုင်)၊ ဦးမင်းဟန်(USA)-ဒေါ်နွဲ့နွဲ့ရီ (USA)၊ ဦးဖိုးကွန်း(2/E)၊ ဒေါ်ခင်နန်းရီ (JAT အထက-၂၊ လသာ)၊ ဦးခင်အောင်ရီ (AD)-ဒေါ်တင်တင်မြင့် (ဦး/ရှ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး)တို့၏ မိခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်ရီရီ(ခ)ဒေါ်ဌေးရီသည် ၂၂-၄-၂၀၁၇ ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းမေ အသက်(၈၀)

**ဌာနစုမှူး(ငြိမ်း)၊ တိ/ကုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

(ဦးမောင်သွင်-ဒေါ်သင်းလှိုင်)တို့၏သမီး၊ (ဦးအောင်ဖေသိန်း-ဒေါ်အုန်းညွှန့်)တို့၏ညီမ၊ ဦးဟန်လှ-ဒေါ်စိန်ဟန်၊ (ဦးဖေအောင်)-ဒေါ်ဝင်းကြည်တို့၏ အစ်မ၊ ဦးစိုးထွန်း-ဒေါ်ဌေးဌေးဝင်းတို့၏အဒေါ်၊ ဒေါ်မိုးမိုးအောင်၊ ဦးထွန်းထွန်းလွင်-ဒေါက်တာခင်ညိုဝင်း (တွဲဖက်ပါမောက္ခ၊ရူပဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ဦးထွန်းမြင့်အောင်-ဒေါ်အိအိထွန်း၊ ဒေါ်ယဉ်ယဉ်မြင့် (ကထိက၊ ဓာတုဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ဒေါ်တင်တင်ဟန် (လ/ထ ကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ မိတ္ထီလာ)၊ ဦးကိုကိုနိုင်၊ ဒေါ်ယုယုနိုင်၊ ဒေါ်ခင်ဆွေတို့၏ ကြီးကြီး၊ မပိုးအိအိစိုးထွန်း၊ မချိုဇင်ထွန်းထွန်းလွင်၊ မယုနန္ဒာကျော်စိုးထွန်း၊ မစန်းစန်းရီတို့၏အဘွား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊(၂၄)ရပ်ကွက်၊ အမှတ်(၄၁၂)၊ သိင်္ဂီလမ်းနေ ဒေါ်ဝင်းမေသည် ၂၂-၄-၂၀၁၇(စနေနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကျိစု အအေးတိုက်မှ ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၇ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဒေါ်မြမြသန်း

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City၊ အေးသာယာလမ်း၊ (D-၆၃)နေ (ဦးယုံဆိုင်-ဒေါ်သန်း)တို့၏ သမီး၊ (ဦးချောင်လင်ရှူး-ဒေါ်ချင်ငုံဟိုင်)တို့၏ သမီးချွေးမ၊ ဦးကျော်မြင့်၏ဇနီး၊ ဒေါက်တာမျိုးနန္ဒအောင် (ဆေးသုတေသန)-ဒေါက်တာအိအိအောင်(ဆေးတက္ကသိုလ်-မန္တလေး)၊ မအေးငြိမ်းစု(CDSG)တို့၏မိခင်၊ ဦးမြဝင်း-ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြမြအေး၊ ဒေါ်စန်းစန်းမြင့်၊ ဗိုလ်မှူးမြင့်ဌေး-ဒေါ်အေးမြင့်၊ ဒေါ်ကျင်ဆိုင်၊ (ဦးကျော်နိုင်)-ဒေါ်တင်တင်နွဲ့၊ ဦးကျော်သိန်း-ဒေါ်မေချိုတို့၏ ညီမ/အစ်မ ဒေါ်မြမြသန်းသည် ၂၂-၄-၂၀၁၇ (စနေနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုဉာဏ်ထက်အောင်**

**အသက်(၂၅)နှစ်**

ဦးခင်မောင်ဆွေ(ဒု-ညွှန်/ချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ခင်သော်တို့၏ ချစ်လှစွာသောသား ကိုဉာဏ်ထက်အောင်သည် ၁၉-၄-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ဝန်ထမ်းများ**
**တည်ဆောက်ရေး(၁)၊ ချောင်းဆုံ(မော်လမြိုင်)**

# မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းခွင့် သုံးလ ပိတ်ထားမည်ဖြစ်သော်လည်း စားသုံးမှုအဆင်ပြေစေရန်အတွက် ကမ်းနီးငါးဖမ်းစက်လှေများကို ငါးဖမ်းခွင့်ပေး



ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်တွင် ရပ်နားထားသော ကမ်းဝေးငါးဖမ်းရေယာဉ်များကို တွေ့ရစဉ်။

**ဟိုင်းကြီးကျွန်း မေ ၂၂**

ငါးသယံဇာတနှင့် ငါးမျိုးစိတ်များထိန်းသိမ်းရန်အတွက် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းခွင့်ကို မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း မြို့ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ငါးဖမ်းခွင့်ပိတ်ထားမည်ဖြစ်သော်လည်း စားသုံးမှုအဆင်ပြေစေရန်အတွက် ကမ်းနီးငါးဖမ်းစက်လှေများကို ငါးဖမ်းခွင့်ပေးထားပြီး ကမ်းဝေးငါးဖမ်းရေယာဉ်များကို စာရင်းရှိအစင်းရေ၏ ၃၀ ရာခိုင်နှုန်းကို ငါးဖမ်းခွင့်ပြုထားကြောင်း ဦးစီးမှူး ဦးမင်းချွန်သူက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ပင်လယ်ကမ်းခြေကျေးရွာများမှာ ရေလုပ်ငန်းလုပ်ကိုင်သူ အများဆုံးရှိပြီး ကမ်းဝေးငါးဖမ်းရေယာဉ် ၈၃ စင်း၊ ကမ်းနီးငါးဖမ်းစက်လှေ အစင်း ၁၀၀ ကျော်ရှိကြောင်း သိရသည်။ ရေလုပ်သားဦးရေအရ ကြည့်မည်ဆိုပါက ကမ်းဝေးငါးဖမ်းရေယာဉ်တွင် အလုပ်လုပ်သောလုပ်သားမှာ ကမ်းနီးစက်လှေလုပ်သားဦးရေထက်ပိုများကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱



မြန်မာ ယူ-၁၈ အသင်းနှင့် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-MFF)

# မြန်မာ ယူ-၁၈ အသင်း ဟောင်အန်ဂယ်လိုင်ကို ပင်နယ်တီတွင် ရှုံးနိမ့်

**ဟနွိုင်း မေ ၂၂**

၂၀၁၇ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၈ အသင်းသည် ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ပြီး စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာ ယူ-၁၈ အသင်းနှင့် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းသည် မိနစ် ၉၀ ပြည့်သည်အထိ တစ်ဂိုးစီသရေကျနေသောကြောင့် ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းက လေးဂိုး-နှစ်ဂိုး၊ စုစုပေါင်းဂိုးရလဒ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်း - ငါးဂိုး**
**မြန်မာ ယူ-၁၈ အသင်း - သုံးဂိုး**

မြန်မာ ယူ-၁၈ အသင်းသည် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင်အသင်းကို အုပ်စုတွင်းတွေ့ဆုံစဉ်က သုံးဂိုးပြတ်အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် ရှုံးကြေးပြန်ဆပ်ခြင်းခံခဲ့ရပြီး တတိယနေရာနှင့် လွဲချော်ခဲ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

# မြန်မာယှဉ်ပြိုင်မည့် ၂၀၁၈ အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၉ မျိုး ထည့်သွင်းကျင်းပမည်

**ဂျကာတာ မေ ၂၂**

၂၀၁၈ ခုနှစ် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံရှိ ဂျကာတာမြို့နှင့် ပလန်ဘမ်မြို့တို့၌ ကျင်းပသွားမည်ဖြစ်ပြီး ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို အာရှအိုလံပစ်ကောင်စီက မေ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ အားကစားနည်း ၃၉ မျိုး ပါဝင်မည်ဖြစ်သည်။ ထည့်သွင်းကျင်းပမည့် အားကစားနည်းများတွင် မြန်မာအားကစားအဖွဲ့ အားသာသည့် အားကစားနည်းများ ပါဝင်လာသလို ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် အားကစားနည်းများလည်း ပါဝင်သည်။

ယင်းပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၄ ပြိုင်ပွဲထက် အားကစားနည်းအရေအတွက် တိုးမြင့်လာကြောင်း

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



၂၀၁၄ အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်နေစဉ်။




မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

ဧပြီ ၂၃၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# ဆံမှတ်တို့၏ နောက်ကွယ်



**အမေ့သား**
B.C.Tech(DSA)



(၁)

"ဟဲလို . . . အမေ"

(၂)

"သားဆီက ဘာတဲ့လဲ မငွေးရ၊ နေလို့ထိုင်လို့ကောင်းပြီး စာတွေရောလိုက်နိုင်တယ်တဲ့လား။"

ပါးစပ်ဝရောက်နေသော ရေနွေးခွက်ကိုပင် မသောက်အားသေးဘဲ သားနှင့် ဖုန်းပြောပြီး အိမ်အောက်သို့ ဆင်းလာသော ဇနီးဖြစ်သူအား ဦးထွန်းမင်း မေးလိုက်မိသည်။ ကိုင်ထားသော ရေနွေးခွက်ကို ပြန်ချလိုက်ပြီး ဇနီးထံမှ သားသတင်းကို စောင့်ဆိုင်းနေမိသည်။ ဇနီးသည်က တော်တော်နှင့်ပြန်မဖြေ။ မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်ရင်း ရေနွေးငှဲ့နေလေ၏။ မျက်နှာရွှင်ပျမှုမရှိသည်ကိုကား ဦးထွန်းမင်း သတိထားမိ၏။

"ပိုက်ဆံလိုပြန်ပြီတဲ့လား"

အာခေါင်မှာ ခြောက်သွေ့သွေ့ဖြစ်လာသည့်အတွက် ရေနွေးတစ်ခွက် ကောက်သောက်လိုက်ရင်း ဒုတိယအကြိမ် မေးလိုက်မိသည်။ ဇနီးသည်က ပူနေသေးသော ရေနွေးကြမ်း တစ်ခွက်ကို လေအေးအေးဖြင့် မှုတ်သောက်နေလေ၏။ ရေနွေးလေးတော့ ပြီးအောင်သောက်ပါရစေ ဟူသည့်သဘော။ ငွေနှစ်သောင်း ပို့ပေးထားတာမှ တစ်ပတ်မပြည့်သေးဘူး။ လိုပြန်ပြီတဲ့လား။ ဦးထွန်းမင်း စိတ်ထဲမှရေရွတ်နေမိသော်လည်း တကယ်လို့သာ လိုခဲ့ပါလျှင် ပို့ပေးစရာပိုက်ဆံမရှိသေး။ သို့သော်လည်း မရရအောင် ရှာပေးမည်ဟူသည့် ဖခင်စိတ်က အနိုင်ယူပြီးဖြစ်၏။

"အဖေ့မှာပို့ပေးစရာ ပိုက်ဆံမရှိဘူး" ဟူသည့်စကားကို အဘယ်ဖခင်မျိုးက ပြောထွက်ပါမည်နည်း။

"ဟုတ်တယ် ကိုထွန်းမင်းရေ. . . ဒီတစ်ခါ သောင်းဂဏန်းမဟုတ်ဘူး။ သိန်းဂဏန်းတော့ သိန်းဂဏန်း။ ငါးသိန်းတဲ့တော်ရေ့။ အရေးကြီးလို့တဲ့။ တနင်္လာနေ့ကို မဖြစ်ဖြစ်အောင် ပို့ပေးပါတဲ့။ ကျုပ်တို့ ဘယ်လိုရှာရ ဖွေရ ကြံရဖန်ရပါ့"

"ဘာ. . ."ဟူသည့် အာမေဋိတ်အသံကို ထွက်ကျမသွားအောင် ဦးထွန်းမင်း ထိန်းလိုက်ရသည်။ မျက်လုံးမျက်ဆန်များ ပြူးထွက်မတက် ထိတ်လန့်သွားသည်မှာ အမှန်။ ငါးသိန်းတဲ့။ သူ့တစ်သက် ဒီတစ်ခါသာ ကြားဖူး၏။ ရာသီသိမ်းချိန် နှမ်းအားလုံးရောင်းပြီးသည့်အချိန်မှာပင် ငါးသိန်းဟူသည့်ပမာဏကို စုမိဖို့မလွယ်။ တောင်သူဘဝ ကျင်လည်ခဲ့ရာ သိတတ်စအရွယ်မှခုချိန်ထိ ငါးသိန်းမပြောနှင့် ငွေတစ်သိန်းကိုပင် မကိုင်တွယ်ဖူးခဲ့။ အရင်အကြွေးဆပ် နောက်အကြွေးယူဖြင့်ပင် လုံးချာလည်နေရသည်သာ။ ခုချိန်မှာ အတိုးချေးဖို့ပင်မလွယ်။

မိုးလေဝသမမှန်သည့်အတွက် အကျပ်အတည်းတွေကြား ညည်းညူသံတွေက ရွာထဲတွင် မကြားချင်အဆုံး။ မိုးဦးကျခါစ သဲကြီးမဲကြီးရွာချလိုက်သော မိုးကြောင့် တစ်ရွာလုံးယာမြေမှာ ထွန်တုံးချခဲ့ကြ၏။ နှမ်းတွေကြဲလိုက်ပြီးကာမှ မိုးကဆက်မရွာတော့။ နှမ်းပင်အဆို့အညှောင့်လေးများသည် အစိုဓာတ် ငတ်နေသည့်ကြားမှ ပူပြင်းလှသည့် အညာနေကြောင့် မရှုမလှ နိဂုံးချုပ်သွားကြရ၏။ ဦးထွန်းမင်း တောက်တခေါက်ခေါက်ဖြစ်ရပြီ။ ရှိစုမဲ့စု နှမ်းမျိုးလေးဆုံးသွားပြီ။ မဆင်မခြင်ကြဲလိုက်မိသည့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမည်လား။ စာနာမှုမရှိသည့် မိုးနတ်မင်းကြီးကိုပဲ အပြစ်တင်ရမည်လား။ ဦးထွန်းမင်း မပြောတတ်။

ခိုင်းနွားနှစ်ကောင်က ခေါင်းတမော့မော့နှင့် နွားစာကုန်နေပြီဖြစ်ကြောင်း အော်ဟစ်အချက်ပြနေလေသည်။ ဦးထွန်းမင်း နွားစာခြင်းတောင်းကိုယူ၍ နွားစာထည့်ပေးလိုက်သည်။ နွားနှစ်ကောင်က နည်းနည်းစားလိုက်၊ ခေါင်းမော့လာလိုက်၊ နွားစာကျင်းကို နှုတ်သီးဖြင့် ထိုးလိုက် လုပ်နေလေ၏။ မြက်စိုစို မစားရသည့်အတွက် ခံတွင်းတွေ့ဟန်မတူ။ မိုးမရွာသည့်အတွက် လူတွေသာမက နွားတွေပါ ဒုက္ခရောက်ရပြီ။ ဒါတောင် နွေရာသီက သိုလှောင်ထားသည့် ကောက်ရိုးခြောက်များ ကျန်နေသေး၍ တော်သေး၏။ နို့မို့ဆို နွားစာအတွက် အခက်တွေ့ရပြီ။

"ကျုပ်တော့ ခေါင်းမီးတောက်အောင် စဉ်းစားလည်း စဉ်းစားမရပါဘူးတော်။ တော့်သား မဟုတ်တာတွေများလုပ်နေလား မသိဘူး။ ကျောင်းကလိုတာရော ဟုတ်ကော ဟုတ်ရဲ့လား မသိပါဘူးတော်။"

"သားက မဟုတ်တာတော့ မလုပ်လောက်ပါဘူး မငွေးရ။ တကယ်လိုအပ်နေလို့ ဖြစ်မှာပါ။ ဒီလိုပဲ ကြံရဖန်ရမှာပေါ့ဟာ။"

ဇနီးဖြစ်သူကို စိတ်အေးစေဖို့ အေးအေးဆေးဆေး ပြန်ပြောမိပေမယ့် မည်သို့ရှာပေးရမည်ကိုကား မသိသေး။ တွေးနေဆဲ။ ကြံနေဆဲ။

"အန်တီငွေးရေ အမေက မနေ့က ချေးသွားတဲ့ ဆီတစ်ဆယ်သားလေးပေးပါဦးတဲ့။"

ဒေါ်စိန်ကြည်၏ သမီးအငယ်မ အိမ်ပေါက်ဝမှ အော်ကြီးဟစ်ကျယ် ဆီကြွေးတောင်းသံကိုကြားတော့ ဦးထွန်းမင်း အတွေးစတို့ ပြတ်တောက်မတတ် ဖြစ်သွားသည်။ "အေးအေး ကလေး အိမ်ပေါ်လိုက်ခဲ့လိုက်" ဟုပြောရင်း ဇနီးသည်က အိမ်ပေါ်သို့ တက်သွားပြီးဖြစ်၏။ ဦးထွန်းမင်း ကုလားထိုင်မှ ထလိုက်ပြီး အိမ်တောင်ဘက်သို့ ထွက်ခဲ့လိုက်သည်။ မန်ကျည်းပင်ပေါ်မှ အိပ်တန်းဝင်နေသည့် ဆက်ရက်များက ဆူညံလျက်။ ထန်းပင်ပေါ်မှ ခိုများက ညည်းစပြုလာ၏။ ဟင်းလင်းပြင်ဖြစ်နေသည့် အိမ်တောင်ဘက်မှ လယ်ကွင်းပြင်များကို မျက်စိတစ်ဆုံး ငေးမောနေမိသည်။ ဦးထွန်းမင်း အကြံတစ်ခုရပြီ။ ဟုတ်သည်။ အခုချိန်မှာ သားဖြစ်သူ အဆင်ပြေစေဖို့ ဒီတစ်နည်းသာရှိတော့သည်။ ရေနွေးပွဲရှိရာ ကုလားထိုင်ဆီသို့ ပြန်လျှောက်လာလိုက်ပြီး အိမ်ပေါ်မှဆင်းလာသော ဇနီးဖြစ်သူအား သူ၏အကြံကို ဖွင့်ဟပြောပြလိုက်၏။

"အင်း. . . အဲသည်လိုပဲ လုပ်ရတော့မှာပေါ့ ကိုထွန်းမင်းရယ်။ အခုချိန်မှာ သားလေးအဆင်ပြေဖို့ပဲ အရေးကြီးတာပါ။ နောက်ဆက်တွဲ ကိစ္စတွေကိုတော့ နောက်မှပဲ ကြည့်ကျက်ပြီး စီစဉ်ကြတာပေါ့။"

တရိပ်ရိပ်တက်လာသော မိုးသားများက နေ၏အငွေ့အသက် အလင်းရောင်မှိန်မှိန်လေးများအား ဖုံးလွှမ်းသွားချေပြီ။ ပြီး သဲကြီးမဲကြီး ရွာချလိုက်၏။

(၃)

ဘဏ်၏ငွေလွှဲဌာနသည် လူတွေပြည့်သိပ်လွန်းလှ၏။ ရှေ့တွင် အယောက်နှစ်ဆယ်ထက်မနည်း တန်းစီနေပြီးဖြစ်သောကြောင့် အနီးရှိ ကုလားထိုင်ပေါ်တွင် ဒေါ်ငွေး ဝင်ထိုင်လိုက်သည်။ နှမ်းကြဲသွားသော ခင်ပွန်းသည်ထံ နေ့လယ်စာထမင်းပို့ နောက်မကျစေဖို့ စောစောလာကာမှ ပို၍ဆိုးနေသလို။ ငွေငါးသိန်းထည့်ထားသော လက်ကိုင်အိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

"အယ် ဒေါ်ငွေးပါလား။ တူပါတယ်လို့ သေချာကြည့်နေတာ။ ဒေါ်ငွေး ဟုတ်ပါတယ်နော်။"

အသံလာရာဆီသို့ ဒေါ်ငွေး ကြည့်လိုက်မိသည်။ ထိုအသံက မိမိရှေ့တည့်တည့်မှဖြစ်၏။ ဖြူဖြူတုတ်တုတ် ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ဦး။ လည်ပင်းမှ ဆွဲကြိုးက ဒေါ်ငွေးမျက်နှာကို ရောင်ပြန်ဟပ်သွား၏။

"ဒေါ်မိုးဦးပါလား။ ဝလို့ လှလို့ပါပဲတော်။ မတွေ့တာတောင် အတော်ကြာနေပြီပဲ။"

"ကြာဆို သားတွေ ဆယ်တန်းပြီးကတည်းကမဟုတ်လား။ အခုလို မြို့ပေါ်ရောက်တုန်း အချိန်ရရင် အိမ်ဘက်လာလည်ပါဦး ဒေါ်ငွေးရဲ့။ အခုရော ဘာကိစ္စနဲ့ ဘဏ်ကို ရောက်နေရတာလဲ။"

ပြောရင်းဆိုရင်း ဒေါ်မိုးဦးသည် ဒေါ်ငွေး၏ ညာဘက်ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ဒေါ်မိုးဦးကို တွေ့လိုက်သည်နှင့် ဒေါ်မိုးဦး၏သား ဇေရဲကိုပါ ချက်ချင်း မြင်ယောင်သတိရလာမိသည်။

"ကြဲရလှဲ့ရနဲ့ ခုချိန်ကတော့ မအားသေးပါဘူး ဒေါ်မိုးဦးရယ်။ ခုတောင် သားက ငွေလိုတယ်ပြောလို့ မဖြစ်သာလို့သာ လာပို့ပေးရတာ။ ယာထဲမှာ ကိုထွန်းမင်းတစ်ယောက်တည်း ပျာယာခတ်လို့ရှိလိမ့်မယ်။ သူများလို လူလည်း ငှားနိုင်တာ မဟုတ်ဘူးလေ။ သားတွေ ကျောင်းပိတ်လို့ပြန်လာခါမှပဲ မောင်ဇေရဲနဲ့လည်း တွေ့ရအောင်လာခဲ့ပါဦးမယ်။"

လက်ကိုင်အိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ဒေါ်မိုးဦးအား ပြန်ပြောလိုက်၏။

"တောင်သူတွေကတော့ ဒီလိုပါပဲ ဒေါ်ငွေးရယ်။ ကျွန်မတို့လည်း တော်တို့လို တောင်သူတွေ အဆင်ပြေပါစေဆုတောင်းနေရတာ။ ဒါမှလည်း ပွဲရုံကအလုပ်ဖြစ်မှာမဟုတ်လား။ ခုတောင် သားက ငွေလိုတယ်ပြောတော့ ဘဏ်ထဲထည့်ထားတဲ့ သိန်းငါးဆယ်ထဲက ငါးသိန်းပြန်ထုတ်လာရတယ် ဒေါ်ငွေးရေ။ တော်ပြောသလိုပဲ သားတွေ ကျောင်းပိတ်မှ တစ်ခါပြန်ဆုံကြတာပေါ့။ ကျွန်မလည်း မောင်မျိုးကျော်ကို သတိရပါတယ်။ ကဲကဲ တော့်အလှည့်ရောက်နေပြီ။"

စကားစကိုဖြတ်လိုက်ပြီး ဒေါ်မိုးဦးကို ပြုံးပြနှုတ်ဆက်လျက် ကောင်တာဆီသို့ လျှောက်လာလိုက်သည်။ သူ့သားနှင့် ဒေါ်မိုးဦးသားသည် အခုချိန်ထိ တက္ကသိုလ်တွင် တပူးတွဲတွဲ အတူတူတက်နေကြခြင်းဖြစ်၏။ ဒေါ်မိုးဦးလည်း ငွေလွှဲပေးရမည်ဖြစ်သည့်အတွက် သူ့သားတစ်ယောက်တည်း ချွန်ထွက်လိုနေခြင်းမဟုတ်ဟု နားလည်လိုက်သည်။ သားအပေါ် သံသယဖြစ်နေခြင်းမရှိတော့။

ငွေလွှဲပြီး နာရီကိုကြည့်လိုက်တော့ ၁၀ နာရီခွဲနေပြီမို့ နေ့လယ်စာချက်၍ ရမည်မဟုတ်တော့။ အပြန်ကားခချန်ထားသော ငွေနှစ်ရာဖြင့် မုန့်ဟင်းခါးတစ်ပွဲဝယ်ခဲ့လိုက်ပြီး ရွာဘက်သို့ ကားမစီးတော့ဘဲ ယာခင်းဘက်သို့သာ သုတ်ခြေတင်ခဲ့မိတော့၏။

ယာခင်းထဲ အရောက်မှာတော့ ထယ်တစ်ကွင်းပင် ကောင်းကောင်းမပြီးသေးဘဲ နွားတွေကို အနားပေးထားပြီး ဆီးပင်အောက်တွင် ထိုင်လျက်ဆေးလိပ်ဖွာနေသော ခင်ပွန်းသည်အား အံ့အားသင့်စွာ ဒေါ်ငွေး တွေ့လိုက်ရ၏။ အရင်က အခုလို ၁၀ နာရီခွဲလောက်ဆိုလျှင် ထယ်နှစ်ကွင်းပြီးလို့ သုံးကွင်းမြောက်ကိုပင် စနေပြီမဟုတ်လား။

"ထယ်တစ်ကွင်းတောင် မပြီးသေးပါလား"

ရုတ်တရက်ပြောထွက်သွားသော ဒေါ်ငွေး စကားကြောင့် ဦးထွန်းမင်းသည် ဆေးလိပ်ငွေ့ကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်၏။

"နွားမဆိုတော့လည်း နွားမခွန်အားနဲ့ မျှသလောက်ပဲ ပြီးတော့မပေါ့ မငွေးရ။"

ဦးထွန်းမင်းပြောလိုက်မှ ဒေါ်ငွေးလည်း သတိရသွားကာ "ဟုတ်ပေးသားပဲ"ဟု ရေရွတ်လျက် မုန့်ဟင်းခါးထုပ်လေးကိုဖြေကာ လင်မယားနှစ်ယောက် မျှဝေစားသောက်ရင်း နေ့လယ်စာကို အဆုံးသတ်လိုက်ရတော့၏။

(၄)

မျိုးကျော်နှင့် ဇေရဲသည် အဖြူရောင် iphone 6 တစ်ယောက်တစ်လုံးစီဖြင့် အလုပ်ရှုပ်နေတော့၏။ သူတို့နှစ်ယောက်လက်ထဲရှိ ဖုန်းနှစ်လုံးက အရောင်တူ၊ အရွယ်အစားတူ၊ အမျိုးအစားတူ၊ သူတို့လက်ဝယ်ရောက်ရှိလာသည့် အချိန်တူ၊ အားလုံးအတူတူပင်ဖြစ်၏။ သို့သော် မတူညီသော အကြောင်းအရာများ ရှိနေသေးသည်ကိုတော့ သူတို့နှစ်ယောက် သိနိုင်ကြလိမ့်မည်မဟုတ်ပေ။

၀၀၀

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဟာသ

# သားကောင်မလေး

အောင်ဇာ (အရာတော်)

အရာတော်မြို့ပေါ်တွင် လူပျိုကြီးတစ်ယောက်ရှိသည်။ သူ့နာမည်က ကိုညွန့်ဆန်း။ နာမည်နှင့်လိုက်အောင် အကွန့်အညွန့်တွေနဲ့ ပြောတတ်သည်။ တခါတလေ နှစ်ခွဖြစ်သော စကားတွေပြောတတ်သေးသည်။ တစ်နေ့ ဈေးသို့ သူ့မိခင်နဲ့ဈေးဝယ်သွားရင်း လွတ်ခနဲ့ပြောချလိုက်သည်။

"အမေ့ အမေ့ ဟိုမှာ
အဲဒါ သားကောင်မလေးဗျ"

"အမလေးတော်"

လူပျိုကြီးအမေဖြစ်သူမှာ အံ့သြမှင်တက်ကာ ပါးစပ်အဟောင်းသားနှင့် သားတော်မောင်ပြသော ကောင်မလေးအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း. . .

"စကပ်ကြီးကလည်း ပေါင်လယ်ထိကွဲလို့
ကိုယ်ကျပ်အင်္ကျီ ဟိုပေါ်ဒီပေါ်နဲ့ မဖြစ်ပါဘူး ငါ့သားရယ်. . .
ကြည့်စမ်းပါဦး ဆံပင်တွေကလည်း ကောက်လို့
အရောင်တွေ နီကြောင်ကြားနဲ့ကွယ်"
အမေကလည်းဗျာ
အဲဒါ သားကောင်မလေးပါဆို"

လူပျိုကြီးမိခင်မှာ အတန်ငယ်စဉ်းစားရင်း သားတော်မောင်စကားကို သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေလေတော့သည်။

ဆောင်းပါး

# အရသာပေ့ါသွားသော အညာထမင်းဝိုင်းလေး

ဇာနည်အောင်(မန္တလေး)

နှစ်သစ်ကူးအခါရက်တွင် အမေ့ဘက်မှ ဘိုးဘွားများအား ပူဇော်ကန်တော့ရန် အမေ့ဇာတိရွာသို့ ရောက်ခဲ့၏။ မရောက်တာကြာပြီဖြစ်၍ အခါရက်ပြီးသည့် နှစ်ဆန်း(၃)ရက်အထိနေဖြစ်ခဲ့၏။ နှစ်ဆန်း(၂)ရက်နေ့တွင် အဘိုးအဘွားတို့က ထန်းရွက်တဲကလေးကို ထန်းရွက်အသစ်မိုးပါသည်။

အညာဝလေ့အညာအငွေ့အသက်များဖြင့် ထုံမွမ်းနေသော ထန်းရွက်တဲကလေးကို အဘိုးအဘွားတို့က တမြတ်တနိုး ရှိနေကြဆဲပင်။ ထန်းရွက်အသစ်ရနံ့ တသင်းသင်းဖြင့် အေးမြသောအရိပ်ကို ပေးစွမ်းနိုင်သောကြောင့် အညာနွေကို အန်တုနိုင်ပေ၏။ လျှပ်စစ်မီးရရှိနေသည့်အတွက် ပန်ကာ၊ ရေခဲသေတ္တာတို့ရှိနေသော်လည်း အဘိုးအဘွားတို့သည် ပန်ကာမသုံး၊ ရေခဲရေမသောက်။ မြူအိုးအသစ်ကလေးများထဲတွင် ညကတည်းက ရေဖြည့်ထားကြပြီး နောက်တစ်နေ့တွင် အေးစိမ့်နေပြီဖြစ်သော သဘာဝရေကိုသာ သောက်သုံးကြသည်။ အသက်ခုနစ်ဆယ်ကျော်သည်အထိ အညာမြေတွင် ကြီးပြင်းနေထိုင်လာကြသူများဖြစ်သည့်အတွက် အညာနွေကို သူတို့စိတ်တိုင်းကျဖြတ်သန်းနေကြခြင်းပင်။ အိမ်တိုင်းလိုလို သွပ်မိုးများဖြင့်နေထိုင်ကြသော ယနေ့ခေတ်အခါတွင် ထန်းရွက်မိုးသည့်အလေ့အထနည်းပါးသွားခဲ့ပေပြီ။ မည်သို့ပင်ဖြစ်စေ မိမိအလည်ပြန်ရောက်နေချိန်တွင် အဘိုးအဘွားတို့ နေပူဒဏ်ကာကွယ်ရန် နေထိုင်မည့်ထန်းရွက်တဲကလေးကို အမိုးမိုးသည်နှင့် ကြုံကြိုက်ချိန်ဖြစ်သဖြင့် လုပ်အားဒါနပြုရပါတော့သည်။

နှစ်ဆန်း(၁)ရက်နေ့ ညဉ့်ဦးယံကပင် ထန်းလျှော်များကို ရေစိမ်သည်။ နှစ်ဆန်း(၂)ရက်နေ့ နံနက်စောစောထ၍ သုံးပင်နှစ်ခန်းတဲကလေးမှ ထန်းရွက်အဟောင်းများကို ဖျက်ချရပါသည်။ အဘိုးကလျှော်သပ်သည်။ ထန်းရွက်ဟောင်းများဖျက်ချပြီးသော်လည်း တဲကူမိုးမည့်သူများ ရောက်မလာသေးသဖြင့် ဦးလေးဖြစ်သူက သွားခေါ်သောအခါ ခရီးထွက်သွားကြသည့်အတွက် မလာနိုင်တော့ဟုသိရသောအခါ ဦးလေးအငယ်တစ်ယောက်ကို ကပျာကယာပြေးခေါ်၍ တဲမိုးရန်ပြင်ဆင်ရပါတော့သည်။ ဦးလေးနှစ်ယောက်က တဲပေါ်တက်၍ အခြင်များ၊ ဆီဖူးဆွဲများ (ဒေသအခေါ်)ကိုလျှော်ဖြင့်တုပ်နှောင်နေကြစဉ် ကျွန်တော်က ထန်းရွက်များကို အဆင်သင့်ဖြစ်ရန် တဲနားသို့ သယ်ထားရသည်။ ဦးလေးနှစ်ယောက်က တဲမိုး၊ ကျွန်တော်ကအောက်မှ ထန်းရွက်များပစ်ပေးနှင့် တော်တော်ပင်ပန်းလှသည်။

ကျွန်တော်တို့ငယ်စဉ်အခါက ရွာသို့အလည်လာလျှင် အဘိုးအဘွားတို့တဲမိုးသည်နှင့် မကြာခဏကြုံခဲ့ဖူးသည်။ ရွာထဲမှလူကြီးများ လာရောက်ဝိုင်းကူကြသည်။ လူငယ်များက ထန်းရွက်ကူသယ်သည်။ ရေနွေးသောက်သည်။ လက်ဖက်သုပ်၊ ချင်းသုပ်ဝိုင်းစားကြသည်။ အမျိုးသမီးများကလည်း ထမင်းဟင်းလာရောက်ချက်ကူကြသည်။ တဲမိုးပြီးလျှင် အမဲသား၊ ငရုတ်သီးချက်၊ မန်ကျည်းရွက်ချဉ်ရေဟင်း၊ ပဲကြီးအိုးကပ်ဟင်းများဖြင့် ဝိုင်းဖွဲ့စားသောက်ကြသည်။ ကိုယ့်အိမ်တဲမိုးပြီးလျှင် သူ့အိမ်တဲမိုးသည်ကိုသွားကူကြ၍ ပျော်ပျော်ရွှင်ရွှင်စားကြသောက်ကြဖူးသည့် အညာအငွေ့အသက်ကလေးများကို ကျွန်တော်အမှတ်ရမိသည်။

အိမ်နီးနားချင်းများလာ၍ တဲကူမမိုးကြတော့ဘူးလားဟု အဘိုးကို ကျွန်တော်မေးကြည့်သောအခါ အဘိုးက "ခေတ်ပြောင်းသွားပြီ ငါ့မြေးရယ်"ဟု ခပ်ပြုံးပြုံးဖြေပါသည်။ ယခုလာရောက်မမိုးနိုင်သူများသည်ပင် လုပ်အားခပေး၍ ခိုင်းရခြင်းဖြစ်ကြောင်းရှင်းပြပါသည်။ အိမ်တိုင်းလိုလို သွပ်မိုးဖြင့် နေထိုင်နေကြပြီဖြစ်သော ယနေ့ခေတ်ခါမျိုးတွင်တဲမိုးရာ အပြန်အလှန် ဝိုင်းဝန်းကူညီကြသည့် အလေ့အထတစ်ခုကကွယ်ပျောက်ခဲ့ပေပြီ။ စက်ရုံ အလုပ်ရုံများဖြင့် အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းနေသော ခေတ်ဖြစ်သည့်အားလျော်စွာ ကိုယ့်အလုပ်ကိုယ့်အကိုင်ဖြင့် မအားလပ်နိုင်ကြတော့။ ခပ်စောစောပြီးမည်ဟု မျှော်လင့်ထားသော်လည်း တူအရီးသုံးယောက်တည်းသာ မိုးရသောကြောင့် မွန်းတည့်ခါနီးမှပင် ပြီးတော့သည်။ တဲမိုးပြီးသောအခါ အမဲသား ငရုတ်သီးချက်၊ မန်ကျည်းချဉ်ရေ၊ ပဲကြီးအိုးကပ်ဖြင့် တူအရီးသုံးယောက်ထမင်းစားကြသည်။ အညာတဲမိုးဟင်းဖြစ်သဖြင့် စား၍ကောင်းပါသည်။ သို့သော် ငယ်စဉ်ဘဝက စားခဲ့ဖူးသည့်အရသာနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်လိုက်သောအခါ အရသာတော့အနည်းငယ်ပေ့ါသွားသလို ခံစားမိလိုက်ပါသည်။

# စိတ်ထားတတ်မှ အေးချမ်းရ

အိုခေမီ

ကျွန်တော့်စိတ်တွေက ဘောလုံးကွင်းဆီကိုရောက်နေပါတယ်။ လူကတော့ ဘိုးဘွားရိပ်သာဝန်းထဲမှာ။ ဒီနေ့ ဘောလုံးပွဲမှာ ခြေစွမ်းပြဖို့အားခဲထားတာ။ ခုတော့လွဲပါပြီ။

ဘိုးဘွားရိပ်သာဝန်းအတွင်း သန့်ရှင်းရေးလုပ်ဖို့ တစ်အိမ်တစ်ယောက် မဖြစ်မနေလာပါတဲ့ ရွာလူကြီးနဲ့ ဆရာတော်ဘုရားရဲ့ တောင်းဆိုမှု။ ဖြစ်ချင်တော့ ဒီနေ့မှ ညီလေးကလည်း ခရီးသွားတယ်။ အိမ်မှာ ကျွန်တော်ရယ်၊ အမေရယ် နှစ်ယောက်တည်းဆိုတော့ ကျွန်တော်ပဲ သွားရတော့တာပေ့ါ။

မြက်ရှင်းရတာ ဘယ်လိုမှ စိတ်မပါ။ ခုလောက်ဆို သူငယ်ချင်းတွေ ဘောကွင်းထဲမှာ ဘောကန်နေလောက်ပြီ။ ပေါက်တူးကြီးပစ်ချပြီး ဘောကွင်းဆီပြေးသွားချင်စိတ်တွေ ပြင်းပြနေပေမယ့် မဖြစ်နိုင်။ ရွာလူကြီးနဲ့ ဘုန်းဘုန်းကရှိနေလေရဲ့။ စိတ်ထဲကသိကအောက်နဲ့ မြက်ရှင်းရတာ ဘယ်လိုမှ အဆင်မပြေ။ ဘာကိုဒေါသထွက်လို့ ထွက်မှန်းမသိအောင်ပါပဲ။ စေတနာမပါ မဖြစ်လို့သာ လုပ်နေရတာ။ ကျွန်တော် သက်ပြင်း ရှည်ကြီးချရင်း ကျွန်တော့်ဘေးမှာ ဓားလေးနဲ့ မြက်ထိုင်ရှင်းနေတဲ့ အဒေါ်ကြီးနှစ်ယောက်ရဲ့ စကားကို နားစွင့်မိတယ်။

"မနေနိုင်မထိုင်နိုင် လာမြက်ရှင်းခိုင်းနေတယ်။ လူတွေကိုများ အားနေတယ်ထင်လို့လားမသိ၊ မနေနိုင်ကိုယ့်ဟာကိုယ် လာရှင်းပေ့ါ"။

"ဟုတ်ပ့ါဟယ်။ ငါလည်းခုထိ ထမင်းမချက်ရသေးဘူး။ လျှော်ဖွပ်ဖို့ကလည်း အများကြီးရှိတယ်။ စေတနာကို မပါဘူး"။

ပွစိပွစိနဲ့ပြောနေတဲ့ စကားသံတွေ ကြားနေရတယ်။ မြက်ရှင်း အမှိုက်သိမ်းနေတဲ့ ရွာသူ ရွာသားတွေကို ဝေ့ကြည့်လိုက်တော့လည်း စိတ်ပါလက်ပါ လုပ်အားပေးသူမရှိ အားလုံး ပျင်းတိပျင်းတွဲတွေနဲ့။ မရှင်းမပြီးချင်းလည်း ပြန်ရမှာမဟုတ်။ ကျွန်တော်လည်း သူတို့လိုပါပဲ။ စိတ်က အလိုမကျမှုနဲ့ပြည့်နေပြီး ပူလောင်နေတဲ့အတွက် မြက်ရှင်းရတာ ဘယ်လိုမှ အဆင်မပြေ၊ မဖြစ်တော့။ နည်းနည်းရှင်းလိုက်တာနဲ့ မောလာတယ်။

ဒီအတိုင်းမဖြစ်တော့။ ကျွန်တော့်စိတ်ထားလေး ပြောင်းကြည့်မှဖြစ်မယ်။ ကျွန်တော်အခြေအနေကိုပြန်သုံးသပ်ကြည့်တယ်။

အခြေအနေအရလည်း မလုပ်လို့မဖြစ်။ လုပ်နေတဲ့အလုပ်ကလည်း ဘိုးဘွားတွေ မြွေကင်းအန္တရာယ်ကင်းဖို့အတွက်။ ကျွန်တော့်စိတ်လေး နည်းနည်းကြည်လာတယ်။ ဘိုးဘွားဆောင်ကို ကျွန်တော်လှည့်ကြည့်လိုက်တယ်။ အဘိုးအဘွားတွေက ပြတင်းပေါက်ကနေ ကျွန်တော်တို့လုပ်အားပေးအဖွဲ့ကို ပြုံးပြုံးလေးနဲ့ငေးကြည့် နေကြတယ်လေ။

ကျွန်တော့်ရင်ထဲ အေးမြသွားတယ်။

အဘိုးအဘွားတွေ ဒီနေရာလေးမှာ လမ်းလျှောက်ဖို့၊ တရားမှတ်ဖို့၊ ပူပြင်းတဲ့အခါ ဒီနေရာလေးမှာ အနားယူဖို့၊ ငါရှင်းပေးမှဖြစ်မယ်။ အမှန်ဆို ရွာလူကြီး ခေါ်စရာမလို ကိုယ့်အသိစိတ်နဲ့ ကိုယ်လာရှင်းရမှာ။ ဒီအတွေးလေးနဲ့ ကျွန်တော့်စိတ်ထားကို ကျွန်တော်ပြောင်းလဲပစ်နိုင်ခဲ့လို့ ခွန်အားတွေပြည့်လာတယ်။ ကျွန်တော်ခွန်အားအပြည့်နဲ့ မြက်ရှင်းမြက်သယ် အငုတ်တောင်မကျန်အောင် ကျွန်တော်ရှင်းတယ်။ မမောပါ။ လုံးဝမမောပါ။ ကျွန်တော်ရှင်းလိုက်တဲ့ ဒီနေရာလေးမှာ အဘိုးအဘွားတွေ လမ်းလျှောက်မှာဆိုတဲ့ အတွေးလေးက ရင်ထဲအတိုင်းမသိပီတိဖြစ်ခဲ့တယ်။

ဘယ်သူမှမရှိရင်လည်း ကျွန်တော်တစ်ယောက်တည်းရှင်းဖို့ ခွန်အားတွေ အလုံအလောက်ရှိနေပါပြီ။ စိတ်ထဲမှာလည်း အေးချမ်းခဲ့ပါပြီ။

အားလုံးရှင်းပြီးတဲ့နောက် ကျွန်တော်တို့လုပ်အားပေးအဖွဲ့ ပြန်ကြတယ်။ ရှင်းခဲ့တဲ့နေရာလေးကို ကြည့်ပြီး ကျေနပ်စွာ ကျွန်တော်ပြုံးမိပါတယ်။

နောက်ရက်မှာ ဘိုးဘွားရိပ်သာဘက် ရောက်လို့ ကျွန်တော်တို့မြက်ရှင်းခဲ့တဲ့ နေရာကိုကြည့်မိတယ်။ အဘိုးအဘွားတွေ ပုတီးလေးတွေကိုင်လို့ လမ်းလျှောက်ရင်း ပုတီးစိတ်နေကြတယ်။ တချို့က အပင်ကြီးအောက်မှာ ထိုင်လို့ တရားမှတ်နေကြလေရဲ့။ ရင်ထဲဖော်မပြတတ်အောင် ပီတိဖြစ်ခဲ့ရတယ်။ မြက်ရှင်းတဲ့နေ့ကသာ ကျွန်တော့်စိတ်ကို မပြောင်းလဲနိုင်ခဲ့ရင် ဒီနေ့မြင်ကွင်းဟာ ပူလောင်နေမှာ အမှန်ပါ။

## ဆရာစိတ်

နေခြည်မဖြာ ကျီးမသာလည်း
ပေးလာနှင်းအပ် တာဝန်မြတ်ကို
ဆတက်ထမ်းပိုး သူ့သယ်ပိုးရင်း
ကိုယ်ကျိုးစွန့်နေ ဆရာတွေကား
ပင်စင်နားမှ သူ "နား" ခြင်းသည်
မအား၏လော အား၏လော။ ။

ပင်စင်မသွား ကာလများဝယ်
စိတ်အားထက်သန် ဇွဲစိတ်မာန်ဖြင့်
ချိန်မှန်ပေးဆပ် သွန်သင်အပ်သည့်
မွန်မြတ်စိတ်ထား လေးစားခြင်းသည်
မများ၏လော များ၏လော။ ။

လေးစားမွန်မြတ် ထိုစိတ်ဓာတ်ကို
သိတတ်သူများ တပည့်သားနှင့်
လိုလားအကျိုး စဉ်သယ်ပိုးသည့်
ရပ်ကျိုးရွာဆောင် ထိုလူ့ဘောင်မှ
မြားမြောင်ကိစ္စ အဝဝကို
ဖေးမကူညီ မျှယူခြင်းသည်
မထား၏လော ထား၏လော။ ။

မောင်စည်သူ(အဖျောက်)

## နွေအလှ

ဂိမှာန်နွေ လေရူးကပွေ၊
ဝန်းကျင်တစ်လျှောက်
ရွက်ခြောက်တို့ ပြည့်အောင်ကြွေ၊
တောတောင်ငယ်တစ်ထွေ မြူဝေအမြဲ၊
တို့၏အညာ လွမ်းလောက်စွာ၊
အပူမှာ ဆင့်၍ကဲပါလို့လေး။
ရင်းထောင်စွဲလျက် ရင်းဆွဲ,ကလိုင်၊
ဓားသွားထက်ဖြင့် ထန်းလက်ခုတ်လို့ချိုင်၊
ကလိုင်ပေါ်ထိုင် ထန်း,စ,ကိုင်ရင်း၊
ဓားစူးဖြင့်ပင် ထန်းကိုပြင်၊
အားအင်အပြည့် တင်းပါလို့လေး။
တစ်ပင်ဆင်းလျှင် တဲတွင်းဝင်ကာ၊
ရေမှုတ်အပြည့် ခပ်ထည့်ခါးရည်သာ၊
အမြည်းရယ်ဗလာ မျက်နှာမပျက်၊
နှုတ်ခမ်းနစ်လျှာ လျှာဖြင့်သာ၊
ခါခါပွတ်သပ် လျက်သည်နှင့်လေး။
ဘုန်းတော်ကြီးလက် အုန်းမောင်းနက်လျှင်၊
ညနေ,နံနက် ထန်းတက်ဖို့ပြင်ဆင်၊
ဒယ်အိုးကိုပင် မီးတင်လို့ထား၊
ထန်းလက်ခြောက်သာ ရွက်လို့လာ
မဒီကညာ ဇနီးမယားရယ်နှင့်လေး။
အနီးနားသာ သိပ်ကာလေချော့သည်။
သမီးသားမှာ အိပ်ရှာချေရော့မည်။ ။

(တျာချင်း)
မောင်လွယ်အိတ်

ဝတ္ထုတို

# အဆိပ်တို့ဖြင့် စီရင်အပ်သောအခါ

## မောင်ငြိမ်းချမ်း (ခရမ်းမြေ)

( ၁ )

"အေ့. . . အေ့. . . ရှေ့ကဘယ်သူလဲကွ။ ငါ့ရှေ့ကနေဖယ်စမ်း။ ဘယ်သူမှ ဂရုမစိုက်ဘူးဟေ့" ပွစိပွစိနဲ့ စိန်ခေါ်စကားတွေပြောဆိုပြီး ရွာလယ်လမ်းအတိုင်း ယိမ်းထိုးကာ ဦးနုတစ်ယောက် လျှောက်လှမ်းလာနေသည်။ အသက်ကကြီးနေပြီ။ အသိတရားကင်းမဲ့ကာ ခုချိန်ထိ မိုက်မဲနေတုန်း။ ဦးနု၏ဇနီး ဒေါ်မြနှင့် သမီးဖြစ်သူ မခိုင်အေးတို့မှာ နေ့စဉ်နေ့တိုင်း မျက်ရည်ပင်လယ်ဝေရရှာသည်။ ဆိုင်ကနေသောက်ပြီး အိမ်ပြန်ရောက်လာလျှင် အသာမနေ။ စကားတွေ အပ်ကြောင်းထပ်အောင်ပြောပြီး ပြဿနာရှာတော့သည်။ ဇနီးနှင့်သမီးပျိုလေးမှာတော့ ဦးနု ညှဉ်းဆဲသမျှ ခေါင်းငုံ့ခံရရှာပေသည် ။

"ဟေ့ မြ ငါပြန်လာပြီ။ ဘာချက်ထားလဲ။ ဗိုက်ဆာနေပြီ။ မြန်မြန်ထမင်းဝိုင်းပြင်တော့"

ယောကျ်ားဖြစ်သူကို ကြောက်ရှာသော မမြမှာ

"အရံသင့်ပါ ကိုနုရေ။ တော်ပြန်လာရင် အသင့်စားလို့ရအောင် ခူးခပ်ထားပြီးသားပါရှင်"

ဒါလောက်နဲ့ ဦးနုတို့ကပြီးမသွား။

"မြ မင်းသမီးဘယ်ရောက်နေလဲ"

"တော့်သမီးရှိပ့ါ။ မီးဖိုထဲမှာ ရေနွေးကျိုခိုင်းထားတယ်"

"မိအေး. . . မိအေး"

စိတ်မရှည်တဲ့ပုံဖြင့် အော်ခေါ်နေသော အဖေ့အသံကို မိအေးကြားတယ်ဆို

"ရှင် အဖေ ဘာခိုင်းမလို့လဲ"

"ရှင်ကိုထားပြီး လာစမ်းအမြန်။ ရေတစ်ခွက်ခပ်ပေးထား။ လက်ကျန်လေးပါလာလို့ ထမင်းမစားခင် ဖြတ်လိုက်ဦးမယ်"

"အဖေရယ် တော်ပါတော့နော်။ ခုလည်းသောက်တာများ. . . "

မိအေးစကားရှေ့ဆက်မရ။

"တိတ်စမ်း မိအေး။ နင်ကအဖေလား ငါကအဖေလား။ ငါ့ကို ဆရာလာမလုပ်နဲ့ ခပ်ဆို ခုခပ်လိုက်ပေ့ါ။ လျှာကိုရှည်တယ်"

အဖေပြောလိုက်သော စကားကြမ်းကြမ်းများကြောင့် မိအေး မျက်ရည်ဝဲလာတယ်။ သူများအဖေတွေလို ကြင်နာယုယမှုမျိုး မိအေးလိုချင်တာပေ့ါ။ အဖေ့ဆီက မေတ္တာအကြင်နာတွေကို မိအေးလူမှန်းသိစအရွယ်ကတည်းက မရရှိခဲ့တာ ခုဆို မိအေးအသက် နှစ်ဆယ်ကျော်နေပြီ။ အဖေ့ဆီက ဟိန်းဟောက် ခြိမ်းခြောက်မှုတွေသာရရှိခဲ့တာမို့ မိအေးအတွက် မျက်ရည်ကျတာ သိပ်တော့မဆန်းပေ။ မိအေးဘဝနဲ့ မိအေးကံပဲရှိပါစေတော့လေ။

မိအေး အမေ့ကိုသာ အလွန်သနားနေမိသည်။ တစ်ရွာဝင်တစ်ရွာထွက် ဈေးလည်ရောင်းရသော အမေ့ဝင်ငွေလေးက မိသားစုစားသောက်ဖို့တောင်အနိုင်နိုင်ပါ။ သည်ကြားထဲ အဖေ့အတွက် အရက်ဖိုးတစ်နေ့ ငါးရာပုံမှန်ပေးရတယ်။ မိအေးလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေလေးလည်းရ အိမ်စရိတ်လေးလည်း ခုမိအောင်ဆိုပြီး ခနိထိုးတယ်။ ခနိထိုးတာလည်း တစ်နေ့မှ တစ်ထောင့်ငါးရာပဲရတာ။ ဘယ်လိုမှ အဆင်မပြေ။ တွေးနေရင်စိတ်ညစ်ရတာပဲ အဖတ်တင်မည်။

"ခေါ်. . . ခေါ်. . . ဂရှူး. . . ခေါ်. . . "

အဖေ့ဆီက ဟောက်သံကြားမှ မိအေးတွေးနေရာက သတိဝင်လာသည်။ မိအေးတွေးနေတာ အတော်ကြာသွားတယ်ထင်ပါရဲ့။ အဖေတောင် လက်ကျန်ဖြတ် ထမင်းစားပြီးလို့ အိပ်မောကျနေပြီ။

မိအေး အဖေ့နားကိုကပ်ပြီး နဖူးလေးကို ဖွဖွနမ်းလိုက်တယ်။ အိပ်နေတာက အပူအပင်ကင်းပြီး အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်လိုပါပဲလား အဖေရယ်ဟု မိအေးရင်ထဲက ပြောလိုက်မိသည်။

( ၂ )

မမြတစ်ယောက် မနက်ခင်းဈေးက ခါတိုင်းထက် အရောင်းသွက်၍ အိမ်ကိုစောစောပြန်ရ၏။ ဈေးဗန်းလေး ခေါင်းပေါ်က ချ။ အိမ်ရှေ့ ရေကပျဉ်လေးမှာ ထိုင်လိုက်ပြီး

"သမီးရေ အမေ့ကို ရေအေးလေးတစ်ခွက်လောက်"

"ဟုတ်ကဲ့ အမေ"

ခနိထိုးသွားရန်ပြင်ပြီးဖြစ်နေသော သမီးက ရေတစ်ခွက်ခပ်ပေးပြီး

"အမေ သမီး ခနိရုံသွားတော့မယ်နော်။ ကန်စွန်းရွက်လေး ကြော်ထားတယ်အမေ။ ပူပူနွေးနွေးလေးမို့ အမောပြေတာနဲ့ စားလိုက်နော် အမေ"

မမြ သမီးဖြစ်သူကိုကြည့်ကာ ပီတိဖြစ်ရသည်။ သမီးလေးတစ်ယောက်သာ မွေးနိုင်ခဲ့သော်လည်း အားကိုးရသော သမီးလေးမို့ ကျေနပ်နေမိသည်။

သမီးမှာခဲ့တဲ့အတိုင်း ခဏအနားယူပြီး သမီးလက်ရာ ကန်စွန်းရွက်ကြော်လေးနဲ့ ထမင်းစားနေစဉ်

"မြ ဟေ့ အနာမ ငါနဲ့တွေ့မယ်။ ဟေ့မြ ဘယ်ရောက်နေလဲ။ ငါ့ကို အမူးသမားဆိုပြီး ဘာမှမသိဘူးထင်နေတာလား"

အိမ်ရှေ့ဆီမှလွင့်ပျံ့လာတဲ့ ကိုနုရဲ့ ဆိုးဆိုးရွားရွား စကားတွေက နားမခံသာ။ ဘာတွေဒေါသဖြစ်လာသည်မသိ။ ခါတိုင်း ဒီအချိန်အိမ်ပြန်မလာ၍ မမြစိတ်ပူကာ အိမ်ရှေ့ပြေးထွက်လိုက်၏။

"ဖြောင်း. . . "

ဘယ်လိုမှ ထင်မှတ်မထား။ ပါးပြင်တစ်ခုလုံး ကျိန်းစပ်သွားရ၏။ မီးတောက်နေသောမျက်လုံးတွေနဲ့ စိုက်ကြည့်နေပြီး ကိုနုရဲ့လက်ဝါးက နောက်တစ်ကြိမ်ပါးပြင်ပေါ်ရောက်လာတယ်ဆို

"ဘာလို့ ကျွန်မပါးကို ရိုက်ရတာလဲတော်"

"တော်စမ်း ဘာခုမှမသိဟန်ဆောင်နေတာလဲ"

"ကျွန်မ. . . ကျွန်မ တကယ်ကို ဘာမှမသိတာပါ ကိုနုရယ်"

နာကျင်ဝမ်းနည်းရ၍ ပြောလည်းပြောငိုလည်းငိုသည်။

"ဘာမသိတာလဲ။ မင်း နောက်အငယ်ထားနေတယ်ဆို။ ငါ့ကိုပြောတဲ့သူရှိတယ်။ မင်းဘာမှမငြင်းနဲ့"

"အို. . . ကိုနုရယ် ဘယ်လိုစကားမျိုးပြောလိုက်တာလဲရှင်။ ကျွန်မ နားရှက်လိုက်တာရှင်။ ရှင်ထင်သလိုမဟုတ်ရပါဘူး ကိုနုရယ်"

အရက်ဝိုင်းက မူးကြောင်ရူးကြောင်သွေးထိုးစကားတွေကို ယုံကြည်နေတာလား ကိုနုရယ်။ ကိုနုစကားတွေကြောင့် မမြရင်မှာသောကဗျာပါဒမီးတွေ တောက်လောင်ရခြေပြီ။ ဝုန်းဒိုင်းကြဲပြီး ကိုနု အပြင်ပြန်ထွက်သွားမှ ချုံးပွဲချငိုလိုက်တော့တယ်။

သမီးလေး အိမ်မှာရှိမနေချိန်မို့ တော်ပါသေးရဲ့။ ကိုနုရဲ့ စွပ်စွဲစကားတွေ သမီးသာကြားသွားရင် သူ့ကို တစ်မျိုးထင်သွားနိုင်တယ်။ အို. . . ရှေ့ဆက်မတွေးရဲအောင်ပါပဲ။ အရက်သောက်များပြီး မှားသည်မှန်သည် မပိုင်းခြားနိုင်တော့ပေ။ ကြောင်တောင်တောင်ဖြစ်နေတာမို့ စဉ်းစားဆင်ခြင်ဉာဏ်တွေလည်း ပျောက်ဆုံးနေလေပြီ။

( ၃ )

"သမီးရေ ဘယ်အချိန်ရှိပြီလဲ။ ညည်းအဖေလည်း ပြန်မလာသေးပါလား"

ခါတိုင်း ညနေစောင်းရင် ပြန်ရောက်နေကျပါ။ ည ခုနစ်နာရီပဲ ထိုးနေပြီ။

ယောကျ်ားဖြစ်သူပြန်ရောက်မလာသေး၍ စိုးရိမ်နေသည်။

"သမီး အိမ်မှာစောင့်နေခဲ့ဦး။ သမီးအဖေနောက်ကို အမေလိုက်သွားဦးမယ်"

အဖေ ဘယ်လောက်ရစ်ရစ်၊ အနိုင်ကျင့်ကျင့် အဖေ့ကိုမမုန်းနိုင်သော အမေ့မှာ အဖေ့နောက် လိုက်ဖို့ပြင်နေ၍



"အိမ်မှာစောင့်နေပါအမေရယ်။ သမီးပဲ အဖေ့ကို သွားရှာလိုက်ပါ့မယ်"

"အို. . . မရှာရပါဘူး။ သမီးကိုပါ ထပ်ပူနေရပါဦးမယ်။ အိမ်မှာပဲနေရစ်ခဲ့။ အမေအမြန်သွားရှာလိုက်မယ်"

ပြောပြောဆိုဆို လက်နှိပ်ဓာတ်မီးလေးဆွဲကာ အမေထွက်သွား၏။ မျက်ရည်လွယ်သော မိအေးတစ်ယောက် အဖေ့ကိုရှာရန်ထွက်သွားသော အမေ့ကျောပြင်လေးကိုကြည့်ကာ မျက်ရည်ဝဲရတော့သည်။

မမြခြေလှမ်းတွေ သွက်နေသည်။ ဦးတည်လှမ်းနေသည်က ရွာမြောက်ဖျားၗရှိသော ကိုထွန်း အရက်ဖြူဆိုင်သို့ပါ။ ဆိုင်ရောက်တယ်ဆို

"မောင်ထွန်းရေ မင်းဦးလေးတွေ့မိသေးလား။ မနက်ကတည်းက ထွက်သွားတာ ခုထိအိမ်ပြန်မလာသေးလို့ အဒေါ်စိတ်ပူပြီး လိုက်ရှာနေတာ"

ပြောဆိုရင်း အနီးရှိရေအိုးစင်ကနေ ရေတစ်ခွက် ခပ်သောက်လိုက်သည်။

"အစောကတော့ ဆိုင်မှာလာသောက်သွားသေးတယ်။ ဒီကနေ ထပြန်သွားတာ သိပ်မကြာသေးဘူး။ တော်တော်လည်း မူးနေတယ် ဒေါ်လေး"

မောင်ထွန်းစကားကြောင့် စိတ်ပိုပူသွားတယ်။ မနက်ကတည်းက သူ့ကို အထင်လွဲစိတ်ဆိုးပြီး ထွက်သွားတာမဟုတ်လား။

လိုက်ရှာနေတာ အတော်နှံ့စပ်နေပြီ။ အရိပ်အရောင်တောင်မတွေ့။ သောက်ဖော်သောက်ဖက်အိမ်တွေ သွားမေးတော့လည်း မလာဘူး ပြောကြတယ်။ အိမ်စောင့်ကျန်ခဲ့တဲ့ သမီးဆီ စိတ်ကရောက်ပြန်တော့ စိတ်ပူတာနဲ့ ဆက်မရှာတော့ဘဲ အိမ်ကိုတန်းပြန်ခဲ့တော့တယ်။

အိမ်ခြံစည်းရိုးအဝရောက်တော့ အိမ်ထဲမှ ဆူညံဆူညံအသံကြား၍

"သမီးရေ အိမ်ထဲမှာ ဘယ်သူရောက်နေတာလဲ"

"ဟေ့ကောင်မ ဘယ်လင်ဆီသွားနေတာလဲ။ အိမ်ထဲမှာရောက်နေတာ နင့်လင် နင့်လင်"

အို. . . ကိုနုရဲ့စကားတွေက နားရှက်စရာ။ သူထင်ရာတွေ စွတ်ပြောနေရင် ခက်မည်။ ဘေးမှာ သမီးကရှိနေသည်။

"ကိုနု ရှင်အတော်မူးနေပြီ။ အိပ်ပါတော့နော်။ သမီးရေ အဖေ့ကိုအိပ်ရာခင်းပေးလိုက်ပါကွယ်"

စကားလွှဲချင်၍ သမီးကိုပါ တစ်ဆက်တည်း လှမ်းပြောလိုက်တယ်ဆို

"တယ် ဒီကောင်မ မေးတာမဖြေဘူး။ ထရိုက်လိုက်ရ"

"အမေ့ကို အဲဒီလိုမပြောပါနဲ့။ အဖေကြာနေလို့ စိတ်ပူပြီး အမေလိုက်ရှာနေတာ"

အမေ့ကိုပြောဆိုနေတာ မိအေးမခံနိုင်သဖြင့် ဝင်ပြောလိုက်သည်။

"တော်စမ်း မိအေး။ နင်ဘာမှမသိဘဲ အလိုတူအလိုပါ လုပ်မနေနဲ့။ နှစ်ယောက်လုံး ရိုက်သတ်ပစ်မယ်"

ကျိန်းဝါးမှုတွေနဲ့အတူ မူးပြီး နေရာမှာပင် အိပ်ပျော်သွားတော့၏။ သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး အားရပါးရ ငိုချလိုက်တော့သည်။

( ၄ )

မိအေး အဖေ့ကို သတိထားမိနေတာ သုံးရက်လောက်ရှိပါပြီ။ ဓားရှည်အဟောင်းကြီးကို ဓားသွေးကျောက်နဲ့ သေချာသွေးနေတာ ဓားက အတော်လေးချွန်ထွက်နေပြီ။ "ဘာလုပ်ဖို့ သွေးနေတာလဲ"ဟု သွားမမေးရဲ၍ အသာငြိမ်နေလိုက်သည်။ သည်ရက်ထဲမှာ အဖေခါတိုင်းလိုမဟုတ်။ သိပ်ပြီးမူမမှန်ချင်။

သို့ပေမယ့် ခါတိုင်းလို ရန်သိပ်မရှာတော့၍ မိအေး ကြိတ်ပျော်နေမိသည်။

"အမေ ဒီနေ့ ဈေးရောင်းစောစောသွားလိုက်မယ်။ အလုပ်မသွားခင် သမီး အဖေအတွက် အဆာပြေစားဖို့ လုပ်ပေးထားခဲ့နော် သမီး"

အမေ့ခေါင်းပေါ် ဈေးတောင်းပင့်ပေးနေတုန်း မိအေးကို အမေမှာနေတာပါ။

"ကိုနု ကျွန်မ ဈေးရောင်းသွားပြီနော်"

အဖေ့ဘက်ကိုလှည့်ကာ အမေပြောတော့ အဖေကတုပ်တုပ်မလှုပ်။ သူ့ဓားကြီးကို သွေးမြဲသွေးနေသည်။

မိအေး ဝမ်းနည်းလိုက်တာလေ။ မိအေး ဘာပဲလုပ်ပေးရ လုပ်ပေးရပါ။ အဖေနဲ့ အမေ့ကို အဆင်ပြေစေချင်သည်။ အဖေ့ကို ထမင်းခူးခပ်ကျွေးပြီး မိအေး ခနိရုံထွက်ခဲ့တော့သည်။

ညနေအလုပ်သိမ်းတယ်ဆို မိအေး အိမ်ကို အမြန်ပြန်ခဲ့၏။ အိမ်ရောက်ရင်တော့ အဖေ့ကို သေချာဖျောင်းဖျရမယ်။ မိအေးကို ရိုက်ရင်လည်း ရိုက်ပါစေ၊ အရိုက်ခံလိမ့်မည်။ အမေ့ကို အမြင်စောင်းနေတာ မိအေး စိတ်မချမ်းသာ။ ရင်ထဲကတောက်လောင်နေတဲ့ အပူမီးနှင့်ယှဉ်လျှင် အရိုက်ခံရတာ သက်သာပါမည်။ အတွေးလေးနဲ့လျှောက်လာတာ အိမ်ခြံဝတောင်ရောက်နေပြီ။

"အား. . . "

အိမ်ထဲမှ နာကျင်စွာအော်လိုက်တဲ့ အသံကြောင့် မိအေးအိမ်ထဲကို လှမ်းမျှော်ကြည့်လိုက်တော့

"အို. . . "

အဖေ့လက်ထဲမှာ သွေးတွေစွန်းနေတဲ့ ဓားရှည်ကြီး။ အောက်မှာ တုံးလုံးလေးလဲနေတာက အမေ။

"အမေ. . . အမေ. . . "

မိအေး အမေ့ကိုအော်ခေါ်ကာ အိမ်ထဲပြေးဝင်လိုက်သည်။

"သေစမ်း. . . သေစမ်း. . . အနာမသေစမ်း"

သွေးအိုင်ဘေးလဲနေတဲ့ အမေ့ဘေးကနေ ကြောက်စရာပုံကြီးနှင့် အဖေအော်ပြောနေရာကနေ အမေ့လည်ပင်းထဲစိုက်ဝင်နေတဲ့ ဓားကြီးကို ဆွဲထုတ်လိုက်တယ်ဆို

"အမလေး"

မိအေးတစ်ခွန်းသာ အော်လိုက်နိုင်သည်။ ခန္ဓာကိုယ်တစ်ခုလုံးက အင်အားတွေလျော့နည်းသွားပြီး နေရာမှာတင် ပျော့ခွေကာ လဲကျသွားတော့သည်။

မိအေးသတိပြန်ရတော့ ရွာလူကြီးတွေ အမေ့အလောင်းဘေးမှာ။ အဖေ့ကို မိအေး ကြည့်လိုက်တော့ လက်ထိပ်တန်းလန်းနဲ့ သွေးမရှိတော့တဲ့ ဖြူရော်ရော်မျက်နှာလေးနဲ့ မျက်ရည်ဝဲနေတယ်ထင်ပါရဲ့။ မိအေး အမေ့ဆီတိုးသွားလိုက်တယ်။

"အဟင့်. . . အဟင့်. . . အမေရယ် အဖြစ်ဆိုးလိုက်တာအမေရယ်။ အမေသိပ်ချစ်တဲ့ သမီးကို ထားခဲ့ပြီလားအမေရယ်။ ခဏလောက် သမီးကိုထကြည့်ပါဦးအမေ"

အမေ့လည်ပင်း ပြတ်လုနီးပါးလေးဖြစ်နေတာမို့ မိအေးအဖေ့ကိုစိုက်ကြည့်လိုက်ပြီး

"လုပ်ရက်လိုက်တာအဖေရယ်။ သမီးလေး တစ်ယောက်တည်းကျန်ခဲ့မှာကို အဖေနည်းနည်းလေးမှ တွေးမပူဘူးလား"

မိအေးဘာပြောပြော အဖေ့ဆီက စကားတစ်ခွန်းမှပြန်မလာ။ ကျောက်ရုပ်ကြီးလိုရပ်နေသည်။ ဒါပေမယ့် အဖေ့မျက်ဝန်းက မျက်ရည်တွေကို မိအေးတွေ့ရ၍

"နောင်တရနေတာလားအဖေ။ ခုလိုဖြစ်တာ အဖေ့ကြောင့်။ အဖေအရက်တွေ တအားသောက်လွန်းလို့ မစဉ်းစားမဆင်ခြင်နိုင်တော့တာ"

အခုတော့ မိအေးတို့သားအမိကို အဆိပ်တွေနဲ့ စီရင်လိုက်တာ အဖေသိရဲ့လား အဖေ။ မိအေးရင်ထဲကစကားတွေ အပြင်ကို ထွက်မလာတော့ပါ။

တခြားသောမိသားစုတွေ မိအေးတို့မိသားစုလို မဖြစ်ပါစေနဲ့၊ မကြုံရပါစေနဲ့လို့ မိအေး တောင်းဆုပြုမိတယ် အမေရယ်။

၀၀၀

ဝတ္ထုတို

## စာရိတ္တမွန်နှင့် ဘဝအလှ

ခိုင်ဟေမာန်ဦး (B.Sc. Physics)

ဒီခေါင်းစဉ်လေးနဲ့ပက်သက်ပြီး တစ်ခါကဘာသာပြန်စာအုပ်တစ်အုပ်မှာ ဖတ်ခဲ့ဖူးတဲ့ ဂျပန်ဝတ္ထုတိုလေးတစ်ပုဒ်ကို သွားသတိရမိတယ်။ အကျင့်စာရိတ္တနဲ့ပက်သက်တဲ့ အင်မတန်ကောင်းတဲ့ ဝတ္ထုလေးပေါ့။

ဝတ္ထုလေးကတော့ ဒီလိုပါ။ ညတစ်ညမှာ ရဲအရာရှိတစ်ဦးက အက်စ်(S)အမည်ရှိဆေးရုံမှ ဆေးရုံအုပ်ဆီသို့ ဖုန်းဆက်နေတယ်။ ရဲအရာရှိက ညအချိန်မတော် ဖုန်းဆက်ရတာ အားနာကြောင်း၊ ဆေးရုံအုပ်ကလည်း သူမအိပ်သေးကြောင်း စောစောလေးကမှ အလုပ်တစ်ခုပြီးသွားလို့ အခုအိပ်ဖို့ပြင်နေကြောင်းနှင့် ဖုန်းဆက်ရသည့် အကြောင်းအရင်းကိုလည်း သိချင်ကြောင်းပြန်ပြောတယ်။

ဒီတော့ ရဲအရာရှိက အိမ်တစ်အိမ်မှ ရှေးဟောင်းဒင်္ဂါးတွေကို ဝင်ရောက်ဖောက်ထွင်းသွားတဲ့ တိုင်တန်းမှုတစ်ခု ရဲစခန်းသို့ ရောက်လာကြောင်းပြောပြတယ်။ ဆေးရုံအုပ်က ဒီအမှုသည့်ဆေးရုံနဲ့ မည်သို့ပက်သက်မှုရှိကြောင်း မေးခွန်းထုတ်တော့တာပေါ့။ ထိုအခါရဲအရာရှိက ဝင်ခိုးသွားတဲ့ သူခိုးကို အဲဒီအိမ်က အိမ်စောင့်ခွေးက ကိုက်လိုက်ကြောင်း အဲဒီခွေးမှာ ခွေးရူးရောဂါရှိကြောင်း၊ ဒီအကြောင်းကို သတင်းမှာကြေညာလျှင် သူခိုးက နီးစပ်ရာဆေးရုံဆေးခန်းကို ချက်ချင်းပြေးမှာသေချာကြောင်း၊ ဒါကြောင့် ရှိသမျှဆေးရုံဆေးခန်းကို အချိန်မတော် အကြောင်းကြားပြီး ပူးပေါင်းဆောင်ရွက်ဖို့ အကူအညီတောင်းရခြင်းဖြစ်ကြောင်း အသေးစိတ်ရှင်းပြနေတယ်။ ဆေးရုံအုပ်ကလည်း ပူးပေါင်းဆောက်ရွက်အကြောင်းကြားပေးမည်ဖြစ်ကြောင်း အခုလို ညဉ့်နက်တဲ့အထိ တာဝန်ထမ်းဆောင်နေတဲ့ ရဲအရာရှိတို့ကို လေးစားကြောင်း၊ ဖုန်းဆက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်းပြောပြီး ဖုန်းချလိုက်တယ်။

ထို့နောက် တစ်ယောက်တည်းတိုးတိုးစွာဖြင့် "နိုင်ငံခြားဇာတ်လမ်းတွေကလို သူခိုးကို ထောင်ချောက်ဆင်ဖမ်းတာဖြစ်နိုင်တယ်။ ဘာဖြစ်ဖြစ် သတိဆိုတာ ပိုတယ်လို့မရှိဘူး" ဆိုကာ ဆေးဗီရိုထဲမှ ခွေးရူးကာကွယ်ဆေးကို ဆေးထိုးအပ်ထဲသို့ စုပ်ယူလိုက်တယ်။ ထို့နောက် သူ့ကိုယ်သူ ထိုးလိုက်ပြီး ညကခိုးယူလာခဲ့သော ရှေးဟောင်းဒင်္ဂါးပြားများကိုကြည့်ရင်း ကျေနပ်စွာပြုံးနေတော့တာပေါ့။

ဝတ္ထုလေးကတော့ ဒီလောက်ပါပဲ။ ကဲ ကြည့်ပါဦး။ ဘယ်လောက်တောင် မယုံနိုင်စရာလဲ။ ဆရာဝန် အင်္ဂါရပ်နဲ့မညီတဲ့အလုပ်ကိုလုပ်တာ ရဲတောင်မရိပ်မိဘူး။ ဒါက ယုံတမ်းပုံပြင်သဘောမျိုးဆိုပေမယ့် ဒီလို အဖြစ်အပျက်တွေက အပြင်လောကမှာ မရှိနိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဒီလိုတွေ ဖြစ်ပျက်နေတာက ငယ်စဉ်ကတည်းက အကျင့်စာရိတ္တမကောင်းမွန်ခဲ့လို့ပါ။ လူတစ်ယောက်ရဲ့ ရုပ်ရည်သွင်ပြင်ကိုကြည့်ပြီး အကျင့်ကောင်းသူ၊ မကောင်းသူဟူ၍ ခွဲခြားမရနိုင်ပါ။ ဆင်းရဲ၊ ချမ်းသာ၊ ပညာအရည်အချင်း အဆင့်အတန်းတို့ကိုကြည့်ပြီးလည်း မခွဲခြားနိုင်ဘူးဆိုတာ ဒီဝတ္ထုလေးက သက်သေသာဓကအနေနဲ့ ပြလိုက်တာပဲ။

စာရိတ္တကောင်းမွန်ရန် ငယ်စဉ်ကတည်းက မိဘ၊ ဆရာများက အဓိကသင်ကြားပေးခဲ့ရမယ်။ နှုတ်ဖြင့် သင်ကြားနေရုံ ဆုံးမနေရုံနဲ့မပြီး။ သင်ကြားသူများ ကိုယ်တိုင်က အမူအကျင့်ကောင်းနေဖို့ လိုပါတယ်။

မိဘနှစ်ဦးမှာ အဖေကအရက်ဖိုး ကေတီဗွီက ကောင်မလေးတို့အတွက် ငွေချန်ကာ အမေ့ကိုလစာ လျှော့ပေးမယ်။ အမေကလည်း အလှကုန်ဖိုး၊ အဝတ်အစားဖိုး နှစ်လုံးချဲထီဖိုးချန်ကာ ဈေးဖိုးလိမ်မယ်။ ဒီလို ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ခိုးနေကြတာ တစ်နေ့ပေါ်တော့ ရန်ဖြစ်ကြမယ်၊ ဆဲဆိုကြမယ်ဆိုရင် ကလေးတွေရဲ့စိတ်ထဲမှာ လိမ္မာဖို့ မခိုးမဝှက်ဖို့သင်ပေးတဲ့ အဖေနဲ့ အမေ ကိုယ်တိုင်က ဒီလိုပြုမူနေကြရင် ငါတို့လည်း လုပ်နိုင်တာပဲဆိုပြီး စာရိတ္တပျက်ပြားကြပေလိမ့်မယ်။ ဆုံးမပြန်ရင်လည်း နားဝင်တော့မှာမဟုတ်။ ကိုယ့်ရှုံးကိုယ့်ပြန်ပတ်ကာ အရှက်ကွဲရလိမ့်မယ်။

နောက်တစ်ဦးက ဆရာသမား။

ဆရာကောင်းတပည့် ပန်းကောင်းပန်မယ်ဆိုတဲ့ ဆိုရိုးစကားတောင်ရှိသေးတယ်။ ကလေးတွေ စာရိတ္တကောင်းမွန်ဖို့ ဆရာသမားတွေက အနီးကပ်အချိန်အများဆုံးသင်ပေးရတယ်မဟုတ်လား။ ဒါပေမယ့် ဆရာသမားအချို့က ကျူရှင်တည်းဟူသော ပကာသနဌာနေ တစ်ခုတည်ပြီး စာသင်အရွယ် ကလေးအချင်းချင်းကြား သိမ်ငယ်စိတ်၊ မောက်မာစိတ်ဝင်အောင် ပြုမူရက်စက်ကြတယ်။ တချို့ပုဂ္ဂလိကကျောင်းတွေမှာ လစာလည်း အများကြီးပေးရတဲ့အပြင် သင်ကြားပေးတဲ့ တချို့ဆရာ ဆရာမအများစုက စာမေးပွဲကြီးနီးလျှင် စာသင်ခန်းထဲတွင် ကျက်ရတွက်ရမယ့်စာကို အနည်းငယ်သာ မကြည့်ဖို့ရွေးပေးပြီး ကျန်တာသင်ရိုးကုန်ကြည့်လို့ ဆိုကြတယ်။ ဒါပေမယ့် ကျူရှင်တွင်တော့ ပါမယ့်မေးခွန်း နှစ်စုံကိုသာ ကွက်တိသင်ပေးကြတယ်။ ဒီထက်ရက်စက်တာက သင်ရိုးကုန်ကြည့်ထားတဲ့ ကလေးက မေးခွန်းနှစ်စုံသာကြည့်ထားသော ကျူရှင်ကလေးထက် အမှတ်များနေရင် အကြောင်းမရှိအကြောင်းရှာပြီး အမှတ်လျှော့ကာ ဆုနဲ့လွဲအောင် လုပ်ကြတယ်။ မဆိုစလောက်သော အသပြာအနည်းငယ်အတွက် ဆရာ ဆရာမအင်္ဂါနဲ့ မလိုက်ဖက်အောင် အင်မတန်မှ ရက်စက်ကြမ်းကြုတ်သော အပြုအမူဖြစ်ပါတယ်။ ဒီလိုဆိုတော့ သင်ရိုးကုန်ကြည့်ထားရတဲ့ ကလေးစိတ်ထဲမှာ ပြောမပြတတ်သော မတရားစိတ်၊ သိမ်ငယ်စိတ်၊ ကိုယ့်ကိုယ်ကိုယ်မယုံကြည်စိတ်များဝင်လာကာ ကျူရှင်နေပြီး အချောင်လိုက်ရန် မဟုတ်လည်း စာခိုးချရန်သာ စိတ်ကူးပေတော့မည်။ ဒါက အကျင့်ကောင်းဖို့ ဆုံးမနေတဲ့ ဆရာသမားဆီက ရလိုက်တဲ့ စာရိတ္တပျက်ပြားမှုပေါ့။ ထိုကလေးများက ဆရာဆရာမများ သင်ကြားသော ဆုံးမစကားများကို တစ်ဖက်နားနှင့်နားထောင်ကာ တစ်ဖက်နားမှ ထုတ်ပစ်ကြလိမ့်မည်။ သင်ကြားပေးသော ဆုံးမစာများကိုလည်း စာအုပ်ထဲတွင် ထားပစ်ခဲ့ကြပေလိမ့်မည်။ ဒီလို ကလေးတွေအတွက် ရှေ့လျှောက် အကျင့်စာရိတ္တကောင်းမွန်ဖို့ဆိုတာ လွန်စွာခက်ခဲသွားပေလိမ့်မည်။ ဒီလိုဆိုတော့ နိုင်ငံအတွက် စာရိတ္တမွန်သော သားကောင်းရတနာများ အဘယ်မှာ ရနိုင်ပါအံ့နည်း။

စာရိတ္တဟူသည် လူမှုရေးဘာသာတွင်သာ သင်ကြားရမည့် ဘာသာရပ်မဟုတ်။ တစ်ဘဝလုံးစာအတွက် ရင်ထဲနှလုံးသားထဲ ထည့်ယူမှတ်သားကျင့်သုံးနေမှသာ ဘဝက လှပပေမည်။ ဘဝဟူသည် လူအများအမြင်တွင် လှပနေဖို့မလို၊ ကိုယ့်စိတ်နှလုံးသားထဲတွင်သာ လိပ်ပြာသန့်စွာ လှနေဖို့ပဲ လိုပါတယ်။ ဒီတော့ ဥယျာဉ်မှူးဖြစ်တဲ့ မိဘ ဆရာများကိုယ်တိုင်က စာရိတ္တကောင်းမွန်စွာ စံပြအဖြစ် နေပြပါမှ နောင်လာနောက်သားများကလည်း စာရိတ္တကောင်းမွန်ပြီး လှပသောဘဝများကို ပိုင်ဆိုင်နိုင်ကာ နိုင်ငံကြီးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ။

ဆောင်းပါး

## လူငယ်နှင့် တင်းတိမ်ရောင့်ရဲခြင်း



မောင်မြင့်ဝင်း

မြန်မာလူမျိုးများ၏ နှစ်သက်ဖွယ်ရာများစွာထဲမှ တစ်ခုအပါအဝင်ဖြစ်သော သင်္ကြန်ကာလကြီး ပြီးဆုံးခဲ့ပေပြီ။ သင်္ကြန်တွင်းကာလ လူငယ်များ ရေပက်ဆော့ကစားခဲ့သူများရှိသလို အချို့ကျ တရားစခန်းဝင်ကာ တရားအားထုတ်သူများလည်း ရှိကြလေ၏။ တစ်နှစ်ပတ်လုံး၏ စိတ်အမောများကို ဖြေဖျောက်ရန် ရေကစားကြသည်ဖြစ်စေ၊ တစ်နှစ်ပတ်လုံးပြုလုပ်ခဲ့ကြသည့် လောဘ ဒေါသ မောဟများ ပြေလျော့စေရန် တရားစခန်းများသို့ ဝင်ကြသည်ဖြစ်စေ နှစ်ဟောင်းကုန်ပျောက်ကာ နှစ်သစ်သို့ ရောက်လာခဲ့ကြပေပြီ။

နှစ်သစ်ချိန်ခါရောက်လာချိန်တွင် နှစ်ဟောင်းက ဆိုးမွေများ ချန်ထားရမည်ဖြစ်သလို နှစ်သစ်၌ ဖြစ်ပေါ်မည့် ကောင်းသောအရာများကိုလည်း သတိထားပြီး ကြည့်ရှုတတ်ရပေမည်။

ယခုနှစ်ထူးခြားချက်မှာ သင်္ကြန်မဏ္ဍပ်များ၌ လူငယ်များစွာ မတွေ့ရဘဲ တရားစခန်းများ၌သာ လူငယ်များ အများအပြား တွေ့နေကြရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါသည်။

သင်္ကြန်တွင်း တရားစခန်းများ၌ လူဦးရေ ရာနှင့်ချီကာ တရားအားထုတ်ရာတွင် အလုပ်မလုပ်နိုင်စေဦးတော့ ဆရာတော်များ ဟောကြားသည့် သီလကိုတော့ စောင့်ထိန်းခဲ့ကြသည်။

သီလဟူသည် ကိုယ်နှင့်နှုတ်ကို အပြစ်ကင်းအောင် စောင့်စည်းထိန်းသိမ်းခြင်းကို ခေါ်ပါသည်။ တရားစခန်းများတွင် တရားစခန်းဝင်သည့် လူငယ်များ နိဗ္ဗာန်ရောက်ကြောင်းတရားများဖြစ်သည့် အဆင့်မြင့် ဝိပဿနာတရားအလုပ်များ မလုပ်နိုင်သည်ထား၊ ရိပ်သာတွင်းမှီ့ သီလကိုတော့ စောင့်စည်းထိန်းသိမ်းနိုင်ပါသည်။

သီလစောင့်ထိန်းနိုင်သည့်အတွက် အပြစ်မကင်းသော အပြော၊ အပြစ်မကင်းသော အလုပ်များ မပြောမလုပ်မိသည့်အတွက် သူတစ်ပါးအား နာကျင်မှု မဖြစ်ပေါ်စေနိုင်သလို ကိုယ့်အတွက် အန္တရာယ်လည်းမဖြစ်ပေါ်အောင် ထိန်းသိမ်းနိုင်ပါသည်။

ထိုသို့ ထိန်းသိမ်းနိုင်သည့်အတွက် မိဘများအနေဖြင့် စိတ်ချမ်းသာရသလို ပတ်ဝန်းကျင်အနေဖြင့်လည်း လူယဉ်ကျေးတစ်ဦးအဖြစ် သတ်မှတ်ကြပေမည်။

ထို့ကြောင့် တရားအလုပ်ဟူသည် ငယ်ရွယ်စဉ်အခါဖြစ်၍ မလုပ်ရဘူးဟု သတ်မှတ်ကာ တရားရိပ်သာ၊ ဘုန်းကြီးကျောင်း စသည်တို့ဆီသို့ သွားရောက်ခြင်းမပြုဘဲ မနေသင့်ပါ။ တရားအသိဖြင့် လူ့ဘဝ နေနည်းထိုင်နည်း အမှန်များကို လေ့ကျင့်ရပါမည်။ မိန်းကလေးများ တရားအသိကို အခြေခံပြီး လုပ်သင့်လုပ်ထိုက်သည်များ လုပ်ကိုင်နိုင်ခြင်း၊ ဗုဒ္ဓဘာသာကျင့်ဝတ်များဖြင့် အမျိုးဘာသာသာသနာကို စောင့်ရှောက်ကာကွယ်နိုင်သလို ယောကျ်ားလေးများအနေဖြင့် သောက်စားမူးရစ်ခြင်း ကိလေသာအာရုံများအပေါ် အလွန်အကြူး ခုံမင်နှစ်သက်ခြင်း စသော အကျိုးမဲ့စိတ်များ နည်းပါးလာမည် ဖြစ်ပါသည်။

မြန်မာပြည်၏ ၅၅ ရာခိုင်နှုန်းသည် လူငယ်များဖြစ်ကြသလို တိုင်းပြည်၏ ခွန်အားသည် လူငယ်များအပေါ်၌ များစွာ မူတည်နေပါသည်။ ထို့ကြောင့် လူငယ်များ၏ အတွေးအခေါ် အမူအကျင့်များသည် တစ်နိုင်ငံလုံး၏ အနာဂတ်နှင့် ပတ်သက်ဆက်နွှယ်နေပါသည်။

အနာဂတ်လှပဖို့ လူငယ်များ၏ အတွေးများ ရိုးရှင်းလှပနေဖို့ အထူးအရေးကြီးပါသည်။ ထိုသို့ ရိုးရှင်းသော အတွေးအခေါ် အမူအကျင့်များသည် ဘာသာတရားများအပေါ်၌လည်း မူတည်နေပါသည်။

သို့သော် ဘာသာရေးအပေါ် အလုံးစုံ မှီခိုရမည်ဟုကား မဟုတ်ပါ။ ဘာသာတရားနှင့် ရိုးရှင်းမှန်ကန်သော စိတ်၌ အခြေခံ၍ ခေတ်မီတိုးတက်သော ခေတ်ပညာရပ်များကို လေ့လာကြရမည်ဖြစ်ပါသည်။ ခေတ်မီပညာရပ်များဖြင့် တိုင်းပြည်ကို ခေတ်မီအောင်လည်း လုပ်ကြရပါမည်။ ရှေးယခင်က ကနောင်မင်းသားကြီး ရေမြှုပ်ပုံးတီထွင်သည်ကို မင်းတုန်းမင်းတရားကြီး သိတော်မူ၍ ရေမြှုပ်ပုံးတီထွင်ခြင်းသည် ရေသတ္တဝါများ သေကျေပျက်စီးမည်ဖြစ်၍ သူ့အသက်သတ်ခြင်းဖြစ်သည်ဟု မြင်တော်မူ၍ ရေမြှုပ်ပုံးတီထွင်ခြင်းအား တားမြစ်တော်မူသည်။ ထို့ကြောင့် လုပ်သင့်သည်ကို မလုပ်ခဲ့၍ မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့၏ လက်အောက်၌ ကျရောက်ခဲ့ရဖူးပြီ။

ထို့ကြောင့် အရာအားလုံး ဘာသာရေးဖြင့် ကြည့်ရှု၍ လုပ်ရမည့်အလုပ်များကို မလုပ်ဘဲမနေသင့်။ အခြားတစ်ခုရှိသေး၏။ အချို့လူငယ်များသည် ပျင်းရိခြင်းနှင့် တင်းတိမ်ရောင့်ရဲခြင်းကို ရောထွေးကာ ဖြစ်နေကြတတ်သေးသည်။

"သေရင် ကိုယ့်နောက်ပါတာမှ မဟုတ်တာ။ ဘုရားပေးသလောက်ပေါ့" ဆိုကာ ထုတ်သုံးရမည့် အရည်အချင်းများကို ကုန်စင်အောင် ထုတ်မသုံးဘဲ နေတတ်ကြသေးသည်။ အမှန်မှာ ထိုသို့ မဖြစ်သင့်ပါ။ လူငယ်တစ်ယောက်အနေဖြင့် လုပ်ရမည့်အလုပ်များစွာ ရှိသည်။ သင်ယူရမည့် ပညာရပ်များစွာရှိသည်။ တခြားတိုင်းပြည်၌ရှိသော လူငယ်များနှင့် အစွမ်းကုန်ပြိုင်ဆိုင်ကြရမည်။ ကလေးဘဝက ဖြစ်ချင်သော ဘဝကို ရဲရဲဝံ့ဝံ့ ပြောဆိုဝံ့သလို လူကြီးဘဝ၌လည်း ဖြစ်ချင်သည့် ရည်မှန်းချက်ကို ချမှတ်ကာ တစိုက်မတ်မတ် ဇွဲလုံ့လဖြင့် ကြိုးစားလုပ်ဆောင်ဖို့ အရေးကြီးပါသည်။

ထိုသို့ အလုပ်လုပ်ရာတွင် မည်သည့်အခါမှ မသေသူကဲ့သို့ နှလုံးမူကာ ကြိုးစားဖို့ အထူးလိုအပ်သည်။ ထိုသို့ ကြိုးစားခြင်းသည် မိမိဘဝအနာဂတ် တိုးတက်ဖို့အတွက် ဖြစ်သလို တိုင်းပြည်တိုးတက်ရေးအတွက်လည်း ဖြစ်ပေသည်။ ။

## ကြေးမုံ

ရသငယ် စုံ
ကြေးမုံသည် ပြည်သူ့အတွက်။
နိုင်ငံနှင့် စာပေအကျိုး
သယ်ပိုးထမ်းရွက်။
နှစ်ခြောက်ဆယ် ရတုရက်မှ
လှမ်းလျက် ရှေ့သို့ချီ
ကောင်းမြတ်လှသည်။
အစွန့်ရှည်
တည်ပါစေ ဆုတောင်း။
သတင်း၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းအဖုံဖုံနှင့်
မွှေးပျံ့သည့် စာရဂုံက
ရန့်ထုံ ဘယ်မည်ိုးပေဘု
အဖိုးတန် သုတပွားသမို့
လေးစားစွာ အစဉ်မပြတ်
ဖတ်ရှုသင့်ကြောင်း။ ။

(နှစ် ၆၀-ပြည့်
ကြေးမုံသတင်းစာအား ဂုဏ်ပြုပါသည်။)

**ကိုကြီး(ဆောင်းနှင်းဆီ)**

## နှစ်ဦးအခါ ဆုမွန်လှာ

မာစေ သာစေ . . . ဌာနေတွင်းက
သဟာဆွေရင်း သွေးချင်းတွေ
ဘယာတွေကင်း ဘေးရှင်းစေအောင်
တေးသီချင်းခွေ ဆုမွန်တောင်း။
လန်းကြ ဆန်းမြ ပန်းလှနယ်ပင်
စမ်းတမျှရယ် အေးချမ်းကြစေကြောင်း။
အမှန်ပ ဆန္ဒ ကြံဆရာတွင်
အမြန်ရလာ ချမ်းသာပေါင်း။
သဏ္ဌာန်လှမှာ ကျန်းမာဆောင်းလို့
စန်းဇာတာကောင်း လင်းဖြာပို ။
မေတ္တာ သစ္စာ လှစ်ကာသုံးလို့
ချစ်သဒ္ဒါဖုံး ဆုံးခန်းတိုင်စေလို။
နှစ်တစ်ရာလုံး ပြုံးပန်းချိုကာ
အမုန်းပန်းဆို ရင်မှာမပျိုးပါလို့
အကြင်နာမိုး တိုးပွားလို့စွေရွာ
မျိုးများတို့ပြေ(ပြည်)မှာ။
ရိုးသား ကြိုးစား နိုးကြားကာသာ
အဖိုးများစွာ ထိုက်ကြစေပေါ့လေး။

**မိုးထက်လူ**

